# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်**

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမျှ မငြိမ်းကုန်၊ ရန်တုံ့မမူ သည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘောတစ်ခု ဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာ နေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။ **ယမကဝဂ်(ဓမ္မပဒ-၅)**


၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက် ၂၀၁၉ ခုနှစ်၊ ဩဂုတ် ၈ ရက်၊ ကြာသပတေးနေ့ အတွဲ (၅၈)၊ အမှတ် (၃၁၂)


# အာဆီယံ၏ ညီညွတ်မှု၊ ခိုင်မာမှုသည် ... 

# အာဆီယံ၏ ညှိနှိုင်းအဖြေရှာခြင်းနှင့် တူညီဆန္ဒအပေါ် အခြေခံခြင်းတို့သည် ယနေ့အာဆီယံအဖြစ် တည်ရှိလာအောင် ဆောင်ကြဉ်းပေးနိုင်ရုံသာမက အခြားပြင်ပနိုင်ငံများ၏ ယုံကြည်မှုကိုပါ တည်ဆောက်ပေးနိုင်သည် ဆိုသည်မှာ သံသယဖြစ်ဖွယ်မရှိ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ (၅၂) နှစ်မြောက် အာဆီယံနေ့တွင် ပေးပို့သည့်သဝဏ်လွှာ

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၈ ရက်)

ယနေ့သည် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)၏ (၅၂)နှစ်မြောက် နှစ်ပတ်လည်နေ့ ဖြစ်ပါသည်။ အာဆီယံအသင်းကြီးသည် တည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှု၊ စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ အတူတကွ သာယာဝပြောမှု၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှု စသည်တို့ဖြင့် ပြီးပြည့်စုံသည့် ဒေသကြီးတစ်ခုအတွင်း အတူတကွ ပေါင်းစည်းနေထိုင်ကြရန်နှင့် မိမိတို့၏ ပဓာနကျသည့် အကျိုးစီးပွားများ၊ စံနမူနာကောင်းများနှင့် ရည်မှန်းချက်များကို မြှင့်တင်ကြရန်အတွက် တူညီဆန္ဒအပေါ် အခြေတည် ဖွဲ့စည်းထားသော ဒေသဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ ယခုကဲ့သို့ မင်္ဂလာရှိသည့် အခါသမယတွင် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် ပြည်သူအပေါင်းနှင့် အာဆီယံပြည်သူတစ်ရပ်လုံး ကျန်းမာချမ်းသာကြပါစေကြောင်း နှုတ်ခွန်းဆက်သ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

မိမိတို့ ယနေ့တွေ့မြင်နေရသည့် အာဆီယံအသင်းကြီးသည် လွယ်လွယ်နှင့် ဖြစ်ထွန်းလာခဲ့ခြင်းမဟုတ်သည်ကို အာဆီယံနှစ်ပတ်လည်နေ့ အထိမ်းအမှတ် ကျင်းပသည့် ယခုလိုအချိန်သမယတွင် သတိချပ်ကြရန် လိုအပ်ပါသည်။ အသင်းစတင်ဖွဲ့စည်းစဉ်အချိန်တွင် အောင်မြင်သည့် အဖွဲ့အစည်းတစ်ခုအဖြစ် ရေရှည် ရပ်တည်နိုင်ပါမည်လော၊ ၎င်း၏ရည်မှန်းချက်ပန်းတိုင်များနှင့် ကတိကဝတ်များကို လက်တွေ့ဖော်ဆောင်ပေးနိုင်ပါမည်လောဟု အာဆီယံအပေါ် သံသယများ ရှိခဲ့ကြပါသည်။ သို့သော်လည်း စတင်တည်ထောင်ခဲ့သည့် ၁၉၆၇ ခုနှစ်၊ ဩဂုတ်လ (၈) ရက်နေ့မှ စတင်၍


*စာမျက်နှာ ၃ ကော်လံ ၁* ◆


# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၇**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီး Dr. Khalid Hussain Memon အား ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် ညှော့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဆောင်ရွက်နိုင်မှု အခြေအနေ၊ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စ၊ နှစ်နိုင်ငံကုန်သွယ်မှု ပိုမိုတိုးမြှင့်နိုင်ရန်အတွက် အလားအလာရှာဖွေရေးကိစ္စတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီး Dr. Khalid Hussain Memon အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်




မြန်မာ့အလင်း

# ဆက်လက်လျှောက်လှမ်းရဦးမည်

ဗြိတိသျှကိုလိုနီလက်အောက်၊ ဖက်ဆစ်ဂျပန်လက်အောက်တို့တွင် သူ့ကျွန်ဘဝရောက်ခဲ့ရသော မြန်မာနိုင်ငံသည် လက်နက်ကိုင်တော်လှန်ရေးဥပဒေတွင်း တိုက်ပွဲအဆင့်ဆင့်တို့ကို ဖြတ်သန်းပြီး ၁၉၄၈ တွင် လွတ်လပ်သော နိုင်ငံတော်အဖြစ်ရောက်ခဲ့သည်။ စစ်ဘေးစစ်ဒဏ် နှစ်ကြာရှည်ခံခဲ့ရသော လွတ်လပ်ရေးရခါနီးကာမှ အမျိုးသားခေါင်းဆောင်ကြီးများကို လက်လွတ်ဆုံးရှုံးခဲ့ရသော မြန်မာနိုင်ငံသည် ပါလီမန်ဒီမိုကရေစီစနစ်ကို ထူထောင်ရင်း ကိုယ့်မင်းကိုယ့်ချင်း အမှီခိုကင်းသည့် လွတ်လပ်သော နိုင်ငံအဖြစ်ရပ်တည်နိုင်ရန် ကြိုးပမ်းခဲ့ရသည်။

ချွတ်ခြုံကျနိုင်ငံအဖြစ်မှ တိုးတက်ဖွံ့ဖြိုးသော နိုင်ငံအဖြစ်သို့ အားထုတ်ရင်း နိုင်ငံတကာအလယ်တွင် အတော်အသင့်ထွန်းကားသော နိုင်ငံတစ်ခုအဖြစ် ရပ်တည်လာနိုင်ခဲ့သည်။ အရှေ့တောင်အာရှတွင် ခေါင်းဆောင်မှုပေးနိုင်သော နိုင်ငံတစ်ခုအဖြစ်သို့ပင် ရောက်ခဲ့သည်ဟု ဆိုက မှားအံ့မထင်။

နိုင်ငံတကာနှင့် သက်ဆိုင်သော အကြောင်းကိစ္စများတွင် မြန်မာနိုင်ငံ၏ သဘောထားနှင့် အမြင်တို့က အရေးတယူနားထောင်စရာ ဖြစ်ခဲ့သည်။ တိုးတက်ထွန်းကားပုံ၊ ပညာရေးစနစ် ထင်ရှားပုံတို့မှာလည်း အာရှတစ်လွှား စံပြုစရာဖြစ်ခဲ့ပါသည်။

သည်လို အရှိန်ယူနေချိန်တွင် တော်လှန်ရေးကောင်စီ အာဏာသိမ်းမှုဖြစ်ပွားပြီး ပါလီမန်ဒီမိုကရေစီစနစ် ရပ်ဆိုင်းသွားခဲ့ရသည်။ ပြည်သူတို့ကြားတွင်လည်း လူ့အခွင့်အရေး၊ ဒီမိုကရေစီအခွင့်အရေးတို့ တဖြည်းဖြည်းချင်း ဆုတ်ယုတ်လျော့ပါးကာ ဒီမိုကရေစီမှောင်ကြီးကျမှုဖြစ်ခဲ့ရသည်။

ပြည်သူတို့မှာ မိမိတို့အယူအဆ၊ သဘောထား၊ အတွေးအမြင်တို့ကို ထုတ်ဖော်ခွင့်မရခဲ့ရုံမျှမက ထုတ်ဖော်သည်ဆိုလျှင် ပြင်းပြင်းထန်ထန် အရေးယူအပြစ်ပေးခြင်းဟူသော ထိန်းကွပ်မှုကြီးက ကျပ်တည်းချုပ်နှောင်လွန်းခဲ့သည်။

သည်ကဲ့သို့ လူထု၏ ဒီမိုကရေစီကို ပိန်းပိန်းပိတ်အမှောင်ချထားပြီး အာဏာရှင်တို့၏ ကြီးပွားချမ်းသာမှု၊ ဩဇာအာဏာကြီးမားမှုတို့က အတိုင်းအဆမရှိ ဖြစ်လာခဲ့သည်။

ပြည်သူလူထုမှာ ဆင်းရဲမွဲတေမှုဒဏ်က တစ်မျိုး၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး ဖိနှိပ်ချိုးနှိမ်မှုက တစ်ဖုံ၊ အာဏာရှင်တို့၏ အခွင့်ထူးခံ၊ စည်းစိမ်ခံမှုတို့က တစ်နည်းဖြင့် အထွေထွေမကျေနပ်မှုများက တစ်စထက်တစ်စ ကုန်းရုန်းထလာသည်။

ပြည်သူလူထု၏ ဘဝသည် ရှင်လျက်နှင့်သေသူများကဲ့သို့ ဖြစ်လာသည်။ စစ်ကြောရေးစခန်းများ၊ ရေကြည်အိုင်၊ အင်းစိန်ထောင် စသည်တို့က အနားကပ်ကာ ခြိမ်းခြောက်နေသော ငရဲခန်းများဖြစ်လာသည်။

လွယ်လွယ်ကူကူပင် ငွေစက္ကူများကို တရားမဝင်ကြေညာသည်။ ပျံကျဈေးသည်ကအစ လုပ်ငန်းရှင်များအထိ အားလုံးမျက်လုံးပြူးကာ အသံမထွက်နိုင်တော့။ ရပ်ကွက်တွင်းက ခိုက်ရန်ဖြစ်ပွားမှုတွင် ရပ်ကွက်အာဏာပိုင်တို့က ထင်တိုင်းကြဲသည်။ ဥပဒေကို ထိန်းကွပ်ပေးရမည့်သူများ၊ တရားမျှတမှုအတွက် အားကိုးရမည့်သူများက ဝိုင်းဝန်းလိမ်လည်ကာ လွယ်လွယ်ဖြေရှင်းကြသည်။

မဟုတ်မခံလိုသော၊ အမှန်တရားကို မြတ်နိုးသော ကျောင်းသားလူငယ်တို့က စတင်လှုံ့ဆော်ကာ အာဏာရှင်စနစ်ကို စစ်ကြေညာလိုက်သည်။ အမြို့မြို့အနယ်နယ်တွင် ကြေညာချက်များ ပလူပျံ့ သွားသည်။

အာဏာရှင်စနစ်ကို ဆန့်ကျင်ကြလော့။

ဒီမိုကရေစီရရှိရေး တို့အရေး။

လူထုတစ်ရပ်လုံးက ပါဝင်လာခဲ့သည်။ အမှန်တရားနှင့် မတရားမှုတို့၏ တိုက်ပွဲတွင် ပြည်သူတစ်ရပ်လုံးလိုလို ပါဝင်လာသည်။ မြို့ကြီးများတွင်သာမက အနယ်နယ်အရပ်ရပ် တောင်ပေါ်မြေပြန့် ကျေးလက်တောရွာ တိုင်းရင်းသားလူမျိုးစုအသီးသီးပါဝင်သော အရေးတော်ပုံကြီး ပေါ်ထွန်းလာခဲ့သည်။

ယနေ့ဆိုလျှင် ၈၈၈၈ ပြည်သူ့အုံကြွမှုကြီး ပေါ်ပေါက်ခဲ့သည်မှာ သုံးဆယ့်တစ်နှစ်တင်းတင်းပြည့်ခဲ့ပြီဖြစ်သည်။ ဤသည်က သမိုင်းတွင်သည့်ဖြစ်ရပ်ဖြစ်၏။ မြန်မာနိုင်ငံ၏ မော်ကွန်းပင်ဖြစ်၏။

ယနေ့ ပြည်သူ့အာဏာ တစ်စိတ်တစ်ပိုင်း ရရှိလာခဲ့သည်ဆိုခြင်းက ၈၈ အရေးတော်ပုံ၏ အကျိုးဆက်ဟု ဆိုရမည်ပဲဖြစ်ပါသည်။ သည်အရေးတော်ပုံကြီးက ချမှတ်လိုက်သော ပန်းတိုင်ဆီသို့ကား ယခုထိမရောက်သေးဟု ဆိုရပါမည်။

အချုပ်အခြာအာဏာကို ပြည်သူလူထုကသာ လုံးလုံးလျားလျား ပိုင်ဆိုင်ရရေးဟူသည့် ပန်းတိုင်ဆီသို့ ဆက်လက်လျှောက်လှမ်းကြရဦးမည်။ ရှစ်လေးလုံး ပြည်သူ့အရေးတော်ပုံကြီးက ချမှတ်လိုက်သော ပန်းတိုင်ဆီသို့ ပြည်သူ့အင်အားဖြင့် မရောက်အရောက် ဆက်လက်ချီတက်ကြပါစို့ဟု နှိုးဆော်လိုက်ရပါကြောင်း။ ။

# ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ဆောက်ရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် ဩဂုတ် ၇**

ထာဝရငြိမ်းချမ်းရေး စေတီတော် တည်ဆောက်ရေး ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။





**ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ဆောက်ရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။** သတင်းစဉ်

အစည်းအဝေးတွင် ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ဆောက်ရေး နာယက၊ ဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရာတွင် သာသနာတော်ဆိုင်ရာ ထုံးတမ်းစဉ်လာ မဟာမင်္ဂလာအခမ်းအနား ကိုးမျိုးအနက် အနန္တရာယိက မြေသန့်မဟာမင်္ဂလာ၊ ရတနာပန္နက်တော်တင် တွင်းတော်ဝန်းမင်္ဂလာ၊ ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာ၊ သတ္တဋ္ဌာနမူလဌာပနာတော်သွင်း မဟာမင်္ဂလာအခမ်းအနားနှင့် အလယ်ဌာပနာတော်သွင်းနှင့် အတွင်းစေတီတော် ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနားတို့ကို အောင်မြင်စွာ ကျင်းပခဲ့ပြီးဖြစ်ပါကြောင်း၊ အထက်ဌာပနာတော်သွင်း မဟာမင်္ဂလာ၊ ရွှေထီးတော်တင် မဟာမင်္ဂလာနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာများ အပါအဝင် အောင်ပွဲမင်္ဂလာကုသိုလ်တော် အခမ်းအနားတို့ကို လာမည့် နိုဝင်ဘာ ၁၁ ရက် တန်ဆောင်မုန်းလပြည့်နေ့တွင် သာသနာတော်ဆိုင်ရာ ထုံးတမ်းစဉ်လာနှင့်အညီ ကျင်းပသွားမည်ဟု ရည်မှန်းထားပါကြောင်း။

စေတီတော် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စေတီတော်ဆိုင်ရာ ဗိသုကာကျမ်းများ၊ သာသနာတော်ဆိုင်ရာ ထုံးတမ်းစဉ်လာများနှင့်အညီ ကြည်ညိုသပ္ပါယ်ဖွယ် ဖြစ်အောင် ဆောင်ရွက်ရေး၊ စံချိန်စံညွှန်းများနှင့်အညီ ခိုင်ခံ့မှုရှိစေရေးနှင့် အချိန်မီပြီးစီးရေးတို့ကို အထူးကြပ်မတ်ဆောင်ရွက်ကြစေလိုကြောင်း၊ စေတီတော် တည်ဆောက်ရေး တာဝန်ခံကုမ္ပဏီများအနေဖြင့်လည်း အမှန်တကယ်သုံးစွဲကုန်ကျငွေများကို စနစ်တကျ တွက်ချက်တင်ပြပေးစေလိုပါကြောင်း၊ ခုနစ်ရက်သားသမီးများအလှူငွေဖြင့် ကုသိုလ်ယူ တည်ဆောက်နေခြင်းဖြစ်သည့်အတွက် ပွင့်လင်းမြင်သာမှုရှိရန် လိုအပ်ပါကြောင်းနှင့် စေတီတော်တည်ဆောက်ရာတွင် စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း၊ ထာဝရငြိမ်းချမ်းရေးစေတီတော် အောင်မြင်စွာ တည်ဆောက်နိုင်ရေး သတ်မှတ်ရက်အတွင်း အထက်ဌာပနာတော်သွင်း မဟာမင်္ဂလာ၊ ရွှေထီးတော်တင် မဟာမင်္ဂလာနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားတို့ကို အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေးအတွက် သက်ဆိုင်ရာ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီအသီးသီးက စနစ်တကျ စီစဉ်ဆောင်ရွက်ပေးကြပါရန်နှင့် ယနေ့ကျင်းပသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင်လည်း ဆပ်ကော်မတီများအနေဖြင့် မိမိတို့ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို တင်ပြဆွေးနွေးပေးကြရန် ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးကြည်မင်းက စေတီတော်တည်ထားကိုးကွယ်ရေးနှင့်စပ်လျဉ်း၍ ပြောကြားပြီး သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးက စေတီတော် တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

အစည်းအဝေးသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဒုတိယဝန်ကြီး ဦးကြည်မင်း၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး မင်းနောင်နှင့် ဦးအောင်မြင့်ထွန်း၊ အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံ၊ ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများ၊ စေတီတော်အား တာဝန်ယူ တည်ဆောက်နေသည့် ကုမ္ပဏီတာဝန်ရှိသူများနှင့် ပညာရှင်များ တက်ရောက်ကြသည်။

**သတင်းစဉ်**

## တနင်္သာရီတိုင်းဒေသကြီး၊ ကရင်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်

**နေပြည်တော် ဩဂုတ် ၇**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ရန်ကုန်(ကမ္ဘာအေး)တွင် ၅ ဒသမ ၈၆ လက်မ၊ ရန်ကုန်(မင်္ဂလာဒုံ)တွင် ၅ ဒသမ ၆၇ လက်မ၊ မြောင်းမြမြို့တွင် ၅ ဒသမ ၅၅ လက်မ၊ တောင်ကုတ်မြို့တွင် ၅ ဒသမ ၂၀ လက်မ၊ ဘီးလင်းမြို့တွင် ၅ ဒသမ ၀၀ လက်မ၊ မအူပင်မြို့တွင် ၄ ဒသမ ၉၆ လက်မ၊ ညောင်တုန်းမြို့တွင် ၄ ဒသမ ၉၀ လက်မ၊ ရန်ကုန်(ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်)တွင် ၄ ဒသမ ၈၄ လက်မ၊ ကတိုင်တိတွင် ၄ ဒသမ ၅၆ လက်မ၊ ဖျာပုံမြို့တွင် ၄ ဒသမ ၅၀ လက်မ၊ မှော်ဘီ(စိုက်ပျိုးရေးမိုးလေဝသစခန်း)တွင် ၄ ဒသမ ၄၁ လက်မ၊ ပုသိမ်မြို့တွင် ၄ ဒသမ ၂၆ လက်မ၊ ပိုင်ကျုံမြို့တွင် ၄ ဒသမ ၂၁ လက်မနှင့် ပဲခူးမြို့နှင့် မော်လမြိုင်မြို့တို့တွင် ၄ ဒသမ ၀၂ လက်မတို့ ဖြစ်ကြသည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။ **မိုး/ဇလ**





## ပြင်ဆင်ဖတ်ရှုပါရန်

၇-၈-၂၀၁၉ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ- ၂ ပါ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ အောက်တိုဘာလမှ ဇွန်လအထိ မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန် အခြေအနေ သတင်း၏ ပထမကော်လံ စာကြောင်းရေ ၄ ပါ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၇၇ ဒသမ ၃၈ သန်း (အစား) **အမေရိကန်ဒေါ်လာ ၁၂၇၇ ဒသမ ၄၈ သန်း** ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**စာတည်းအဖွဲ့**

**“ယနေ့ မိမိတို့ရရှိပိုင်ဆိုင်ထားသည့် အောင်မြင်မှုရလဒ်များကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန်အတွက် (၃၄) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၌ အာဆီယံခေါင်းဆောင်များက အာဆီယံအသိုက်အဝန်း တည်ထောင်ရေးလုပ်ငန်းစဉ်များတွင် အာဆီယံ၏ အရေးပါ အခရာကျမှု၊ စည်းလုံးညီညွတ်မှုနှင့် ပြင်ပမိတ်ဖက်များနှင့် ထိတွေ့ဆောင်ရွက်ခြင်းကို ဆက်လက်ထိန်းသိမ်းမှုတို့၏ အရေးပါပုံကို ထပ်လောင်းအတည်ပြုခဲ့သည့်အပြင် ကဏ္ဍပေါင်းစုံတွင် စဉ်ဆက်မပြတ် တည်တံ့ခိုင်မြဲမှုရှိစေရေးအတွက် “စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးမိတ်ဖက်ပြုမှုဆိုင်ရာ အာဆီယံခေါင်းဆောင်များ၏ မျှော်မှန်းချက်” တစ်ရပ်ကိုလည်း ထုတ်ပြန်ကြေညာခဲ့”**

◆ *ရှေ့ဖုံးမှ*

အာဆီယံအသင်းကြီးသည် စည်းမျဉ်းကို အခြေခံသည့် ဒေသဆိုင်ရာ အဖွဲ့အစည်းတစ်ခုအဖြစ် အောင်အောင်မြင်မြင် ပြောင်းလဲလာနိုင်ခဲ့သကဲ့သို့ အာဆီယံပဋိညာဉ်စာတမ်းတွင် ပြဋ္ဌာန်းထားသည့် ရည်မှန်းချက်များ၊ မူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ ရပ်တည်နိုင်ခဲ့သည်ကိုလည်း ထင်ရှားစွာ တွေ့မြင်ရမည်ဖြစ်ပါသည်။ အာဆီယံမဏ္ဍိုင်ကြီးသုံးရပ်၏ စုပေါင်းအင်အားသည်လည်း အာဆီယံကို နိုင်ငံရေးအရ သဟဇာတဖြစ်ပြီး စီးပွားရေးအရ ပေါင်းစည်းကာ လူမှုရေးအရ တာဝန်ယူမှုရှိသည့် ပြည်သူကိုဗဟိုပြု၊ ပြည်သူကိုမျက်နှာမူသော အသိုက်အဝန်းတစ်ရပ်အဖြစ် ပေါ်ထွန်းလာရေးကို ထပ်လောင်းအားဖြည့်ပေးလျက်ရှိပါသည်။

ယနေ့အာဆီယံသည် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင်တည်ထောင်ခဲ့သည့် အာဆီယံအသိုက်အဝန်းကြီးကို ပြည့်ဝစွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ဦးတည်လျှောက်လှမ်းလျက်ရှိပါသည်။ ထိုသို့ ဦးတည်လျှောက်လှမ်းရာတွင် အမြဲတမ်းဖြစ်ပေါ်ပြောင်းလဲနေသည့် ဒေသတွင်းအနေအထား၌ အာဆီယံ၏ အရေးပါ အခရာကျမှုနှင့် စည်းလုံးညီညွတ်မှုတို့ကို ဆက်လက်ထိန်းသိမ်းလျက် အာဆီယံဆွေးနွေးဖက်နိုင်ငံများအပြင် ပါဝင်ပတ်သက်သူအားလုံးနှင့် ထိထိရောက်ရောက်ပူးပေါင်းဆောင်ရွက်သွားရန် မိမိတို့အနေဖြင့် ကတိကဝတ်ပြုထားပါသည်။ ထိုကိစ္စနှင့်ပတ်သက်၍ ကဏ္ဍအသီးသီးတွင် ရလဒ်ကောင်းများ အထင်အရှားတွေ့မြင်နေရသည့်အတွက်လည်း နှစ်ထောင်းအားရ ဖြစ်မိပါသည်။ အာဆီယံ၏ ညှိနှိုင်းအဖြေရှာခြင်းနှင့် တူညီဆန္ဒအပေါ် အခြေခံခြင်းတို့သည် ယနေ့အာဆီယံအဖြစ် တည်ရှိလာအောင် ဆောင်ကြဉ်းပေးနိုင်ရုံသာမက အခြားပြင်ပနိုင်ငံများ၏ ယုံကြည်မှုကိုပါ တည်ဆောက်ပေးနိုင်သည် ဆိုသည်မှာ သံသယဖြစ်ဖွယ်မရှိကြောင်း ပြောကြားလိုပါသည်။ အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများ၏ ဆက်ဆံရေးကို ကြည့်မည်ဆိုလျှင် ဆွေးနွေးဖက် နိုင်ငံအများစုနှင့် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး အဆင့်သို့ တိုးမြှင့်နိုင်ခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ပါသည်။ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးသည် အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ ဖော်ဆောင်ရာတွင် မိမိတို့အကြား ပိုမိုနီးကပ်စေမည်ဟု ယုံကြည်ပါသည်။

အရှေ့တောင်အာရှချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ် (TAC) သည်လည်း ဒေသတွင်းရှိ နိုင်ငံများအချင်းချင်း ထိတွေ့ဆက်ဆံရေးကို များစွာ အထောက်အကူ ဖြစ်စေပါသည်။ TAC တွင် ပါဝင်လက်မှတ်ရေးထိုးသည့် နိုင်ငံ အရေအတွက် တိုးတက်များပြားလာခြင်းသည်လည်း နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် အာဆီယံနှင့်ထိတွေ့ဆက်ဆံရန် ပိုမိုစိတ်အားထက်သန်ကြသည်ကို ထင်ဟပ်ပြသနေခြင်းဖြစ်ပါသည်။ အာဆီယံမဟုတ်သည့် တတိယနိုင်ငံများနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများတွင် ထူထောင်ထားသည့် အာဆီယံကော်မတီများ၊ အာဆီယံဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်များနှင့် အာဆီယံအဖွဲ့ဝင်မဟုတ်သည့် နိုင်ငံများမှ အာဆီယံဆိုင်ရာ သံအမတ်ကြီးများအနေဖြင့် အာဆီယံနှင့်ပြင်ပကမ္ဘာအကြား ပေါင်းကူးဆက်ဆံရေးတွင် နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်ကြရန်လည်း တိုက်တွန်းလိုပါသည်။

တစ်ဖက်တွင်လည်း အာဆီယံအနေဖြင့် စီးပွားရေးပေါင်းစည်းမှု ပိုမိုအားကောင်းရေးအတွက် အလေးအနက်ထားလျက်ရှိရာ အာဆီယံစီးပွားရေးအသိုက်အဝန်း ၂၀၂၅ မျှော်မှန်းချက်နှင့် ၂၀၃၀ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ ပြည့်ဝစွာရရှိရေးတို့အတွက် ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတကာကုန်သွယ်ရေး ပြန်လည်ဦးမော့လာစေရေးနှင့် အာဆီယံစီးပွားရေး တောင့်တင်းခိုင်မာမှု ပိုမိုအားကောင်းလာစေရေးအတွက် ဒေသတွင်းစီးပွားရေးမိတ်ဖက်ပြုမှုအစီအစဉ် (RCEP) နှင့် စပ်လျဉ်းသည့် ညှိနှိုင်းဆွေးနွေးမှုများကိုလည်း ယခုနှစ်အတွင်း အပြီးသတ်ဆောင်ရွက်နိုင်ရန် မျှော်လင့်ပါသည်။

အလားတူ အာဆီယံအဆင့်မြင့် မြို့တော်များကွန်ရက် အောင်မြင်ဖြစ်ထွန်းသည်ကိုလည်း မြင်တွေ့လိုပါသည်။ မြို့တော်များအပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံအသီးသီးရှိ မြို့ကြီး (၂၂)မြို့(၃) မြို့စီတို့သည် ခေတ်မီ၍ ရေရှည်ခိုင်မြဲသည့် မြို့ပြများဖွံ့ဖြိုးတိုးတက်ရေးအတွက် အတူတကွ ပူးပေါင်းဆောင်ရွက်ကြသည့် နေရာတစ်ခုဖြစ်လာရန် အာဆီယံ အဆင့်မြင့်မြို့တော်များ ကွန်ရက်ကို ထူထောင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။ ၎င်း၏ အဓိကရည်ရွယ်ချက်မှာ နည်းပညာကို အဓိကမောင်းနှင်အားအဖြစ် အသုံးချပြီး အာဆီယံပြည်သူအားလုံး၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက်ဖြစ်ပါသည်။ ထို့ကြောင့် အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် အလားအလာကောင်းများကို အတူတကွ ရှာဖွေဖော်ထုတ်ရာတွင်လည်းကောင်း၊ အလေ့အကျင့်ကောင်းများ အချင်းချင်းမျှဝေရာတွင် လည်းကောင်း၊ အဆင့်မြင့် မြို့တော်များဖွံ့ဖြိုးရေးအတွက် သီးခြားလုပ်ငန်းစဉ်များ ချမှတ်ရေးနှင့် အာဆီယံအတွက် ထူးခြားကောင်းမွန်သည့် အဆင့်မြင့်မြို့တော်များ ပေါ်ထွန်းရေးအတွက် မူဘောင်များရေးဆွဲရာတွင် လည်းကောင်း၊ အာဆီယံအတွင်းရှိ အဆင့်မြင့်မြို့တော်များအကြား ကွန်ရက်ချိတ်ဆက်ခြင်းက အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေနှင့် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့များကို အာဆီယံအဆင့်မြင့်မြို့တော်များ ကွန်ရက်အဖွဲ့ဝင် မြို့များအဖြစ် သတ်မှတ်ထားပြီး ဖြစ်ပါသည်။

အခြားအရေးပါသည့် ကဏ္ဍတစ်ခုမှာ ၂၀၁၉ ခုနှစ်ကို အာဆီယံ ယဉ်ကျေးမှုနှစ်အဖြစ် သတ်မှတ်ထားခြင်းဖြစ်ပါသည်။ အာဆီယံနိုင်ငံအချင်းချင်းကြားတွင်လည်းကောင်း၊ အခြားသောကမ္ဘာ့နိုင်ငံများနှင့်လည်းကောင်း ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်များမှတစ်ဆင့် အာဆီယံ၏ယဉ်ကျေးမှုနှင့် ရှေးဟောင်းအမွေအနှစ်များကို ကမ္ဘာသိအောင် တင်ပြခြင်းဖြင့် အာဆီယံ၏ စည်းလုံးမှုအသံကို မြှင့်တင်ပေးရန် ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်လည်း အာဆီယံ အစားအစာပွဲတော်၊ ဈေးရောင်းပွဲတော်၊ အစရှိသည့် အခမ်းအနားများကို မန္တလေးနှင့် ရန်ကုန်မြို့များတွင် အသီးသီး ကျင်းပပြုလုပ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ အစီအစဉ်များသည် အာဆီယံ၏ ထူးခြားကောင်းမွန်မှုများနှင့် အရောင်အသွေး စုံလင်သည့် ယဉ်ကျေးမှုများကို ပြည်သူလူထုအပါအဝင် ကမ္ဘာကို တင်ပြခြင်းဖြစ်သည့်အတွက် တက်ကြွစွာ ပါဝင်ဆင်နွှဲကြရန် တစ်ဦးချင်းစီကို တိုက်တွန်းလိုပါသည်။ ထို့အပြင် မကြာမီ တည်ထောင်မည့် အာဆီယံအသင်းအဖွဲ့များကွန်ရက်သည်လည်း အာဆီယံအသိုက်အဝန်းနှင့် ပတ်သက်သည့် ပြည်သူလူထု၏ အသိအမြင်နှင့် အာဆီယံအသိုက်အဝန်း ထူထောင်ရာတွင် ပြည်သူများအားလုံး ပါဝင်မှုရှိသည်ဆိုသည့် ခံစားချက်ကို မြှင့်တင်ပေးမည်ဖြစ်ပါသည်။

ယနေ့မိမိတို့ ရရှိပိုင်ဆိုင်ထားသည့် အောင်မြင်မှုရလဒ်များကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန်အတွက် (၃၄) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၌ အာဆီယံခေါင်းဆောင်များက အာဆီယံအသိုက်အဝန်း တည်ထောင်ရေးလုပ်ငန်းစဉ်များတွင် အာဆီယံ၏ အရေးပါ အခရာကျမှု၊ စည်းလုံးညီညွတ်မှုနှင့် ပြင်ပမိတ်ဖက်များနှင့် ထိတွေ့ဆောင်ရွက်ခြင်းကို ဆက်လက်ထိန်းသိမ်းမှုတို့၏ အရေးပါပုံကို ထပ်လောင်း အတည်ပြုခဲ့သည့်အပြင် ကဏ္ဍပေါင်းစုံတွင် စဉ်ဆက်မပြတ် တည်တံ့ခိုင်မြဲမှု ရှိစေရေးအတွက် “စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးမိတ်ဖက်ပြုမှုဆိုင်ရာ အာဆီယံခေါင်းဆောင်များ၏ မျှော်မှန်းချက်” တစ်ရပ်ကိုလည်း ထုတ်ပြန်ကြေညာခဲ့ပါသည်။

အာဆီယံအသင်းကြီးကို စတင်တည်ထောင်ခဲ့ကြသည့် ပုဂ္ဂိုလ်ကြီးများအနေဖြင့် ဗန်ကောက်ကြေညာစာတမ်းတွင် ဖော်ပြထားသည့်အတိုင်း ၎င်းတို့၏ အမြော်အမြင်ကြီးမားသည့် မျှော်မှန်းချက်များနှင့်အတူ အာဆီယံကို အားကောင်းခိုင်မာပြီး အောင်မြင် ကြွယ်ဝသည့် ဒေသဆိုင်ရာ အဖွဲ့အစည်းကြီးတစ်ရပ်အဖြစ် ပေါ်ထွန်းလာစေရန်အတွက် လမ်းကြောင်းများ ချမှတ်ပေးခဲ့ပါသည်။ အဆိုပါ မျှော်မှန်းချက်များကို အာဆီယံပဋိညာဉ်စာတမ်းတွင်လည်း ထပ်မံထည့်သွင်းဖော်ပြထားပါသည်။ အာဆီယံ၏အနာဂတ်ကို မည်သို့ပုံဖော်မည်နည်းဆိုသည်မှာ ယနေ့မိမိတို့တစ်တွေ၏ လက်ထဲတွင် ရှိပါသည်။ အာဆီယံအသိုက်အဝန်း တည်ထောင်ရေးလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်သွားရန် မိမိတို့၏ ကတိကဝတ်များကို ထပ်လောင်း အတည်ပြုပါကြောင်း အခွင့်အခါသင့်ခိုက် ပြောကြားလိုပါသည်။ ပြည်သူများအနေဖြင့်လည်း ဒေသတွင်း ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောရေးအတွက် မိမိတို့နှင့်အတူ တက်ကြွစွာ ပူးပေါင်းပါဝင်လက်တွဲဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန် သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၇**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တာဝန်ထမ်းဆောင်မှုပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီး Dr. Khalid Hussain Memon အား ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့သည် မိတ်ဆွေနိုင်ငံများဖြစ်ကြပြီး ဆက်ဆံရေးကောင်းမွန်လျက်ရှိသည့် အခြေအနေ၊ နှစ်နိုင်ငံ တပ်မတော်ချင်း ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေ၊ နှစ်နိုင်ငံ ကုန်သွယ်ရေးနှင့် စီးပွားရေးဆိုင်ရာများနှင့် အခြားနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေ၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒေသအလိုက် တည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စ၊ မြန်မာနိုင်ငံအပေါ် နိုင်ငံတကာက အထင်အမြင်လွဲမှားစွာ ရှုမြင်နေကြသည့်အပေါ် အခြေအနေမှန်များကို နိုင်ငံတကာက သိရှိအောင် ကျယ်ပြန့်စွာ ဆောင်ရွက်ရန်လိုအပ်သည့် အခြေအနေ၊ နိုင်ငံတကာ ဆက်ဆံရေးအခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီး Dr.Khalid Hussain Memon အား လက်ခံတွေ့ဆုံစဉ်။**

ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း သတ္တုဖွံ့ဖြိုးရေးဘဏ်လီမိတက်(နေပြည်တော်) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်



နေပြည်တော် ဩဂုတ် ၇

**သတ္တုဖွံ့ဖြိုးရေးဘဏ်လီမိတက် (နေပြည်တော်) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက နေပြည်တော် သပြေကုန်းဈေး၌ ကျင်းပသည်။**

**ဖဲကြိုးဖြတ် ဖွင့်လှစ်**

အခမ်းအနားတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ နေပြည်တော် ဒုတိယမြို့တော်ဝန် ဦးရဲမင်းဦး၊ သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်လတ်ကြီး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ညွှန်ကြားရေးမှူးချုပ်များ ဖြစ်ကြသည့် ဦးဝင်းသော်နှင့် ဦးအောင်အောင်၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးလဖိုင်ခွန်ဆာနှင့် သတ္တုဖွံ့ဖြိုးရေးဘဏ်လီမိတက်ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးရုံးမူတို့က ဘဏ်အဆောက်အဦကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

ထို့နောက် သတ္တုဖွံ့ဖြိုးရေးဘဏ်လီမိတက်ဆိုင်းဘုတ်ကို ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ ဦးလဖိုင်ခွန်ဆာနှင့် ဦးရုံးမူတို့က စက်ခလုတ်နှိပ်ဖွင့်လှစ်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် သတ္တုဖွံ့ဖြိုးရေးဘဏ်အဆောက်အဦအတွင်း ဘဏ်လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုသည်။

**သတင်းစဉ်**

# အော်တစ်ဇင်ဆိုင်ရာမူဝါဒအတွက် အကြံပြုချက်များဖော်ထုတ်ရေး အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်

**နေပြည်တော် ဩဂုတ် ၇**

အော်တစ်ဇင်ဆိုင်ရာ မူဝါဒအတွက် အကြံပြုချက်များဖော်ထုတ်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇမ္ဗူသီရိဟိုတယ်၌ ကျင်းပသည်။ **(ယာပုံ)**

ဆွေးနွေးပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မြန်မာနိုင်ငံတွင် အော်တစ်ဇင်ဖြစ်ပွားမှုသည် ၄၅၇၀ ခန့် ရှိနိုင်သည်ဟု ခန့်မှန်းကြပါကြောင်း၊ ကမ္ဘာပေါ်တွင် စုစုပေါင်း လူဦးရေ၏ ၁ ရာခိုင်နှုန်းကို အော်တစ်ဇင်အဖြစ် ဖော်ထုတ်ထားပြီး အာဆီယံဒေသနိုင်ငံများတွင် လူဦးရေ ၆၂၅ သန်းခန့်အနက် အော်တစ်ဇင် ခြောက်သန်းခန့်ရှိကြောင်း၊ မြန်မာအော်တစ်ဇင် အသင်းသည် APCD၊ ASEAN Autism Network တို့နှင့်ပူးပေါင်း၍ ဝန်ကြီးဌာနနှင့်အတူ အော်တစ်ဇင်ဆိုင်ရာ မူဝါဒပေါ်ထွက်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အော်တစ်ဇင်ဆိုင်ရာမူဝါဒ ပေါ်ပေါက်ရေးအတွက် အကြံပြုချက်များ ဖော်ထုတ်ရေး အလုပ်ရုံဆွေးနွေးပွဲ ဖြစ်မြောက်အောင်ကူညီသည့် မြန်မာအော်တစ်ဇင်အသင်းနှင့် ပူးပေါင်းဆောင်ရွက်ကြသည့် အဖွဲ့အစည်းများကို ကျေးဇူးတင်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာအော်တစ်ဇင်အသင်းဥက္ကဋ္ဌ ဒေါက်တာနေမျိုးနိုင်က အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်၊ အများနည်းတူ လူ့အသိုင်းအဝိုင်းတွင် နေထိုင်နိုင်ရေး၊ အော်တစ်ဇင်အကြောင်း အများပြည်သူ သိရှိရန် အသိပညာပေးရေး၊ မြန်မာအော်တစ်ဇင်အသင်းအနေဖြင့် အာဆီယံနိုင်ငံများနှင့် ချိတ်ဆက်ဆောင်ရွက်နေမှုများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ မူဝါဒချမှတ်နိုင်ရေးအတွက် အကြံပြုချက်များ လိုအပ်မှုတို့ကို ရှင်းလင်းပြောကြားသည်။






ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲ အစီအစဉ်အတည်ပြုခြင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ၊ နည်းဥပဒေ၊ မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာတို့မှ တင်ပြဆွေးနွေးခြင်း၊ အော်တစ်ဇင်များအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ မူဝါဒတွင် ထည့်သွင်းရေးဆွဲနိုင်ရေးအတွက် တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်သည့်လုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေးအစီရင်ခံစာ(၂၀၁၆-၂၀၁၇) ပါ အကြောင်းအရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေး

**နေပြည်တော် ဩဂုတ် ၇**

မြန်မာနိုင်ငံ တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်သည့် လုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး (Myanmar Extractive Industries Transparency Initiative - MEITI) ၏ စတုတ္ထအကြိမ် အစီရင်ခံစာ(၂၀၁၆-၂၀၁၇) ပါ အကြောင်းအရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး စုပေါင်းခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ရှင်းလင်းဆွေးနွေးပွဲသို့ ကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးဌာနများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ ပြည်ထောင်စုအစိုးရဌာန၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များ၊ အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ရှင်းလင်းဆွေးနွေးပွဲတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က အဖွင့်အမှာစကားပြောကြားရာတွင် ကမ္ဘာလုံးဆိုင်ရာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်၊ အာဂျင်ဒါ ၂၀၃၀ တွင် ဖော်ပြခဲ့သည့်အတိုင်း လူ့အဖွဲ့အစည်းတစ်ရပ်၏ လူမှုစီးပွားရေးဘဝ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးသည် မိမိတို့နှင့် သက်ဆိုင်သည့် သဘာဝသယံဇာတများကို ရေရှည်တည်တံ့ခိုင်မြဲသော နည်းလမ်းဖြင့် စီမံခန့်ခွဲနိုင်မှုအပေါ် မူတည်ပါကြောင်း၊ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ် ခိုင်မြဲစွာ ကျင့်သုံးနိုင်ခြင်းရှိမှလည်း သယံဇာတများကို တစ်နိုင်ငံလုံးနှင့်ဆိုင်သော အမျိုးသားပိုင်ဆိုင်မှုအနှစ်သာရ အစစ်အမှန်အဖြစ် ပေါ်ထွန်းလာစေမည်ဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့် MEITI ၏ လုပ်ငန်းရည်ရွယ်ချက်များကို တန်ဖိုးထားပါကြောင်း၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များဖြင့် ပြဋ္ဌာန်းထားချက်များသည် လက်တွေ့အမှန်တကယ် လိုက်နာကျင့်သုံးဖော်ဆောင်မှုများနှင့် ကွာဟချက်ကျယ်ပြန့်စွာရှိနေသည်ကို MEITI မှ နှစ်စဉ်ထောက်ပြလာခဲ့သည်မှာ ယခုအခါ ၂၀၁၆-၂၀၁၇ ကာလအထိ ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း၊ ယခုလိုကွာဟချက်များ ဖြစ်ပေါ်လာရခြင်းသည် အင်စတီကျူးရှင်းများ၏ စွမ်းဆောင်ရည်အကန့်အသတ်ရှိနေခြင်းကြောင့် ဖြစ်နိုင်သလို အဂတိလိုက်စားမှုများကို ကောင်းစွာထိန်းချုပ်နိုင်ခြင်း မရှိသည့်အတွက်ကြောင့်လည်း ဖြစ်နိုင်သည်ကို တာဝန်ရှိသူများက အလေးအနက်ထားနိုင်မှသာ အများပြည်သူအကျိုးစီးပွားအတွက် မှန်ကန်ကောင်းမွန်သော ကိုင်တွယ်ဖြေရှင်းနည်း အစစ်အမှန်တစ်ရပ်ကို မိမိတို့ရှာဖွေတွေ့ရှိနိုင်မည် ဖြစ်ပါကြောင်း ပြောကြားသည်။



ယင်းနောက် လုပ်ငန်းစဉ်များနှင့် စတုတ္ထအကြိမ်အစီရင်ခံစာအကျဉ်းချုပ်တို့ကို မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးမှ နည်းပညာကျွမ်းကျင်သူ ဦးထွန်းပေါ်ဦးက လည်းကောင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍနှင့်စပ်လျဉ်း၍ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ကျွမ်းကျင်သူ ဦးသန်းဋ္ဌေးအောင်က လည်းကောင်း၊ ကျောက်မျက်၊ ကျောက်စိမ်းကဏ္ဍနှင့် စပ်လျဉ်း၍ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးမင်းသူက လည်းကောင်း၊ သတ္တုကဏ္ဍနှင့် စပ်လျဉ်း၍ သတ္တုတွင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်သက်က လည်းကောင်း၊ ပုလဲကဏ္ဍနှင့်စပ်လျဉ်း၍ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ လက်ထောက်အထွေထွေမန်နေဂျာ ဦးတင်ဝင်းကိုက လည်းကောင်း စာရင်းဇယားများဖြင့် ရှင်းလင်းတင်ပြခဲ့ကြသည်။

(MEITI) လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ ကိုယ်စားလှယ်များ ဖြစ်ကြသည့် ပြည်တွင်းအခွန်များဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်မူမူစော၊ မြန်မာ့ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးဇော်ဘိုခန့်၊ Potal E&P Myanmar မှ Head of Contractual & Commercial Support ဦးဝင်းတင်၊ စိမ်းလန်းအမိမြေ ဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ Executive Director ဦးဝင်းမျိုးသူနှင့် မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူး ဦးစိုးဝင်းတို့က ဖြည့်စွက်ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းမှုအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံ တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်သည့် လုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး (MEITI) လုပ်ငန်းစဉ်အား ၂၀၁၂ ခုနှစ် ဒီဇင်ဘာလမှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၁၄ ခုနှစ် ဇူလိုင်လတွင် EITI အဖွဲ့ဝင်လောင်းနိုင်ငံ (EITI Candidate Country) အဆင့်သို့ ရောက်ရှိခဲ့ကြောင်းနှင့် မြန်မာနိုင်ငံ၏ စတုတ္ထအကြိမ် EITI အစီရင်ခံစာ (၂၀၁၆-၂၀၁၇) ကို မတ် ၃၁ ရက်တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒက္ခိဏခရိုင် ခရမ်းကိုင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ကျောင်းဆောင်သစ်လွှဲပြောင်းအပ်နှံ

**နေပြည်တော် ဩဂုတ် ၇**

နေပြည်တော် ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ် ခရမ်းကိုင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၏ RC နှစ်ထပ်ကျောင်းဆောင်သစ် လွှဲပြောင်းအပ်နှံခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

အစီအစဉ်အရ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ နေပြည်တော်ကောင်စီ ပညာရေးတာဝန်ခံ ဦးတင်ထွန်း၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်မြင့်ဦးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်ဦးတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ယခု ကျောင်းဆောင်သစ်ကို အောင်မြင်စွာဖွင့်လှစ်နိုင်ရေးအတွက် အဘက်ဘက်က ဝိုင်းဝန်းပံ့ပိုးကူညီဆောင်ရွက်ပေးကြသူများကို ကျေးဇူးတင်ပါကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျောင်းနေအရွယ်ကလေးများ ကျောင်းနေရန်အတွက် ကျောင်းရှိရေး၊ ဆရာ ဆရာမရရှိရေး၊ ဘေးကင်းလုံခြုံစိတ်ချရပြီး ကလေးပျော်သည့် ပတ်ဝန်းကျင်ကောင်းများကို ဖန်တီးပေးနိုင်သော စာသင်ခန်းများရရှိရေး လိုအပ်ပါကြောင်း၊ တစ်နိုင်ငံလုံးအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ခွင့်ပြုဘဏ္ဍာငွေအရ ကျောင်းအဆောက်အအုံပေါင်း ၄၇၉၉ ခုကို တည်ဆောက်ပေးနိုင်ခဲ့ပါကြောင်း၊ ကျောင်းသား ကျောင်းသူများ ပညာရည် တိုးတက်မြင့်မားရေးအတွက် မိဘများအနေဖြင့် ဆရာ ဆရာမများ၊ ကျောင်းအုပ်များနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ မိဘများအနေဖြင့် မိမိတို့ကလေး၏ ပညာရေးအခြေအနေကို သိရှိအောင်ကြိုးစားပြီး ပိုမိုထူးချွန်တိုးတက်လာအောင် ဆရာ ဆရာမများ၊ ကျောင်းအုပ်များ၊ ပညာရေးမိသားစုများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာ ဒေသအစိုးရအဖွဲ့များအားလုံးနှင့် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။




**ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး လယ်ဝေးမြို့နယ် ခရမ်းကိုင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၏ RC နှစ်ထပ်ကျောင်းဆောင်သစ် လွှဲပြောင်းအပ်နှံခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** သတင်းစဉ်

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ကျောပိုးအိတ် ၁၀၀ ကို ပေးအပ်လှူဒါန်းရာ GRADE-6 ကျောင်းသားကျောင်းသူလေးများက လက်ခံရယူကြသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်**

ဆက်လက်၍ လင်းရာဇာဆောက်လုပ်ရေးကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးတင့်လွင်ဦး က ကျောင်းဆောင်သစ်ကို လွှဲပြောင်းပေးအပ်၍ စာရေးခုံအစုံ ၂၀၀ အတွက် ငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်ဦးက ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ဖက်စပ်လုပ်ငန်းသဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနားတက်ရောက်

နေပြည်တော် ဩဂုတ် ၇

**ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ညောင်နှစ်ပင်သင်တန်းကျောင်းမြေရိယာ ၅၅၅ ဒသမ ၈၁ ဧကပေါ်တွင် KMIC Industrial Complex စီမံကိန်းဆောင်ရွက်ရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန နှင့် Korea Land and Housing Corporation တို့ အကြား ဖက်စပ်လုပ်ငန်းသဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန စုဝေးခန်းမဆောင်၌ ကျင်းပသည်။**




အဆိုပါအခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းတင့်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကိုရီးယားနိုင်ငံမှ LH.CEO, Mr. Byun Chang Heum (ပြောင်ချန်းဟွန်) နှင့် တာဝန်ရှိသူများ၊ Global SAE - A မှ CEO, Mr. Kim Ki Myug (ကင်ကီမြောင်း) နှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**ကြီးမားသောအထောက်အပံ့**

ရှေးဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က နိုင်ငံတကာအဆင့်မီ KMIC စက်မှုဇုန် ထူထောင်ရာတွင် အလုပ်အကိုင်အခွင့်အလမ်း ငါးသောင်းမှတစ်သိန်းအထိ ဖန်တီးပေးနိုင်မည် ဖြစ်သည့်အတွက် ရန်ကုန်တိုင်းဒေသကြီးနှင့် မြန်မာနိုင်ငံ၏ စက်မှုကဏ္ဍ၊ နိုင်ငံခြားပို့ကုန်ကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ်ကဏ္ဍမြှင့်တင်ပေးနိုင်ပြီး လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် ကြီးမားသောအထောက်အပံ့များ ဖြစ်စေနိုင်မည် ဖြစ်ပါကြောင်း။

**အားတက်သရော ကူညီပံ့ပိုး**

ကိုရီးယားနိုင်ငံ အစိုးရအနေဖြင့် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒလချစ်ကြည်ရေးတံတား တည်ဆောက်ရေး၊ KMIC စက်မှုဇုန်ထူထောင်ရေးအတွက်သာမက အခြားသော ကဏ္ဍစုံတွင် အားတက်သရော ကူညီပံ့ပိုးပေးသည့်အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

**ကြိုးပမ်းအားထုတ်**

KMIC ကို ကိုရီးယား-မြန်မာ နှစ်နိုင်ငံအစိုးရအချင်းချင်း ပူးပေါင်းအကောင်အထည်ဖော်သည့် စီမံကိန်းအဖြစ် ရလဒ်ကောင်းများနှင့် တိုးတက်အောင်မြင်လာစေရန်အတွက် JV ကုမ္ပဏီမှ ပါဝင်လာကြသည့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ LH Corporation နှင့် Global SAE-A တို့ အပြန်အလှန်ယုံကြည်မှုနှင့် အတူတကွ ပူးပေါင်းမှုများဖြင့် ကြိုးပမ်းအားထုတ်ဆောင်ရွက်ပေးသွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် Korea Land and Housing Corporation, Chief Executive Officer, Mr. Byun Chang Heum (ပြောင်ချန်းဟွန်)နှင့် Global SAE-A Co.,Ltd , Chief Executive Officer , Mr. Kim Ki Myung (ကင်ကီမြောင်း)တို့က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ယင်းနောက် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထိန်က စီမံကိန်းလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၏ ရှေ့မှောက်တွင် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထိန်၊ Korea Land and Housing Corporation, CEO, Mr. Byun Chang Heum နှင့် Global SAE-A Co.,Ltd , CEO, Mr. Kim Ki Myung တို့က ဖက်စပ်လုပ်ငန်းသဘောတူစာချုပ်များအား လက်မှတ်ရေးထိုးကြပြီး **(ဝဲပုံ)** အပြန်အလှန်လဲလှယ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဆီဆိုင်မြို့နယ် ဒေသဖွံ့ဖြိုးရေးအတွက် ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေး

**ဆီဆိုင် ဩဂုတ် ၇**

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်နှင့် အဖွဲ့ဝင်များသည် ဒေသဖွံ့ဖြိုးတိုးတက်ရန်နှင့် ဒေသလိုအပ်ချက်များကို သိရှိနိုင်ရန်အတွက် ဩဂုတ် ၆ ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လူမှုစီးပွားဖွံ့ဖြိုးရေးလုပ်ငန်းများ ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပခဲ့သည်။ **(ယာပုံ)**

တွေ့ဆုံပွဲတွင် ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နိုင်မှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသော ဌာနဆိုင်ရာများမှ မိမိတို့ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့်ပတ်သက်၍ လည်းကောင်း၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများက ပညာရေး၊ ကျန်းမာရေးကိစ္စရပ်များ၊ လမ်းပန်းဆက်သွယ်ရေးအခက်အခဲများ၊ လျှပ်စစ်မီးရရှိရေးနှင့် အခြားလိုအပ်ချက်ကိစ္စရပ်များအား တင်ပြကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့သည်။

**ခွန်ရဲထွေး(ဆီဆိုင်)**



# ယုံကြည်မှုနဲ့ ထိုက်တန်ဖို့

သိုက်စိုးထွန်း (နတ်ရွာ)

**လူ့အဖွဲ့အစည်းထဲမှာ နေထိုင်ကြရသူမှန်သမျှ တစ်ဦးအပေါ်တစ်ဦး ယုံကြည်မှုနဲ့သာ လက်တွဲနေကြရတာပါ။ သူသူကိုယ်ကိုယ် ဘယ်သူ့အပေါ် ဘယ်လောက်ယုံကြည်ရမလဲဆိုတာကို လေ့လာဆန်းစစ်လေ့ရှိကြပါတယ်။ ဘဝတစ်လျှောက်လုံးမှာ ကိုယ်နေထိုင်ဖြတ်သန်းခဲ့တဲ့ အလေ့အထတွေအရ ဒီလူကတော့ လုံးဝယုံကြည်စိတ်ချရတဲ့သူ၊ ဒီလူကတော့ ဘယ်လိုမှ ယုံကြည်ဖို့ မကောင်းတဲ့သူ စသည်အားဖြင့် ဘေးပတ်ဝန်းကျင်က ကပ်ပေးလိုက်တဲ့တံဆိပ်တွေက ကိုယ့်အပေါ်မှာ ကပ်ပါနေတတ်ပါတယ်။**

## ယုံကြည်ရတယ်ဆိုတာ ဘယ်လိုဟာလဲ

ယုံကြည်ရတယ်ဆိုတာ ဘယ်လိုဟာလဲ။ ပြောတာဆိုတာ၊ လုပ်တာကိုင်တာ၊ စဉ်းစားတွေးခေါ်တာတွေမှာ အမြဲတမ်း မှန်ကန်တည့်မတ်နေတယ်။ တစ်နည်းအားဖြင့် ပြောသလိုလုပ်ပြီး လုပ်သလိုသာ ပြောလေ့ရှိတယ်ဆိုတဲ့ ပုဂ္ဂိုလ်မျိုးကိုများ ဆိုလိုသလား။ ဒါမှမဟုတ် သစ္စာတရားနဲ့ ယှဉ်တွဲနေထိုင်သူတွေကိုသာလျှင် ယုံကြည်ရတဲ့သူလို့ ခေါ်နိုင်လေမလား။ ဘယ်လိုအခြေအနေ အချိန်အခါမျိုးမှာမှ သူစောင့်စည်းနေတဲ့ ကျင့်ဝတ်သိက္ခာတွေကို အစွန်းအထင်းမခံတဲ့ပုဂ္ဂိုလ်ကို ဆိုလိုလေသလား။ သေချာတာတစ်ခုကတော့ ယုံကြည်ရတဲ့သူဆိုတဲ့ အမှတ်တံဆိပ်ကလေး ကပ်နိုပ်ခံရဖို့ဆိုတာက အလွယ်ကလေးတော့ မဟုတ်ဘူးဆိုတဲ့ အချက်ပါ။ မလွယ်ဘူးဆိုပေမယ့် ယုံကြည်ရသူတစ်ယောက်ဖြစ်လာဖို့က အလွန်ကို ခက်ခဲနေတဲ့အရာတစ်ခုတော့လည်း မဟုတ်ပြန်ပါဘူး။ စောင့်စည်းစရာရှိတာတွေကို အသေအချာစောင့်စည်းလိုက်နာတတ်တဲ့ အကျင့်လည်းရှိမယ်။ အခြေအနေအရပ်ရပ်အပေါ်မှာ ဖောက်ပြန်ပြောင်းလဲတတ်တဲ့စိတ်မျိုးမရှိဘဲ ကိုယ့်ရပ်တည်ချက်တစ်ခုအပေါ်မှာ ကျောက်သားကျောက်စိုင်လို မယိမ်းမယိုင် ခိုင်ခိုင်မတ်မတ်ရှိတဲ့ သမာဓိမျိုးလည်းရှိမယ်။ ဘယ်အခြေအနေ၊ ဘယ်အချိန်အခါမှာ ဘယ်လိုအမှုကိစ္စမျိုးတွေကိုဆောင်ရွက်သင့်တယ်။ ဘယ်လိုနည်းလမ်းတွေနဲ့ ကောင်းမွန် မှန်ကန်အောင်ဆောင်ရွက်သင့်တယ် စတဲ့ လုပ်နည်းလုပ်ဟန်တွေ၊ စဉ်းစားတွေးခေါ်သုံးသပ်ရမယ့် အပိုင်းတွေကိုလည်း မှန်မှန်ကန်ကန် ဝေဖန်ပိုင်းဖြတ်နိုင်တဲ့ ပညာဉာဏ်လည်း ရှိနေမယ်ဆိုရင်တော့ ကိုယ်ဟာကိုယ့်မိသားစု၊ ကိုယ့်ပတ်ဝန်းကျင် အသိုင်းအဝိုင်းအတွက် ယုံကြည်ရတဲ့သူဆိုတဲ့ ဂုဏ်ပုဒ်ကလေးတစ်ခုကို ရလာနိုင်မှာပါ။

ယုံရတယ်၊ မယုံရဘူးဆိုတာကတော့ တစ်နည်းအားဖြင့် စိတ်ခတ်ပိုင်းဆိုင်ရာ ခံယူချက်နဲ့ တိုက်ရိုက်ဆက်စပ်နေလိမ့်မယ်လို့လည်း ထင်မိပါတယ်။ တချို့က အရည်အချင်းရှိတယ်။ တော်တယ်။ ဘယ်အရာမဆို သူလုပ်ရင်ဖြစ်တယ်ဆိုတဲ့ အတန်းအစားထဲမှာပါတယ်။ ဒါပေမယ့် သိပ်စိတ်မချရဘူး။ သူလုပ်ရင်ဖြစ်တယ်ဆိုပေမယ့် လုပ်ချင်မှလုပ်တာ။ ပြီးတော့ ဒီအတိုင်းလုပ်ရင် ဖြစ်မှန်းသိနေလျက်နဲ့ ဟိုအတိုင်းလုပ်ချင်လည်း လုပ်ပစ်လိုက်တာမျိုး။ ဒီလိုဆိုတော့ တစ်စုံတစ်ခုကို သူ့အပေါ် ပုံအပ်ရတော့မယ်ဆိုရင် သိပ်အရေးမကြီးတဲ့ဟာမျိုး၊ အလွဲအချော်ရှိခဲ့ရင်လည်း ထိခိုက်နစ်နာမှု သိပ်မရှိနိုင်တဲ့ ဟာမျိုးကိုပဲ သူ့အတွက်စဉ်းစားတော့တယ်။ အရေးတကြီး ကိစ္စတွေအတွက်ကျတော့ သူ့လိုလူအပေါ်မှာ စိတ်ချယုံကြည်လိုက်ဖို့ဆိုတာ သိပ်ကိုစွန့်စားလွန်းရာ ကျသွားတော့မှာ။ မထင်ရင် မထင်သလို လုပ်ပစ်လိုက်တတ်တဲ့သူမို့ ကိုယ့်ကိစ္စလေးများ သဲထဲရေသွန်ဖြစ်အောင် လုပ်ပစ်လိုက်ရင် မခက်ပေဘူးလားဆိုတဲ့အတွေးက လွှဲအပ်ပေးမယ့်သူဆီမှာ ဝင်ဝင်လာတတ်ပါတယ်။

## ယုံကြည်မှုတည်ဆောက်ယူရတာ မလွယ်ပါဘူး

လူတစ်ယောက်ရဲ့ယုံကြည်မှုကို ရအောင်တည်ဆောက်ယူရတာက သိပ်တော့မလွယ်ပါဘူး။ မိဘ ဆရာသမားတွေရဲ့ ယုံကြည်မှုကိုရဖို့၊ မိသားစုဝင်တွေရဲ့ယုံကြည်မှုကိုရဖို့၊ ကိုယ့်အလုပ်ရှင်ရဲ့ယုံကြည်မှုကိုရဖို့၊ အောက်လက်ငယ်သားတွေရဲ့ ယုံကြည်မှုကိုရဖို့၊ သူငယ်ချင်းအပေါင်းအသင်း မိတ်ဆွေတွေရဲ့ ယုံကြည်မှုကိုရဖို့ တော်တော်ကို အချိန်ပေးပြီး တည်ဆောက်ယူကြရတာပါ။ ကိုယ့်ကိုဘယ်သူတွေ ယုံကြည်ဖို့လိုသလဲ။ ဖြစ်နိုင်ရင်တော့ အားလုံးက ယုံကြည်နေဖို့ကို လိုအပ်တာပါ။

မိသားစုဘဝမှာပဲဖြစ်ဖြစ်၊ လုပ်ငန်းခွင်ထဲမှာပဲဖြစ်ဖြစ်၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးလောကတွေထဲမှာပဲ ဖြစ်ဖြစ် ယုံကြည်မှုဆိုတာ မပါခဲ့ရင် ဘာမှဆက်လုပ်လို့ မဖြစ်တော့ပါဘူး။ ဘယ်နယ်ပယ်မှာပဲဖြစ်ဖြစ် အလုပ်တာဝန်တွေကို ကိုယ်တစ်ယောက်တည်း သိမ်းကျုံးပြီး လုပ်ကိုင်ကြတာ မဟုတ်ပါဘူး။ သက်ဆိုင်ရာပုဂ္ဂိုလ်တွေကြားမှာ တာဝန်ခွဲဝေသတ်မှတ်မှုတွေလုပ်ပြီးတော့မှ သူလည်းသူ့တာဝန်သူ ကျေပွန်အောင် ထမ်းဆောင်၊ ကိုယ်လည်း ကိုယ့်တာကိုယ် လုံအောင်ထိန်း၊ ဒီလိုနဲ့ပဲ ကိုယ့်ဝန်ကိုယ်ထမ်းပြီး ကိုယ့်လမ်းကိုယ် လျှောက်ခဲ့ကြရတာပါ။ ယန္တရားကြီးထဲမှာပါနေတဲ့ ခွေးသွားစိတ်လေး တစ်စိတ်ချင်းစီက သူ့နေရာနဲ့သူ ပုံမှန်လည်ပတ်နေကြရင် ဒီယန္တရားကြီးရဲ့ လည်ပတ်မှုဟာ ချောမွေ့နေတာပါပဲ။ တစ်နေရာမှာ ခွေးသွားစိတ်ကလေးတစ်ခုပဲ့၊ ပင်နယန်လေးတစ်ခု ချော်ထွက်သွားတယ်ဆိုရင်ကို ဒီယန္တရားကြီးရဲ့အလုပ်လုပ်မှု ရပ်တန့်သွားတတ်တဲ့အထိ ဖြစ်သွားနိုင်ပါတယ်။

> **“ ယုံကြည်မှုဆိုတာမျိုးက ရာခိုင်နှုန်းနဲ့တွက်လို့ မရစကောင်းတဲ့ အရာမျိုးပါ။ အလုပ်ဆယ်ခုလုပ်ရင် ရှစ်ခု ကိုးခုလောက်ကတော့ အဆင်ပြေနေတာပဲလို့ တွက်ပြီး ကျေနပ်နေလို့ မရပါဘူး။ ဆယ်ခုလုပ်ရင် ဆယ်ခုလုံးဟာ သူ့စံချိန်နဲ့သူ မီနေမှရမှာပါ။ ဒီလိုဖြစ်နိုင်ဖို့အတွက်လည်း ကိုယ့်ကိုယ်ကိုယ် တည့်မတ်မှုတွေနဲ့ အမြဲမပြတ် ကြိုးစားနေကြရမှာပါ။ တစ်ခါတည်းပါဆိုပြီး ဖြေရှင်းချက်ပေးလို့မရတဲ့ အရာမျိုးတွေ အများကြီး ရှိပါတယ် ”**

ယုံကြည်မှုနဲ့ပတ်သက်တဲ့ ပြဿနာတွေက သမိုင်းတစ်လျှောက်မှာ ဖြစ်ခဲ့ကြပြီးဖြစ်သလို ဒီကနေ့ ဒီအချိန်မှာလည်း ရှိနေကြဆဲပဲ ဖြစ်ပါတယ်။ နောက်နောင်ကာလတွေမှာလည်း ရှိနေကြလိမ့်ဦးမယ်လို့ ထင်ပါတယ်။

တစ်ခါတစ်ခါကျတော့ ယုံယုံကြည်ကြည်နဲ့ အလုပ်လုပ်လိုက်မှ စိတ်မသက်သာစရာ လွဲချော်မှုကြီးတွေ ဖြစ်ရပြန်တယ်။ ဒီလောက်ကလေးတော့ မှားနိုင်မှာ မဟုတ်ပါဘူးဆိုပြီး စိတ်ချလက်ချယုံလိုက်မှ လုံးဝဥဿုံ အလွဲအမှားကြီး ဖြစ်သွားတာမျိုးလည်းရှိပြန်ပါတယ်။ အဆင့်ဆင့်တာဝန်ယူ၊ တာဝန်ခံရတဲ့အဖွဲ့အစည်းမျိုးမှာဆိုရင် ဒီပြဿနာတွေက ရှိနေတတ်စမြဲဖြစ်ပါတယ်။ အလုပ်က ဘာမှသိပ်နက်နဲတာတော့ မဟုတ်ဘူး။ ဒါပေမယ့် အဆုံးသတ် လက်မှတ်ထိုးရမယ့်သူကပဲဖြစ်ဖြစ်၊ ကြေညာချက်တစ်ခုခုကို ထုတ်ပြန်ရမယ့်သူကပဲဖြစ်ဖြစ် ဒီစာတစ်စောင် ဘယ်လိုဖြစ်တည်လာသလဲ၊ ဒီကိန်းဂဏန်းတွေ ဘယ်လိုရလာသလဲ၊ ဒီကြေညာချက်ကို ဘာကြောင့် ထုတ်ပြန်ရသလဲဆိုတဲ့ အချက်ကို ယေဘုယျလောက်သာ နားလည်နိုင်မှာ ဖြစ်ပါတယ်။ စုစုပေါင်းအသုံးစရိတ် ၇ ဒသမ ၂ ဘီလီယံဆိုတာမျိုးကို ငယ်စာရင်းတွေအကုန်လိုက်ပြီး ပထမတစ်ခုနဲ့ ဒုတိယတစ်ခု ပေါင်းတာက ဘယ်လောက်၊ အဲ့ဒီတစ်ခုနဲ့ ဟိုနောက် တစ်ခုနဲ့ ပေါင်းတာက ဘယ်လောက်ဆိုပြီး အကုန်ပေါင်းကြည့်နိုင်တော့မှာ မဟုတ်ပါဘူး။ သာမန်အိမ်ဆိုင်လေးတစ်ခုမှာ ငယ်စာရင်းအားလုံး အကုန်ပေါင်းကြည့်နိုင်မှာ ဖြစ်ပေမယ့် ကုန်တိုက်ကြီးတွေ၊ ကုမ္ပဏီကြီးတွေ၊ အစိုးရယန္တရားကြီးတွေမှာတော့ အကြီးအကဲ လုပ်သူတွေက အစစအရာရာကို အကုန်လုံးလိုက်ပြီး ပေါင်းနုတ်တွက်ချက်ကြည့်ဖို့ အချိန်ရမှာမဟုတ်ပါဘူး။ သက်ဆိုင်ရာကဏ္ဍအလိုက် စာရင်း၊ ဇယားပိုင်းဆိုင်ရာ ကျွမ်းကျင်သူတွေကသာ တာဝန်ယူကြရမှာ ဖြစ်ပါတယ်။ အဆင့်ဆင့် တာဝန်ခံမှုတွေနဲ့သာ ဒီစာတစ်စောင်ကို အတည်ပြုလက်မှတ်ထိုး၊ ဒီအသုံးစရိတ်တစ်ခုကို ခွင့်ပြုနေကြရတာ ဖြစ်ပါတယ်။ ဒါက ပုံမှန်လုပ်ရိုးလုပ်စဉ်ဖြစ်ပါတယ်။ တစ်နှစ်တန်သည်၊ ခြောက်လတန်သည်ကြာတဲ့အခါမျိုးမှာမှ ပြင်ပစာရင်းစစ်တွေ၊ အဖွဲ့အစည်းအတွင်းက စာရင်းစစ်တွေက တစ်ခုချင်း တိုက်ဆိုင်စစ်ဆေးကြည့်လိုက်တော့မှသာ ဘယ်နေရာက ဘာတွေ ကွာဟနေတယ်ဆိုတာကို တိတိကျကျ သိနိုင်ကြတာဖြစ်ပါတယ်။ ကြားကာလတွေမှာတော့ တစ်ယောက်အပေါ် တစ်ယောက် ယုံကြည်စိတ်ချမှုနဲ့သာ အလုပ်လုပ်နေကြရတာ ဖြစ်ပါတယ်။

## ကိုယ်လုပ်ရမယ့်အလုပ်ကို လုံးဝတာဝန်ယူပြီး ဆောင်ရွက်ကြတယ်

လူအမျိုးမျိုး၊ စိတ်အထွေထွေဆိုတဲ့အတိုင်း တချို့ကျတော့ ကိုယ်လုပ်ရမယ့်အလုပ်ကို အမှားအယွင်း၊ အတိမ်းအစောင်း မရှိရအောင် လုံးဝတာဝန်ယူပြီး ဆောင်ရွက်ကြတယ်။ အဆင့်တိုင်း၊ အဆင့်တိုင်းမှာ အလွဲအချော်ဆိုတာ မရှိစေရဘူး။ ကိုယ်လုပ်သမျှ အလုပ်တွေအပေါ်မှာလည်း အမြဲတစေ စိတ်ပါဝင်စားမှု အပြည့်ရှိနေတယ်။ တစ်ရေနိုးလောက်မှာ ထမေးရင်တောင်မှ ဘယ်တုန်းက အဖြစ်အပျက်ကဘယ်လို၊ ဘယ်ကိစ္စက ဘာကြောင့်ဖြစ်တာ၊ ဘယ်ကိန်းနဲ့ ဘယ်ဂဏန်းနဲ့ပေါင်းလို့ ဘယ်ရလဒ်မျိုး ရလာတာဆိုတာမျိုးကို တန်းခနဲ ပြောနိုင်ကြပါတယ်။ သူ့အဆိုပြုလာတဲ့ စီမံကိန်းတစ်ခုဆိုရင် လုပ်သာလုပ်လိုက်၊ အကျိုးရှိမှာ သေချာတယ်။ ဒီအဖွဲ့အစည်းက ကမ်းလှမ်းလာတဲ့ အဆိုပြုချက်တစ်ခုဆိုရင် လက်သာခံလိုက်၊ သေချာပေါက် အကျိုးမယုတ်စေရဘူး။ ဒီဝန်ထမ်း တင်ပြလာတဲ့ စာကြမ်းတစ်စောင်ဆိုရင် လက်မှတ်သာထိုးလိုက်၊ ဘယ်တော့မှ မလွဲစေရဘူးဆိုတာမျိုး။ ယုံကြည်ရတဲ့သူတွေ ကိုယ့်ပတ်ဝန်းကျင်မှာ ဝန်းရံနေတဲ့အခါ အလုပ်လုပ်ရတာလည်း အောင်မြင်နေသလို ကိုယ့်စိတ်ကလည်း အမြဲချမ်းသာနေမှာ ဖြစ်ပါတယ်။ ကိုယ်စိတ်ချမ်းသာသလို သူတို့လည်း စိတ်ချမ်းသာနေမှာ ဖြစ်ပါတယ်။

တချို့ကျတော့လည်း တာဝန်တစ်ခုကို မလွှဲသာမရှောင်သာလို့သာယူထားရတာ။ ဒါမှမဟုတ် ဒီတာဝန်ကြောင့် ရလာနိုင်မယ့်အခွင့်အရေးတွေကို မျှော်ကိုးလို့သာ ယူထားရတာ၊ စိတ်ကတော့ သိပ်မပါချင်ဘူး။ လခလေးကောင်းလို့သာ ဝင်လုပ်လိုက်တာ၊ ဒီအလုပ်အပေါ် သိပ်စိတ်မဝင်စားဘူးဆိုတာမျိုး။ ဒီလိုလူတွေကျတော့ ဘာပဲလုပ်လုပ် ပြီးစလွယ်သဘောမျိုး လုပ်ပစ်လိုက်တတ်ကြတယ်။ ဟိုစာရင်းတောင်းတာလား။ အေး။ ဒါဆို အဲ့ဒီနားက စာရွက်ယူသွားလိုက်။ ဟိုကိစ္စလား။ ဒါဆိုရင် ဘယ်ဖိုင်တွဲကို ထုတ်သွားလိုက်ဆိုတာမျိုးနဲ့သာ လုပ်နေတော့တာ။ ဘယ်အရာကိုမှ သိပ်ပြီးအလေးအနက်မထားဘူး။ တစ်ခါတလေလေးလောက် မှားသွားတော့လည်း ဘယ်တတ်နိုင်ပါ့မလဲဆိုတဲ့ အကြောင်းပြချက်မျိုးနဲ့သာ အရာရာကို ခပ်ပေါ့ပေါ့သဘောပိုက်ထားလိုက်ကြတယ်။

တစ်စုံတစ်ခုလုပ်တဲ့အခါ အမှားအယွင်း အတိမ်းအစောင်းလေး ပါကောင်းပါနိုင်တာကိုတော့ သိနေတယ်။ ဒါပေမယ့်လည်း ကိုယ့်ထက်တာဝန်ရှိတဲ့သူတွေက စစ်ဆေးပြီးမှ ဆက်လက် ဆောင်ရွက်ကြမှာပဲလေဆိုတဲ့ သဘောမျိုးနဲ့ သေချာမစိစစ်တော့ဘူး။ အလယ်ကလူကလည်း ဒီအတိုင်းပဲ၊ အောက်လူရော၊ အထက်လူရော ရှိနေကြတာပဲကွာ၊ ဒီဟာတွေကို သူတို့ဘာသာ စိစစ်ကြလိမ့်မပေါ့ဆိုတဲ့ သဘောမျိုးနဲ့ အောက်ကလာသမျှကို အပေါ်တင်၊ အပေါ်က ကျလာသမျှကို အောက်ချနဲ့၊ ဒီလိုလုပ်ရင်းနဲ့သာ အချိန်ကုန်သွားတယ်။ သူကလည်း ဘယ်ကိစ္စအပေါ်မှာ လေးလေးနက်နက် မရှိဘူး။ ပေါ့လျော့တတ်သူတွေကြောင့်ဖြစ်ခဲ့တဲ့ ထိခိုက်နစ်နာမှုတွေဟာ တစ်ခါတစ်ခါ ဘာမှမပြောပလောက်ပေမယ့် တစ်ခါတစ်ခါမှာတော့ အကြီးအကျယ်နစ်နာဆုံးရှုံးမှုတွေ၊ ဘယ်လိုမှ ပြန်အဖတ်ဆယ်လို့ မရနိုင်တော့မယ့် မှားယွင်းမှုတွေ ဖြစ်သွားတတ်ပါတယ်။

## ယုံကြည်မှုဟာ ဘယ်လောက်အရေးပါသလဲ

ယုံကြည်မှုဟာ ဘယ်လောက်အထိ အရေးပါသလဲ။ ကုန်ပစ္စည်းအမျိုးအစားချင်းအတူတူ ဒီကုမ္ပဏီကထုတ်တဲ့ထုတ်ကုန်ကိုကျတော့ ဈေးနည်းနည်းသာရပြီး ဟိုကုမ္ပဏီက ထုတ်တဲ့ပစ္စည်းကျတော့ ဘာကြောင့်ဈေးကြီးကြီး ပေးဝယ်နေကြသလဲ။ ဒါယုံကြည်မှုကြောင့်ပါပဲ။ ဒီအမှတ်တံဆိပ်လေးကပ်ထားလိုက်တာနဲ့ကို သုံးစွဲသူရဲ့ ယုံကြည်စိတ်ချမှုက ရထားပြီးသား။ ဒီလိုအခြေအနေမျိုး ရောက်လာဖို့အတွက် ကုမ္ပဏီတွေမှာလည်း အချိန်တွေ အများကြီးယူပြီး ကြိုးစားခဲ့ကြရတာပါ။

တချို့ကုမ္ပဏီတွေဆိုရင် ကိုယ့်ထုတ်ကုန်မှာ အပြစ်အနာအဆာလေး နည်းနည်းလောက် ပါလိုက်တာနဲ့ ဈေးကွက်ထဲ အရောက်မခံဘူးတဲ့။ တစ်ခါတည်း ဖျက်ဆီးပစ်လိုက်သတဲ့။ အနာလေးပါတာကို အောက်ဈေးလေးနဲ့ ရောင်းထုတ်လိုက်ပါလားလို့ ဘေးလူကပြောတော့ ဒီကုမ္ပဏီကထုတ်တဲ့ပစ္စည်းမှာ အပြစ်အနာအဆာလေးတွေ ပါတတ်တယ်ဆိုတာကို အပြောမခံနိုင်ဘူးတဲ့။ ကိုယ်ထုတ်တဲ့ ပစ္စည်းအပေါ်မှာ ဒီလိုတန်ဖိုးထားတော့ ဝယ်ယူသုံးစွဲသူတွေဆီက ယုံကြည်မှုကိုလည်း ပြည့်ပြည့်ဝဝ ရသွားပါတယ်။ တချို့ကျတော့ သက်ဆိုင်ရာကုမ္ပဏီအလိုက် ယုံကြည်မှု ကွာခြားတတ်သလို တစ်ခါတစ်ခါကျတော့လည်း ထုတ်လုပ်တဲ့နိုင်ငံအအပေါ် မူတည်ပြီးတော့ အထင်ကြီး လေးစားမှုတွေ၊ စိတ်ချယုံကြည်မှုတွေ ကွာသွားတတ်ပါတယ်။ ဘယ်နိုင်ငံကထုတ်တဲ့ ကုန်ပစ္စည်းဆိုရင်တော့ အရည်အသွေးပိုင်းမှာ စိတ်ချရတယ်ဆိုတဲ့ ယုံကြည်မှုဟာ အလိုလိုနေရင်းရလာတတ်တာမျိုးတော့ မဟုတ်ဘူး။ ဒီနိုင်ငံမှာ ထုတ်သမျှပစ္စည်းတိုင်းဟာ ဘယ်လိုစံချိန်စံညွှန်းတွေနဲ့ ပြည့်စုံနေရမယ်ဆိုပြီး တာဝန်ရှိသူအားလုံးက ဝိုင်းဝန်းကြပ်မတ်နိုင်ခဲ့ကြလို့၊ ကိုယ့်နိုင်ငံက ထွက်တဲ့ကုန်ပစ္စည်းကို ကိုယ့်နိုင်ငံသားအားလုံးက တန်ဖိုးထားခဲ့ကြလို့သာ စိတ်ချယုံကြည်မှုကို ရကြတာ ဖြစ်ပါတယ်။

လူတစ်ဦးချင်းစီအပေါ်မှာလည်း ဒီအတိုင်းပါပဲ။ ဘယ်သူ့ဆိုရင်တော့ ငွေသွားမချေးလိုက်လေနဲ့၊ ဘယ်တော့မှ ပြန်ဆပ်တော့မှာ မဟုတ်ဘူးဆိုတာမျိုး။ ဘယ်သူတော့ ဘယ်အလုပ်သွားမခိုင်းလိုက်မိစေနဲ့၊ ဘယ်အလုပ်ကိုမှ ကောင်းကောင်းကန်းကန်း လုပ်တတ်တာ မဟုတ်ဘူးဆိုတာမျိုး။ ဘယ်သူ့ဆိုရင်တော့ စိတ်ချလက်ချသာ အပ်လိုက်၊ အရည်အသွေး မကောင်းမှာ ပူစရာမလိုဘူးဆိုတာမျိုး။ ယုံကြည်ရတယ်ပဲ ပြောပြော၊ မယုံကြည်ရဘူးပဲဆိုဆို အားလုံးဟာ ကိုယ့်ကြောင့်ဖြစ်လာတာပဲဆိုတာကိုတော့ လက်ခံထားနိုင်ရမှာပါ။

ယုံကြည်မှုဆိုတာမျိုးက ရာခိုင်နှုန်းနဲ့တွက်လို့ မရစကောင်းတဲ့ အရာမျိုးပါ။ အလုပ်ဆယ်ခုလုပ်ရင် ရှစ်ခု ကိုးခုလောက်ကတော့ အဆင်ပြေနေတာပဲလို့ တွက်ပြီး ကျေနပ်နေလို့မရပါဘူး။ ဆယ်ခုလုပ်ရင် ဆယ်ခုလုံးဟာ သူ့စံချိန်နဲ့ သူမီနေမှရမှာပါ။ ဒီလိုဖြစ်နိုင်ဖို့အတွက်လည်း ကိုယ့်ကိုယ်ကိုယ် တည့်မတ်မှုတွေနဲ့ အမြဲမပြတ် ကြိုးစားနေကြရမှာပါ။ တစ်ခါတည်းပါဆိုပြီး ဖြေရှင်းချက်ပေးလို့မရတဲ့ အရာမျိုးတွေ အများကြီး ရှိပါတယ်။

## ယုံကြည်မှုနဲ့ ထိုက်တန်သူဖြစ်ဖို့

ကိုယ့်ကိုယ်ကိုယ် မကြာခဏ ပြန်လည်သုံးသပ်ဖို့ လိုပါတယ်။ ကိုယ်ဟာ ယုံကြည်မှုနဲ့ ထိုက်တန်ရဲ့လားဆိုတဲ့ မေးခွန်းကို မကြာမကြာ ပြန်မေးပြီး အားမနာတမ်း စိစစ်သုံးသပ်သင့်ပါတယ်။ ကိုယ့်ကိုယ်ကိုယ် ထူးချွန်ထက်မြက်သူ တစ်ယောက်ဖြစ်အောင် ကြိုးစားတည်ဆောက်နေသင့်သလိုပဲ ယုံကြည်မှုနဲ့ ထိုက်တန်သူတစ်ယောက် ဖြစ်လာဖို့လည်း အမြဲကြိုးစား နေရမှာ ဖြစ်ပါတယ်။ ဒါမှသာ ပတ်ဝန်းကျင်အသိုင်းအဝိုင်း အလယ်မှာ ကိုယ့်တန်ဖိုးက တရိပ်ရိပ် တက်နေမှာ ဖြစ်ပါတယ်။

ယုံကြည်မှုနဲ့ ထိုက်တန်သူအဖြစ်ကို လူတိုင်း အလိုရှိကြတယ်။ ကိုယ့်ကိုယုံကြည်ဖို့၊ ကိုယ့်ကုမ္ပဏီကို ယုံကြည်ဖို့၊ ကိုယ့်အဖွဲ့အစည်းကို ယုံကြည်ဖို့အတွက် တစ်နည်းတစ်ဖုံ ကြော်ငြာတတ်ကြတယ်။ ကြော်ငြာကောင်းလို့ ရောင်းအားတက်နိုင်တာမှန်ပေမယ့် ရေရှည်ရပ်တည်ဖို့အတွက်ကျတော့ အချိန်က စကားပြောသွားမှာ ဖြစ်ပါတယ်။ ကိုယ့်ရဲ့လုပ်ရပ်တွေက စကားပြောသွားမှာ ဖြစ်ပါတယ်။

လူတိုင်းလူတိုင်းဟာ ကိုယ့်တန်ဖိုး ကိုယ်မြှင့်တင်နိုင်ဖို့ ကြိုးစားနေကြပါတယ်။ တန်ဖိုးမြင့်တဲ့သူတစ်ယောက် ဖြစ်နိုင်ဖို့ ကြိုးစားရမယ့် အချက်ပေါင်းများစွာရှိတဲ့ အချက်တွေထဲမှာမှ ယုံကြည်မှုနဲ့ ထိုက်တန်သူဆိုတဲ့တန်ဖိုးက ထိပ်တန်းက ပါဝင်နေပါတယ်။ ကျန်တဲ့အရည်အချင်းတွေ ဘယ်လောက်ပဲ ရှိနေရှိနေ ဒီလူက သိပ်ယုံရတဲ့သူ မဟုတ်ဘူးဆိုတဲ့စကားမျိုး အပြောခံရတာနဲ့ ကိုယ့်သိက္ခာတွေ မြောင်းထဲရောက်သွားပါတယ်။ ယုံကြည်မှုနဲ့ ထိုက်တန်ဖို့က ဘဝတစ်လျှောက်လုံး ကြိုးပမ်းနေကြရမှာ ဖြစ်ပါတယ်။ ခဏတစ်ပန်းကြိုးစားရုံနဲ့ ဖြစ်နိုင်တဲ့ အရာမျိုး မဟုတ်ပါဘူး။ ယုံကြည်မှုနဲ့ ထိုက်တန်သူတွေ ဖြစ်နိုင်ကြပါစေ။ ။

# နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရေး၊ အခွန်ဥပဒေများကို ပိုမိုလေးစားလိုက်နာလာစေရေးတို့အတွက် အခွန်အကောက်ဥပဒေမူကြမ်းကို ပြုစုတင်ပြထား

**နေပြည်တော် ဩဂုတ် ၇**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ပေးပို့သော ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများနှင့် ပတ်သက်သည့် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက ရှင်းလင်းပြောကြားသည်။



ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း



ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း

## လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၁၁/၂၀၁၉)ကို ဖတ်ကြား

ထို့နောက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ အတွင်းရေးမှူးက အထက်ပါ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထား မှတ်ချက် အစီရင်ခံစာ (၁၁/၂၀၁၉)ကို ဖတ်ကြားပြီး လွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရာ ပြည်ထောင်စုလွှတ်တော်နာယကက ယင်းအစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ၂၀၁၉ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ရသင့်ရထိုက်သော အခွန်ငွေများ လွတ်ကင်းမှုမရှိစေရေးအတွက် အထူးကုန်စည်များ အပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရောင်းချစေခြင်း၊ အရောင်းပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေခြင်းတို့အပြင် အထူးကုန်စည်ဖြစ်သည့် အရက်များထုတ်လုပ်မှုအပေါ် ပမာဏအမှန်သိစေရေးအတွက် Online Monitoring စနစ်ဖြင့် စောင့်ကြည့်သည့်စနစ်ကို သက်ဆိုင်ရာလုပ်ငန်းရှင်များ၏ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

## ယခုနှစ်တွင် မိုဘိုင်းဟန်းဆက်နှင့် ဆက်စပ်ပစ္စည်း အရောင်းဆိုင်များတွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေသည့် အစီအစဉ်ကို ဆောင်ရွက်ခဲ့

ယခင်နှစ်များက စားသောက်ဆိုင်၊ ဟိုတယ်၊ တည်းခိုခန်းများ၊ ရုပ်သံလွှင့်မီဒီယာ လုပ်ငန်းများမှ အရောင်းပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချ စေသည့်အစီအစဉ်ကို ဆောင်ရွက်ခဲ့ပြီး ယခုနှစ်တွင် မိုဘိုင်းဟန်းဆက်နှင့် ဆက်စပ်ပစ္စည်းအရောင်းဆိုင်များတွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေသည့် အစီအစဉ်ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ လိုက်နာမှုမရှိသော လုပ်ငန်းရှင်များကိုလည်း ကွင်းဆင်းစိစစ်ခြင်း၊ သတင်းပေးတိုင်ကြားစေခြင်းတို့ဖြင့် တည်ဆဲအခွန်ဆိုင်ရာ ဥပဒေများနှင့်အညီ ဒဏ်တပ်ရိုက်ခြင်း၊ သတင်းပေးတိုင်ကြားသူများအား ဆုငွေချီးမြှင့်ခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်အကောက်ရငွေများ ပြည့်ဝစွာ ကောက်ခံရရှိရေး၊ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရေး၊ အခွန်ဥပဒေများကို ပိုမိုလေးစားလိုက်နာလာစေရေးတို့အတွက် ယခုနှစ် အခွန်အကောက်ဥပဒေမူကြမ်းကို ပြုစုတင်ပြထားပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရေးရာကော်မတီများ၏ အကြံပြုချက်များကိုလည်း ကြိုဆိုလျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ၂၀၁၉ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေမူကြမ်းအပေါ် လွှတ်တော်မှဆွေးနွေးသုံးသပ်၍ အတည်ပြုပေးနိုင်ပါရန် ရှင်းလင်းပြောကြားသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေ၊ နည်းဥပဒေ များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့သော ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဝန်ကြီးဌာန အဖွဲ့အစည်းများ၏ ပထမခြောက်လပတ် အခွန်ရငွေစာရင်း များနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ၂၀၁၈-၂၀၁၉ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဇယား(၁ )အရ ပြည်ထောင်စုဝန်ကြီးဌာန အဖွဲ့အစည်းများမှ တာဝန်ယူကောက်ခံရမည့် အခွန်အကောက် ၂၂ မျိုးမှ ကောက်ခံရန် မူလခန့်မှန်းခြေလျာထားချက် ငွေကျပ် ၇၅၇၅ ဒသမ ၉၃၄ ဘီလီယံအနက် ပထမ ခြောက်လပတ် လျာထားချက်သည် ငွေကျပ် ၃၈၇၈ ဒသမ ၅၈၃ ဘီလီယံဖြစ်ပြီး ကောက်ခံရရှိမှုသည် ငွေကျပ် ၄၀၄၂ ဒသမ ၇၃၉ ဘီလီယံဖြစ်သဖြင့် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှု ၁၀၄ ဒသမ ၂၃ ရာခိုင်နှုန်းဖြစ်ပါကြောင်း။

အခွန်အကောက် ၂၂ မျိုးအနက် လျာထားချက် ပြည့်မီကျော်လွန်အောင် ကောက်ခံနိုင်ခဲ့သည့် အခွန် ၁၁ မျိုး၊ လျာထားချက်အောက် လျော့နည်းကောက်ခံရရှိ သည့် အခွန် ၁၀ မျိုး၊ မူလခန့်မှန်းခြေတွင် လျာထားချက်ရှိသော်လည်း ပထမ ခြောက်လပတ်တွင် လျာထားချက်လည်းမရှိ ကောက်ခံရရှိခြင်းလည်းမရှိသည့် အခွန် တစ်မျိုး ဖြစ်ပါကြောင်း။

အခွန်အကောက် ၂၂ မျိုးကို ပြည်ထောင်စုဝန်ကြီးဌာန ကိုးခုနှင့် နေပြည်တော် ကောင်စီတို့က တာဝန်ယူကောက်ခံခဲ့ပါကြောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက တာဝန်ယူကောက်ခံသည့် အခွန်ခြောက်မျိုးအတွက် အခွန်ကောက်ခံရန် လျာထားချက် ငွေကျပ် ၃၂၈၆ ဒသမ ၁၂၇ ဘီလီယံ၊ ကောက်ခံရရှိမှု ငွေကျပ် ၃၂၉၃ ဒသမ ၁၄၅ ဘီလီယံ၊ အကောင်အထည်ဖော်နိုင်မှု ၁၀၀ ဒသမ ၂၁ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ အခွန်ကောက်ခံရရှိမှုအပေါ် ပါဝင်မှုအချိုးသည် ၈၄ ဒသမ ၇၂ ရာခိုင်နှုန်း ဖြစ်ပါကြောင်း။

## ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဒုတိယခြောက်လပတ်ကိုလည်း ရည်မှန်းချက်ပြည့်မီစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိ

အခြားပြည်ထောင်စုဝန်ကြီးဌာန ရှစ်ခုနှင့် နေပြည်တော်ကောင်စီတို့က တာဝန်ယူ ကောက်ခံသော အခွန် ၁၆ မျိုးအတွက် လျာထားချက် ငွေကျပ် ၅၉၂ ဒသမ ၄၅၆ ဘီလီယံ၊ ကောက်ခံရရှိမှု ငွေကျပ် ၇၄၉ ဒသမ ၅၉၄ ဘီလီယံ၊ အကောင်အထည်ဖော်နိုင်မှု ၁၂၆ ဒသမ ၅၂ ရာခိုင်နှုန်း ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ် အောက်တိုဘာလမှ မတ်လအထိ အမှန်ကောက်ခံရရှိမှု အခြေ အနေများကို သိရှိနိုင်ပါရန်နှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဒုတိယခြောက်လပတ်ကို လည်း ရည်မှန်းချက်ပြည့်မီစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အစီရင် ခံစာအပေါ် သုံးသပ်ဆွေးနွေး၍ အတည်ပြုပေးနိုင်ပါရန် ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုလွှတ်တော်နာယကက ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ဝန်ကြီးဌာန အဖွဲ့အစည်းများ၏ ပထမခြောက်လပတ် အခွန်ရငွေစာရင်းများနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ ဖတ်ကြားတင်ပြခြင်းကို ၂၀၁၉ ခုနှစ် ဩဂုတ် ၉ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ဆက်လက် ဆောင်ရွက်သွားရန် လျာထားပါကြောင်းကြေညာပြီး အစည်းအဝေးကို ရပ်နား လိုက်သည်။

**သတင်း-မော်စီ၊ မွေးကြူဇင်၊ဓာတ်ပုံ-ထန်းဖုန်**



# ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးစော အမေရိကန်သံရုံးဒုတိယအတွင်းဝန်နှင့် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)တို့အား သီးခြားစီတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၇**

ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလ အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးစောသည် ရန်ကုန်မြို့ အမေရိကန် သံရုံးမှ လူ့အခွင့်အရေးနှင့် လူမျိုးရေး ပဋိပက္ခဆိုင်ရာအရာထမ်း၊ ဒုတိယ အတွင်းဝန်/ ဒုတိယကောင်စစ်ဝန် Mr. John Ryan အား ယနေ့နံနက် ၇ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အဆောင် အမှတ် (I-5) အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ ကော်မတီမှ တာဝန်ယူဆောင် ရွက်နေရသော လုပ်ငန်းတာဝန်များနှင့် ဥပဒေရေးရာ ကိစ္စရပ်များကို ဆွေးနွေး ကြသည်။

အလားတူ နိုင်ငံရေးအကျဉ်းသား များ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)၏ အမှုဆောင်ကော်မတီဝင် ဦးအောင်မျိုးကျော် ဦးဆောင်သော အဖွဲ့အား မွန်းလွဲ ၁ နာရီတွင် တွေ့ဆုံ၍ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥပဒေနှင့် ပတ်သက်သည့် ဥပဒေရေးရာကိစ္စရပ်များကို ဆွေးနွေး ကြသည်။ **(အပေါ်ပုံ)** **သတင်းစဉ်**

## မြန်မာနိုင်ငံသတင်းစာဆရာအသင်း (ရန်ကုန်တိုင်းဒေသကြီး) လုပ်ငန်းစွမ်းဆောင်ရည်ဆုချီးမြှင့်

**ရန်ကုန် ဩဂုတ် ၇**

မြန်မာနိုင်ငံ သတင်းစာဆရာအသင်း (ရန်ကုန်တိုင်းဒေသကြီး) သတင်းစာ ဆရာအသင်း၏ ၂၀၁၉ ခုနှစ် နှစ်ပတ်လည် အစည်းအဝေးကို ဩဂုတ် ၆ ရက် နံနက် ၉ နာရီက ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းရုံး အစည်းအဝေး ရွှေဥဒေါင်းခန်းမ၌ ကျင်းပ သည်။

နှစ်ပတ်လည် အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး သတင်းစာဆရာ အသင်း ၂၀၁၈-၂၀၁၉ ခုနှစ်အတွင်း မြို့နယ်များအလိုက် သတင်းစာဆရာ အသင်းများ၏ လှုပ်ရှားမှုလုပ်ငန်း စွမ်းဆောင်ရည် အကောင်းဆုံးဆုများ ချီးမြှင့်ခဲ့ရာ အင်းစိန်မြို့နယ် သတင်းစာ ဆရာအသင်း အလုပ်အမှုဆောင်အဖွဲ့က လှုပ်ရှားမှုလုပ်ငန်း စွမ်းဆောင်ရည် အကောင်းဆုံးဆုရရှိခဲ့ပြီး မြန်မာနိုင်ငံ သတင်းစာဆရာအသင်း(ဗဟို)မှ ဗဟို အလုပ်အမှုဆောင် ဒေါက်တာဇော်သန်း က အင်းစိန်မြို့နယ် သတင်းစာဆရာ အသင်းဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာ ဗိုလ်သံမဏိ-တောင်တွင်းကြီး)၊ ဒုတိယ ဥက္ကဋ္ဌ ဦးမင်းခိုင် (ဖိုးတုတ်)နှင့် အတွင်း ရေးမှူး ဦးမြင့်ဦး (မြင့်ဦး-အင်းစိန်)တို့ အား လှုပ်ရှားမှုအကောင်းဆုံးစွမ်းဆောင် ရည်ဆု ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ညဏ်လင်း**

## စစ်တောင်း၊ ရွှေကျင်၊ သံလွင်၊သောင်ရင်း၊ငဝန်နှင့် ဘီးလင်းမြစ်တို့၏ မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၇**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ငါးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ် အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း တစ်ပေခန့်ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် လေးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း တစ်ပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း တစ်ပေခွဲခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက် အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ငဝန်မြစ်ရေသည် သာပေါင်းမြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း ပေဝက်ခန့်ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက် အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မဒေါက်မြို့ ရွှေကျင်မြို့နယ်၊ ဘားအံမြို့နယ်၊ သာပေါင်းမြို့နယ်နှင့် ဘီးလင်းမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် JICA မှ Chief Representative ဦးဆောင်သောအဖွဲ့နှင့် ကိုရီးယားနိုင်ငံ ဘူဆန်မြို့ရှိ မြန်မာဂုဏ်ထူးဆောင် ကောင်စစ်ဝန်ချုပ် ဦးဆောင်သောအဖွဲ့တို့အား သီးခြားစီလက်ခံတွေ့ဆုံ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့် JICA မှ Chief Representative ဖြစ်သူ Mr.Masayuki Karasawa ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

နေပြည်တော် ဩဂုတ် ၇

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်သည် JICA မှ Chief Representative ဖြစ်သူ Mr.Masayuki Karasawa ဦးဆောင်သောအဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင်လည်းကောင်း၊ ကိုရီးယားနိုင်ငံ ဘူဆန်မြို့ရှိ မြန်မာဂုဏ်ထူးဆောင် ကောင်စစ်ဝန်ချုပ် Mr.Won Bae Dahn ဦးဆောင်သောအဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင်လည်းကောင်း ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ သီးခြားစီလက်ခံတွေ့ဆုံသည်။**

JICA မှ Chief Representative ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံစဉ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက် နည်းပညာပိုင်းဆိုင်ရာ ကူညီဆောင်ရွက်ပေးနေမှု အခြေအနေ၊ ဝန်ထမ်းများ၏ အရည်အသွေးမြှင့်တင်ရေးဆိုင်ရာ သင်တန်းများဖွင့်လှစ်ပို့ချ၍ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အားနည်းချက်၊ အားသာချက်များ၊ ရုပ်မြင်သံကြားထုတ်လွှင့်မှု ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ကိုရီးယားနိုင်ငံ ဘူဆန်မြို့ရှိ မြန်မာဂုဏ်ထူးဆောင် ကောင်စစ်ဝန်ချုပ် ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံရုပ်ရှင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် နေပြည်တော်တွင် ရုပ်ရှင်သင်တန်းကျောင်း Film School တည်ဆောက်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲများသို့ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ရုပ်သံထုတ်လွှင့်မှု စက်ပစ္စည်းကိရိယာများ တိုးချဲ့တပ်ဆင်ခြင်း စီမံကိန်းပြီးမြောက်မှုအခမ်းအနား ကျင်းပ

**ရန်ကုန် ဩဂုတ် ၇**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ဂျပန်ယန်း ၂၂၆၃ သန်း တန်ဖိုးရှိသော ရုပ်သံထုတ်လွှင့်မှု စက်ပစ္စည်းကိရိယာများ တိုးချဲ့တပ်ဆင်ခြင်း စီမံကိန်းပြီးမြောက်မှုအခမ်းအနားကို ယနေ့မွန်းလွဲ ၃ နာရီက ရန်ကုန်မြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အဆောက်အအုံတစ်ခုလုံးပြုပြင်**

စီမံကိန်းအဖြစ် နေပြည်တော် (ရုံးချုပ်)တွင် တပ်ကုန်း- ရန်ကုန်ကွန်ရက်ချိတ်ဆက်စနစ်၊ မှတ်တမ်းထိန်းသိမ်းရေးစနစ်၊ ဒစ်ဂျစ်တယ်စနစ်သုံး DSNG Van နှစ်စီးဖြင့် ပြင်ပရိုက်ကူးရေး ရုပ်သံထုတ်လွှင့်ခြင်း၊ တိပ်ခွေဟောင်းများကို ကွန်ပျူတာဖြင့် ထိန်းသိမ်းလုပ်ဆောင်ခြင်း၊ စက်ပစ္စည်းကိရိယာများ ပြုပြင်ထိန်းသိမ်းမှုနှင့် တိုင်းတာခြင်းများ ပါဝင်သည့် MRTV (ရန်ကုန်) ရုံးတွင် LED Lighting အပါအဝင် HD စတူဒီယိုအတွင်း စက်ပစ္စည်းကိရိယာများ တိုးချဲ့တပ်ဆင်ပေးခြင်း၊ ကွန်ပျူတာဂရပ်ဖစ်ရေးဆွဲခြင်းဆိုင်ရာ အတတ်ပညာနှင့် Virtual စနစ်နှင့် ကွန်ပျူတာဖြင့် မှတ်တမ်းထိန်းသိမ်းရေးစနစ် ပါဝင်သော အချက်အလက်များ ပေးပို့ခြင်းစနစ်၊ ဒစ်ဂျစ်တယ်စနစ်သုံး DSNG Van တစ်စီးဖြင့် ရိုက်ကူးရေးရုပ်သံထုတ်လွှင့်ခြင်း၊ စက်ပစ္စည်းကိရိယာများ ပြုပြင်ထိန်းသိမ်းမှုနှင့် တိုင်းတာခြင်းများ MRTV Studio အဆောက်အအုံတစ်ခုလုံးအမိုးအပါအဝင် ပြန်လည်ပြုပြင်မွမ်းမံခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**လိုအပ်သော စက်ပစ္စည်းများတပ်ဆင်**

ထို့ပြင် စီမံကိန်းတစ်ခုလုံးအတွက် Supplier အဖြစ် Sumitomo Corporation မှ တာဝန်ယူပြီး MRTV ၏ ရုပ်မြင်အဆောက်အအုံ ပြန်လည်ပြုပြင်မွမ်းမံမှုကို Toda Corporation မှ ဆောင်ရွက်ပေးခဲ့ကြောင်း၊ NEC Corporation မှ HD စတူဒီယိုအတွင်း စက်ပစ္စည်းများတပ်ဆင်မှု Sub Control Room အတွင်း Hardware၊ Software များတပ်ဆင်မှု၊ Computer Graphic စနစ်နှင့် Virtually စနစ်များအတွက် စက်ပစ္စည်းများ Archieve စနစ်နှင့် ရန်ကုန်- တပ်ကုန်း ကွန်ရက်ချိတ်ဆက်မှုများအတွက် လိုအပ်သော စက်ပစ္စည်းကိရိယာများကို တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

ယင်းဆောင်ရွက်မှုများကြောင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV ၏ ပုံမှန်ထုတ်လွှင့်နေသည့် ထုတ်လွှင့်မှုလုပ်ငန်းများ ပိုမိုချောမွေ့မြန်ဆန်လာရုံသာမက အစီအစဉ်အရေအတွက် တိုးမြှင့်ထုတ်လုပ်နိုင်မည်ဖြစ်ပြီး Virtual စနစ်ရှိနေသည့်အတွက် နောက်ခံ Background ပုံစံမျိုးစုံဖြင့် မတူကွဲပြားခြားနားသော အစီအစဉ်များ ပြောင်းလဲထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**စာရွက်စာတမ်းများလွှဲပြောင်းပေးအပ်**

ယနေ့ အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က ကျေးဇူးတင် စကားပြောကြားပြီး NHK Technologies, Inc မှ အကြံပေးအရာရှိချုပ် Mr. Akira Nagaseက စီမံကိန်းပြီးမြောက်မှုအတွက် ဝမ်းမြောက်ကြောင်း ပြောကြားကာ စီမံကိန်းဆိုင်ရာ စာရွက်စာတမ်းများကို အမြဲတမ်း အတွင်းဝန် ဦးမျိုးမြင့်မောင်ထံ လွှဲပြောင်းပေးအပ်ခဲ့သည်။ (**ယာပုံ**)

**သတင်းစဉ်**




❀ *ကျော့ဖုံးမှ*

ပြေးဆွဲပေးဖို့ စတင်မှာဖြစ်ပါတယ်။ စတင်ဆောင်ရွက်မယ့် လမ်းကြောင်းတွေကိုလည်း သတင်းစာတွေမှာ ဖော်ပြထားပါတယ်။ ဒါ့အပြင် ရုပ်မြင်သံကြားတွေမှာလည်း အသိပေးကြေညာသွားမှာ ဖြစ်ပါတယ်” ဟု YRTA တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ပြောသည်။

**ပထမအဆင့်ခြောက်လကြာမည်**

ယခု အကောင်အထည်ဖော်တည်ဆောက်မည့် ရန်ကုန်- ဒလတံတား စီမံကိန်းတွင် ဒလဘက်ခြမ်း ဆောက်လုပ်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်မှုကို ပြီးခဲ့သော ဇူလိုင်လအတွင်းက စတင်ဆောင်ရွက်ခဲ့ပြီး ယခုရန်ကုန်ဘက်ကမ်း ပထမအဆင့်လုပ်ငန်းများကို စတင်ဆောင်ရွက်ရာ၌ ခြောက်လကြာမည်ဖြစ်ကြောင်း သိရသည်။ ယင်းတံတားဆောက်လုပ်မှုလုပ်ငန်းများ အနှောင့်အယှက် ကင်းစေရန်အတွက် YRTA အနေဖြင့် အဆိုပါလမ်းကြောင်းပေါ်၌ ပြေးဆွဲလျက်ရှိသော ခရီးသည်တင် YBS ယာဉ်များ အဆင်ပြေပြေပြေးဆွဲပေးနိုင်ရေး အသေးစိတ်လမ်းကြောင်းများ ရေးဆွဲကာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြထားကြောင်းလည်း တွဲဖက်အတွင်းရေးမှူးက ပြောကြားသည်။

**ဘုန်းကြီးလမ်းမှပြောင်းလဲပြေးဆွဲမည်**

ရန်ကုန်- ဒလတံတား စတင်တည်ဆောက်မှုတွင် ပြောင်းလဲပြေးဆွဲပေးမည့် ယာဉ်လိုင်းများမှာ Ommi Focus က တာဝန်ယူပြေးဆွဲနေသော Airport Shuttle Bus ခရီးစဉ်လမ်းကြောင်း၊ အနောက်ပိုင်းတက္ကသိုလ်- ကမ်းနားလမ်း- မော်တင်ခရီးစဉ်အား ပြေးဆွဲပေးလျက်ရှိသော YBS ၂၁ ယာဉ်များ ခရီးစဉ်လမ်းကြောင်းနှစ်ခု၊ YBS ၃၅ ခရီးစဉ်လမ်းကြောင်း၊ YBS ၃၇ ခရီးစဉ်လမ်းကြောင်း၊ YBS ၃၉ ခရီးစဉ်လမ်းကြောင်း နှစ်ခုနှင့် YBS ၇၉ ခရီးစဉ်လမ်းကြောင်းတို့ကို အဆိုပါ ဘုန်းကြီးလမ်းကြောင်းမှ ပြောင်းလဲပြေးဆွဲပေးသွားမည် ဖြစ်သည်။

“တင်ပြထားတဲ့ ပထမအဆင့် ယာဉ်လိုင်းတွေကို ပြောင်းလဲပြေးဆွဲတဲ့အခါမှာ ပြည်သူလူထုအနေနဲ့ အခက်အခဲအနည်းဆုံးဖြစ်အောင် လုပ်ဆောင်ပေးမှာဖြစ်ပါတယ်။ ပြောင်းလဲပြေးဆွဲမယ့် လမ်းကြောင်းတွေကို ချက်ချင်းအများကြီး ပြောင်းရင်လည်း ပြည်သူတွေ အခက်အခဲအများကြီး တွေ့နိုင်ပါတယ်။ ဒီတံတားစီမံကိန်းဟာ တည်ဆောက်မယ့်ကာလမှာပဲ မဟုတ်ပါဘူး။ ဘုန်းကြီးလမ်းဟာ အနာဂတ်မှာတော့ တံတားဆင်းမယ့်လမ်းကြောင်းဖြစ်လို့ ခရီးသည်တင်ယာဉ်ကြီးတွေအတွက်အသုံးချဖို့ အဆင်ပြေမှာ မဟုတ်တော့ဘူး။ ဒါကြောင့် ဒုတိယအဆင့်မှာတော့ ပထမအဆင့်တည်ဆောက်ရေးကာလတွေ လုပ်နေတဲ့အချိန်မှာ လမ်းကြောင်းတွေကို ပြောင်းလဲပြေးဆွဲခြင်းဖြင့် ပြည်သူလူထုသွားလာမှုအခက်အခဲ အနည်းဆုံးဖြစ်အောင် ကျွန်တော်တို့အနေနဲ့ အသေးစိတ်လေ့လာဆောင်ရွက်မှာပါ။

ပြည်သူတွေရဲ့ သွားလာမှုတွေကို ဆန်းစစ်ပြီးတော့ လမ်းကြောင်းပြောင်းလဲပြေးဆွဲမှုကို ဒုတိယအဆင့် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် မှတ်တိုင်တွေမှာလည့်ကင်းတွေနဲ့ သွားရောက်အသိပေးခြင်း၊ ယာဉ်လိုင်းတွေကနေ မှတ်တိုင်တွေမှာ အချိန်ပိုင်းနဲ့ သွားရောက်သတိပေးခြင်း၊ ယာဉ်တွေပြေးဆွဲရာမှာ မှန်ကန်မှုရှိ၊ မရှိ ကြပ်မတ်ခြင်းဆိုတဲ့ အပိုင်းသုံးပိုင်းကို စတင်ပြောင်းလဲပြေးဆွဲကာလမှာ ပြည်သူလူထုအတွက် အထောက်အပံ့ပြုနိုင်အောင် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်”ဟု မီဒီယာရှင်းလင်းပွဲတွင် YRTA တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က မီဒီယာများအား ရှင်းပြသည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**



YRTA တွဲဖက်အတွင်းရေးမှူး ဦးလှအောင် မီဒီယာများအား ရှင်းလင်းပြောကြားနေစဉ်။ ဓာတ်ပုံ- မင်းထက်

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၇**

စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းတွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင်နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေပြည်တော်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၅ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**






**Myanmar Sat 2 ပါဝင်သည့် Intelsat 39 ကို ပြင်သစ်ဂီယာနာအာရိယန်အာကာသဒုံးပျံပစ်လွှတ်ရေး အခြေစိုက်စခန်းမှ လွှတ်တင်ပြီးနောက် အာကာသပတ်လမ်းထဲသို့ ရောက်ရှိမှုအဆင့်ဆင့်ကို တွေ့ရစဉ်။** (အပေါ်ပုံနှင့် ယာပုံများ)



❈ *ကျောဖုံးမှ*

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးသိန်းက “Myanmar Sat 2 ကို အသုံးပြုပြီး ၉၅ ရာခိုင်နှုန်းသော ပြည်သူလူထုတွေ ကောင်းမွန်တဲ့ ဆက်သွယ်ရေးရရှိစေဖို့၊ ကျန်းမာရေးစောင့်ရှောက်မှုနဲ့ ပညာရေးကဏ္ဍတွေ အတွက် e-Government လုပ်ငန်းတွေကို တွင်တွင်ကျယ်ကျယ် ထောက်ပံ့ပေးဖို့ဆိုတဲ့ ရည်ရွယ်ချက်ဖြစ်မြောက်အောင်မြင်အောင် ဆောင်ရွက်ဖို့ဖြစ်ပါတယ်”ဟု ပြောသည်။

Myanmar Sat 2 သည် Intelsat Satellite Operator နှင့်ပူးပေါင်းလွှတ်တင်ခြင်းဖြစ်ပြီး မြန်မာပိုင်သည့်အပိုင်းကို Myanmar Sat 2 ဟု အမည်တပ်ခွင့်ရခဲ့ကြောင်း၊ နောက်ဆုံးပေါ် နည်းပညာအသုံးပြုထားသည့်အတွက် Myanmar Sat 1 ထက် အဆ ၈ ဆမှ ၁၀ ဆ အထိ ပိုမိုကောင်းမွန်ပြီး အရည်အသွေးမြင့်သည့် ဆက်သွယ်မှုများ ရရှိနိုင်ကြောင်း၊ ဖမ်းယူမှုအား ပိုမိုရရှိသည့်အတွက် Myanmar Sat 2 အသုံးပြုသည့် မိုဘိုင်းအင်တာနက်နှင့် အခြားဆက်သွယ်ရေးများတွင်လည်း မြန်နှုန်းပိုမိုရရှိလာမည်ဖြစ်ကြောင်း။

Myanmar Sat 2 ဂြိုဟ်တု တည်ဆောက်နိုင်ရေးအတွက် သတင်းအချက်အလက် နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေး ဦးစီးဌာနနှင့် Intelsat ကုမ္ပဏီအကြား သဘောတူညီမှုစာချုပ်ကို ၂၀၁၈ ခုနှစ် ဇွန် ၁ ရက်တွင် စတင်လက်မှတ်ရေးထိုးပြီး အဆိုပါဂြိုဟ်တုကို Intelsat အတွက် မာဇာနည်းပညာကုမ္ပဏီက (၅၂)စင်းမြောက် ဂြိုဟ်တုအဖြစ် တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်းနှင့် စုစုပေါင်းကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၁၅၅ ဒသမ ၇ သန်းခန့်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**







**Myanmar Sat 2 ပါဝင်သည့် Intelsat 39 အောင်မြင်စွာလွှတ်တင်ရေးအခမ်းအနား ကျင်းပစဉ် (ဝဲပုံ) နှင့် အမြဲတမ်းအတွင်းဝန် ဦးစိုးသိန်းအား Intelsat ကုမ္ပဏီမှ တာဝန်ရှိသူက အထိမ်းအမှတ် လက်ဆောင်ပေးအပ်စဉ်။**

# ပျဉ်းမနားမြို့ မင်္ဂလာရှမ်းကန်အတွင်းမှ ငါးကောင်ရေ ၅၀၀၀၀ခန့် ကန်ပြောင်းရွှေ့ပေး

**နေပြည်တော် ဩဂုတ် ၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးမှ ဦးစီး၍ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန၏ နည်းပညာနှင့် မြို့မိမြို့ဖများ၏ ပံ့ပိုးကူညီမှုတို့ဖြင့် ပျဉ်းမနားမြို့ ရန်အောင်(၂) ရပ်ကွက်အတွင်းရှိ မင်္ဂလာရှမ်းကန်မှ ငါးများကို ဇမ္ဗူသီရိမြို့နယ် မင်္ဂလာကန်သို့ ဩဂုတ် ၅ ရက်မှစ၍ ပြောင်းရွှေ့မှုကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ငါးများ ပြောင်းရွှေ့ရခြင်းနှင့် ပတ်သက်၍ ၂၀၁၈ ခုနှစ် မေ ၁၃ ရက်နှင့် ၁၄ ရက်များတွင် မင်္ဂလာရှမ်းကန်အတွင်းမှ ငါးအကောင်ရေ ၃၀၀ မှ ၄၀၀ အထိ အကြီးစားသေဆုံးခဲ့ပြီး တစ်နေ့လျှင် ၁၅ ကောင်မှ အကောင် ၂၀ ဝန်းကျင်ခန့် သေဆုံးနေသောကြောင့် ငါးလုပ်ငန်းဦးစီးဌာနမှ ခာတ်ခွဲစမ်းသပ်ချက်အရ ငါးနှင့်ရေ မျှတမှုမရှိခြင်းနှင့် ရေ၏ သန့်ရှင်းမှုနည်းပြီး ငါးများ အောက်ဆီဂျင်ကို ကောင်းစွာမရခြင်းများကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း စမ်းသပ်တွေ့ရှိရသည်။ ငါးများကို ပြောင်းရွှေ့ရန်အတွက် ငါးလုပ်ငန်းဦးစီးဌာနမှ နည်းပညာနှင့် မြို့မိမြို့ဖများ၏ ပံ့ပိုးကူညီမှုတို့ဖြင့် မင်္ဂလာရှမ်းကန်အတွင်း ငါးအကောင်ရေတစ်သိန်းကျော်ရှိသည့်အနက်မှ ငါးပိသာနှင့်အထက် ငါးကြီး ၅၀၀၀၀ ခန့်ကို ဇမ္ဗူသီရိမြို့နယ် ပရဆေးဥယျာဉ်နှင့် မျက်နှာချင်းဆိုင်မှ ဧက ၄၀ ရှိ မင်္ဂလာကန်သို့ ပြောင်းရွှေ့ပေးလျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးထံမှ သိရသည်။

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးထွန်းနွယ်ဦးက “ဒီမင်္ဂလာရှမ်းကန်မှာရှိတဲ့ ငါးတွေက ကန်နဲ့ငါး မမျှဘူးဖြစ်နေတယ်။ ကန်ကိုမဆယ်ခဲ့တာကလည်း နှစ် ၃၀ ကျော်တော့ ဒီထဲမှာ ငါးတွေကအဝင်ပဲရှိတယ်။ အထွက်မရှိဘူး။ ဒေသခံပြည်သူတွေကလည်း အခါကြီး ရက်ကြီးတွေမှာ ကုသိုလ်အဖြစ် ငါးလွှတ်တော့ နှစ်ပေါင်းကြာလာတဲ့အခါ ကန်ထဲမှာ ငါးတွေများလာတာပေါ့။ ဒါကြောင့်ကန်ထဲက ငါးအကောင်ရေများတဲ့အတွက် အကောင်ရေလျှော့ချတဲ့အနေနဲ့ ကန်ပြောင်းရွှေ့ပေးတာ ဖြစ်ပါတယ်”ဟု ပြောကြားသည်။

**စိုးမိုး(မြန်/ဆက်)**



မင်္ဂလာရှမ်းကန်အတွင်းမှ ငါးများကို ပြောင်းရွှေ့ပေးရန် ဆယ်ယူနေစဉ်။

## ဝက်ရောဂါဖြစ်ပွားမှု အသိပညာပေး

**မိုင်းယောင်း ဩဂုတ် ၇**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမြို့နယ်တွင် ဝက်များရောဂါဖြစ်ပွားမှု ကာကွယ်နိုင်ရန် တစ်ပိုင်တစ်နိုင်ဝက်မွေးသူများအား ပညာပေးဟောပြောပွဲကို ဩဂုတ် ၇ ရက်က မြို့မအားကစားရုံ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းက ဝက်များနာမကျန်းဖြစ်လျှင် သက်ဆိုင်ရာသို့ ချက်ချင်းအကြောင်းကြားရန်၊ သံသယရှိသောဝက်၏ သွေးနမူနာအားမြို့နယ်မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှ ကျိုင်းတုံမြို့ရှိ ခာတ်ခွဲခန်းသို့ ဆက်လက်ပို့ဆောင်နိုင်ရေး စီစဉ်နေကြောင်း ပြောကြားသည်။ ထို့နောက် တက်ရောက်လာသူများအား တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။

**မြို့နယ်(မြန်/ဆက်)**

# မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေပြဋ္ဌာန်း

***ယမန်နေ့မှအဆက်***

(ဃ) ဝန်ထမ်းများအတွက် အလုပ်ချိန်များ၊ ခွင့်ရက်ခံစားခွင့်များ၊ အလုပ်ခွင်စည်းမျဉ်းနှင့် စည်းကမ်းများကို အလုပ်သမားဆိုင်ရာ ဥပဒေများနှင့်အညီ သတ်မှတ်ဆောင်ရွက်ခွင့်ရှိခြင်း၊

( င ) သက်တမ်းအရ ပယ်ဖျက်ရမည့် ကော်ပိုရေးရှင်းပိုင် ပစ္စည်းများကို သတ်မှတ်ချက်များနှင့်အညီ စာရင်းရှင်းလင်းပယ်ဖျက်ခြင်း၊

( စ ) ကော်ပိုရေးရှင်းပိုင်ဆိုင်သော သို့မဟုတ် ခွင့်ပြုချက်ရရှိထားသော အသိဉာဏ်ပစ္စည်းဆိုင်ရာ မူပိုင်ခွင့်များ ( Intellectual Property Rights ) အား ကော်ပိုရေးရှင်း၏ ခွင့်ပြုချက်မရှိဘဲ အသုံးပြုသူကို တရားစွဲဆိုခြင်း၊

(ဆ) ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်တွင်း ပြည်ပကုမ္ပဏီ၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်အားလုပ်ငန်းအပ်နှံဆောင်ရွက်ခြင်း။

**အခန်း (၇)**

**ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကိုင်ခြင်း**

၂၆။ ကော်ပိုရေးရှင်းသည် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်လိုပါက ဆက်သွယ်ရေးဥပဒေနှင့်အညီ လုပ်ငန်းလိုင်စင်ရယူ၍ ဆောင်ရွက်ရမည်။

၂၇။ ကော်ပိုရေးရှင်းသည် သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်နိုင်သည် -

(က) လက်အောက်ခံကုမ္ပဏီ သီးခြားတည်ထောင်၍ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းနှင့် ဆက်စပ်သည့် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်း၊

( ခ ) မိမိပိုင်ပစ္စည်းများနှင့် လုပ်ကိုင်ခွင့်ရရှိသောပစ္စည်းများကို ဒါရိုက်တာအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆက်သွယ်ရေးဝန်ဆောင်မှုနှင့် ဆက်စပ်သည့် အခြားစီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်း။

၂၈။ ကော်ပိုရေးရှင်းသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန်အလို့ငှာ ပြည်တွင်း ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများနှင့် သဘောတူစာချုပ်ချုပ်ဆို၍ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ရပ်ကို တည်ဆောက်-လုပ်ကိုင်-လွှဲပြောင်း (Build Operate Transfer- BOT) စနစ်စသည့် စီးပွားရေးပူးပေါင်း ဆောင်ရွက်သည့် စနစ်တစ်မျိုးမျိုးဖြင့် လုပ်ကိုင်ရန် စီမံချက်ရေးဆွဲ၍ ဝန်ကြီးဌာန၏ အတည်ပြုချက်ရယူပြီး ဆောင်ရွက်နိုင်သည်။

**အခန်း(၈)**

**ဝန်ထမ်းရေးရာကိစ္စများ**

၂၉။ (က) ကော်ပိုရေးရှင်းသည် မိမိဝန်ထမ်းများ၏ အရည်အချင်း၊ ဆောင်ရွက်ရမည့်လုပ်ငန်းအမျိုးအစား၊ ဝန်ထမ်းတစ်ဦးချင်း တာဝန်ခွဲဝေပုံနှင့် တာဝန်ခံမှုတို့ကို ဖွဲ့စည်းပုံအရ လိုအပ်သလို သတ်မှတ်ထားရှိရမည်။

( ခ ) ကော်ပိုရေးရှင်း၏ ဝန်ထမ်းများသည် နိုင်ငံ့ဝန်ထမ်း မဖြစ်စေရ။

၃၀။ ဝန်ကြီးဌာနသည် -

(က) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် တာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်းများက ဤဥပဒေအရ ဖွဲ့စည်းသောကော်ပိုရေးရှင်းသို့ ၎င်းတို့ဆန္ဒအရ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သည့်အခါ ယင်းဝန်ထမ်းများ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် တာဝန်ထမ်းဆောင်ခဲ့စဉ်က ရာထူးတာဝန်နှင့် ရပိုင်ခွင့်အောက် လျော့နည်းခြင်း မရှိစေရန် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

( ခ ) ကော်ပိုရေးရှင်းသို့ ပြောင်းရွှေ့ထမ်းဆောင်ရန် ဆန္ဒမပြုသော ဝန်ထမ်းများကို မိမိ၏ဝန်ကြီးဌာနလက်အောက်ရှိ သင့်လျော်သည့်ဌာန၊ အဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ၊ ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်အခြားပြည်ထောင်စုဝန်ကြီးဌာန လက်အောက်ရှိ သင့်လျော်သည့်ဌာန၊ အဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ ပြောင်းရွှေ့နေရာချထားပေးနိုင်သည်။

( ဂ ) ကော်ပိုရေးရှင်းသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် ဆန္ဒမပြုသည့်အပြင် ပုဒ်မခွဲ (ခ) အရ သင့်လျော်သည့်ဌာန၊ အဖွဲ့အစည်းတစ်ခုခုသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် ဆန္ဒမပြုလျှင်သော်လည်းကောင်း၊ အခြားဌာန၊ အဖွဲ့အစည်းတစ်ခုခုသို့ ပြောင်းရွှေ့နေရာချထားခြင်း မပြုနိုင်လျှင်သော်လည်းကောင်း ထိုဝန်ထမ်းများအား တည်ဆဲဥပဒေနှင့်အညီ လျော်ကြေးပင်စင် ခံစားခွင့်ပြုရမည်။

၃၁။ ဝန်ကြီးဌာနသည် -

(က) အောက်ပါကိစ္စရပ်များအတွက် ကော်ပိုရေးရှင်း၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံစေရန် စီစဉ်ဆောင်ရွက်ပေးရမည်-

(၁) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဝန်ထမ်းများ၏ ပင်စင်ခံစားခွင့်များ၊

(၂) ဤဥပဒေအရ ဖွဲ့စည်းသည့် ကော်ပိုရေးရှင်းသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သောဝန်ထမ်းများအတွက် လုပ်သက်ဆုငွေ၊ ချီးမြှင့်ငွေ၊ အငြိမ်းစားလစာနှင့် အငြိမ်းစားယူမှုဆိုင်ရာကိစ္စများ၊

(၃) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ပြည်ပချေးငွေ ပြန်လည်ပေးဆပ်ရန် တာဝန်များ။

( ခ ) ကော်ပိုရေးရှင်းအတွက် လုပ်ငန်းလည်ပတ်ရန် လိုအပ်သော ကနဦးမတည်ရင်းနှီးငွေကို ကော်ပိုရေးရှင်းက အဆိုပြုတင်ပြစေပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ စိစစ်၍ ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေမှ တောင်းခံရမည်။

၃၂။ အမှုဆောင်အရာရှိချုပ်သည် ဒါရိုက်တာအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ -

(က) ကော်ပိုရေးရှင်း၏ ဝန်ထမ်းများအား ခန့်အပ်ရာတွင် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ချုပ်ဆိုခြင်းကို တည်ဆဲအလုပ်သမားဆိုင်ရာဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

( ခ ) ဝန်ထမ်းဖွဲ့စည်းပုံအရ ခန့်အပ်တာဝန်ပေးခြင်း၊ အရည်အချင်းသတ်မှတ်ခြင်း၊ ဝန်ထမ်းများ၏ လစာ၊ စရိတ်နှင့် ချီးမြှင့်ငွေများ၊ ဝန်ထမ်းစည်းကမ်းများ၊ ရာထူးတိုးမြှင့်ပေးခြင်း၊ ပြောင်းရွှေ့ခြင်း၊ အနားယူခွင့်ပေးခြင်း၊ နုတ်ထွက်ခွင့်ပြုခြင်း၊ အရေးယူအပြစ်ပေးခြင်းနှင့် ရာထူးမှ ဖယ်ရှားခြင်းစသည့် ဝန်ထမ်းရေးရာကိစ္စများကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၃၃။ ကော်ပိုရေးရှင်းသည် -

(က) ကော်ပိုရေးရှင်းဝန်ထမ်းများ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ ဥပဒေနှင့်အညီ ရရှိရေးအတွက် စီစဉ်ဆောင်ရွက်ပေးရမည်။

( ခ ) ကော်ပိုရေးရှင်းဝန်ထမ်းများအား ခေတ်မီဆန်းသစ်သော ဆက်သွယ်ရေး ဝန်ဆောင်မှုနည်းပညာများ တတ်မြောက်စေရေးအတွက် ပြည်တွင်း ပြည်ပ၌ ကျင်းပသော အခမ်းအနားများ၊ ဆွေးနွေးပွဲများနှင့် သင်တန်းများ တက်ရောက်လေ့လာဆည်းပူးစေရန် စီစဉ်ဆောင်ရွက်ပေးရမည်။

( ဂ ) ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ ကော်ပိုရေးရှင်းဝန်ထမ်းများကို မှတ်ပုံတင်၍ ထည့်ဝင်ကြေးငွေပေးသွင်းပြီး အာမခံထားရှိရေး၊ အလုပ်တွင်ထိခိုက်မှု အာမခံ အကျိုးခံစားခွင့်ရရှိရေးနှင့် အခြားလူမှုဖူလုံရေး အကျိုးခံစားခွင့်တို့အတွက် လူမှုဖူလုံရေးအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(ဃ) ကော်ပိုရေးရှင်း၏ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း ဌာနအသီးသီးရှိ တာဝန်ခံဝန်ထမ်းများက ၎င်းတို့တာဝန်ယူ ဆောင်ရွက်သည့် လုပ်ငန်း၏ အောင်မြင်မှုနှင့် ဆုံးရှုံးမှုတို့ကို တာဝန်ခံစေရန် စီမံခန့်ခွဲခြင်းနှင့် ကြီးကြပ်ခြင်းတို့ ပြုရမည်။

**အခန်း(၉)**

**ဆုကြေးငွေချီးမြှင့်ခြင်း**

၃၄။ အမှုဆောင်အရာရှိချုပ်သည် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်အပေါ်တွင်လည်းကောင်း၊ ကော်ပိုရေးရှင်း၏ လုပ်ငန်းအောင်မြင်မှုအပေါ်တွင်လည်းကောင်း သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့်အညီ တွက်ချက်ထားသော ဆုကြေးကို ဒါရိုက်တာအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆုကြေးရန်ပုံငွေမှ ခံစားခွင့်ပြုနိုင်သည်။

**အခန်း (၁၀)**

**ဘဏ္ဍာရေး၊ ငွေရေးကြေးရေးနှင့် စာရင်းများ**

၃၅။ ကော်ပိုရေးရှင်းသည် အောက်ပါရငွေများဖြင့် မိမိ၏ဘဏ္ဍာရန်ပုံငွေကို ဝန်ကြီးဌာန၏သဘော တူညီချက်ဖြင့် ထူထောင်ထားရှိရမည် -

(က) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်က ကနဦး မတည်ထုတ်ပေးထားသော ရင်းနှီးငွေများ၊

( ခ ) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းပိုင် ပြည်တွင်း ပြည်ပရှိ ငွေကြေးများ၊ ရန်ပုံငွေများ၊ နိုင်ငံခြားသုံးငွေများ၊ သက်ဆိုင်ရာ လုပ်ငန်းများသို့ ကြိုတင်ထုတ်ပေးငွေများ၊ ကြွေးမြီများ၊ ငွေကြေးဆိုင်ရာ အခြားအခွင့်အရေးများ၊ အဆိုပါ ပိုင်ဆိုင်မှုများမှ ဆင့်ပွားဖြစ်လာသည့် အတိုးရငွေနှင့် အကျိုးအမြတ်များ၊ ရင်းနှီးမြှုပ်နှံမှုများ၊ ရှယ်ယာများ၊ ချေးငွေစာချုပ်များ၊ ချေးငွေပေးထားသည့် ဒီဗင်ချာများ၊ အာမခံလုပ်ငန်းနှင့် သက်ဆိုင်သည့်ငွေများ၊

( ဂ ) စုဆောင်းငွေမှ အတိုးရငွေများ၊

(ဃ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းနှင့် ဆက်စပ်သည့် စီးပွားရေးလုပ်ငန်းတစ်ခုခုတွင် ရင်းနှီးမြှုပ်နှံ၍ လုပ်ကိုင်ရာမှရရှိသော အကျိုးအမြတ်များ။

၃၆။ ကော်ပိုရေးရှင်းသည် -

(က) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ လွှဲပြောင်းရယူမည့် နိုင်ငံတော်၏ ပုံသေပိုင်ပစ္စည်းများအား ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်အရ စာရင်းရှိတန်ဖိုး (Book Value) ဖြင့် ခန့်မှန်းတန်ဖိုးတွက်ချက်၍ နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးအဖြစ် နိုင်ငံတော်က မတည်ထုတ်ပေးထားသော ရင်းနှီးငွေများတွင် ထည့်သွင်းဖော်ပြထားရမည်။

( ခ ) မိမိပိုင် မတည်ငွေရင်းများဖြင့် အများနှင့် မသက်ဆိုင်သော ကုမ္ပဏီကိုဖြစ်စေ၊ အများနှင့် သက်ဆိုင်သော ကုမ္ပဏီကိုဖြစ်စေ၊ ဖက်စပ်ကုမ္ပဏီကိုဖြစ်စေ တည်ထောင်သည့်အခါ မိမိထည့်ဝင်သည့် မတည်ငွေရင်းများကို ကာလပေါက်ဈေးတန်ဖိုး (Market Value) ဖြင့် တန်ဖိုးသင့်၍ ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ထည့်ဝင်ရမည်။

( ဂ ) နှစ်စဉ်ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းစီမံချက်နှင့် အရအသုံးခန့်မှန်းခြေငွေစာရင်းတို့ကို ရေးဆွဲပြီး ဒါရိုက်တာအဖွဲ့၏ အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနသို့ ပေးပို့၍ စီမံချက်နှင့်အညီ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည်။

(ဃ) ဘဏ္ဍာရေးနှစ်အလိုက် စုစုပေါင်းရငွေသုံးငွေများအား ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့်အညီ သီးခြားထည့်သွင်း၍ ဖော်ပြရမည်။

( င ) ရငွေသုံးငွေများကို ပြည်တွင်း ပြည်ပဘဏ်များတွင် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြုသည့် ကော်ပိုရေးရှင်း၏ ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ဘဏ်စာရင်းများကို ဖွင့်လှစ်ထားရှိရမည်။

( စ ) မိမိရရှိသောနိုင်ငံခြားသုံးငွေကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြုသည့် ကော်ပိုရေးရှင်း၏ ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ထုတ်ယူ သုံးစွဲခွင့်ရှိသည်။

(ဆ) မိမိလက်အောက်ရှိ လုပ်ငန်းအုပ်စုအလိုက် လည်းကောင်း၊ လုပ်ငန်းတစ်ခုချင်းအလိုက် လည်းကောင်း ရငွေ သုံးငွေ အခြေအနေများ ပေါ်လွင်စေရန် သီးခြားငွေစာရင်းများ ဖွင့်လှစ်ထားရှိရမည်။

( ဇ ) တည်ဆဲအခွန်အကောက်ဥပဒေအရ မိမိ၏ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းအတွက် ကင်းလွတ်ခွင့် သို့မဟုတ် လျှော့ပေါ့ခွင့်မပြုသော ကျသင့်သည့် အခွန်အခများကို ပေးသွင်းရမည်။

၃၇။ ကော်ပိုရေးရှင်းသည် အခွန်အကောက်များနှင့် နိုင်ငံတော်သို့ အမြတ်ငွေ ခွဲဝေပေးသွင်းပြီးနောက် အောက်ပါ ရန်ပုံငွေများကို မိမိအသားတင်ပိုလျှံငွေထဲမှဖြစ်စေ၊ ဝန်ထမ်း၏ စုဆောင်းငွေမှဖြစ်စေ လျာထားသတ်မှတ်၍ သီးခြားစီ ထူထောင်ထားရှိနိုင်သည်-

(က) လုပ်သက်ဆုကြေးရန်ပုံငွေ၊

( ခ ) ဖွံ့ဖြိုးမှုရန်ပုံငွေ၊

( ဂ ) တန်ဖိုးယုတ်လျော့မှု ရန်ပုံငွေ၊

(ဃ) အိုနာစာ ရန်ပုံငွေ၊

( င ) သက်သာချောင်ချိရေး ရန်ပုံငွေ၊

( စ ) ဆုကြေးရန်ပုံငွေ၊

(ဆ) အခြားလိုအပ်သော ရန်ပုံငွေ။

၃၈။ ကော်ပိုရေးရှင်းသည် -

(က) ဝန်ကြီးဌာနက သတ်မှတ်ထားသည့်အတိုင်း သာမန်အသုံးစရိတ်အောက်တွင် ပုဒ်မ ၃၇၊ ပုဒ်မခွဲ(ဂ)အရ ထူထောင်သည့် တန်ဖိုးယုတ်လျော့မှု ရန်ပုံငွေကို နှစ်စဉ်သီးခြားလျာထား သတ်မှတ်ထားရှိရမည်။

( ခ ) ဝန်ထမ်းများ၏ စုဆောင်းငွေများနှင့် မိမိ၏အသားတင် ပိုလျှံငွေထဲမှ အချိုးကျထည့်ဝင်ငွေဖြင့် ဝန်ထမ်းများအလုပ်မှ အနားယူသည့်အခါ အထောက်အပံ့ပေးနိုင်ရန် ပုဒ်မ ၃၇၊ ပုဒ်မခွဲ (ဃ) အရ ထူထောင်သည့် အိုနာစာ ရန်ပုံငွေဖြင့် စီမံဆောင်ရွက်နိုင်သည်။

၃၉။ ကော်ပိုရေးရှင်းသည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် ပြည်တွင်း ပြည်ပဘဏ်များနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများထံမှ ငွေချေးယူဆောင်ရွက်နိုင်သည်။

၄၀။ ကော်ပိုရေးရှင်းသည် အောက်ပါစာရင်းများကို ဒါရိုက်တာအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ တင်ပြရမည် -

(က) ဝန်ထမ်းအင်အားစာရင်း၊

( ခ ) ငွေသားအခြေအနေ၊

( ဂ ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းစာရင်း၊

(ဃ) ပိုင်ဆိုင်သည့်ပစ္စည်းစာရင်းနှင့်တန်ဖိုးစာရင်း၊

( င ) အရှုံးအမြတ်စာရင်း၊

( စ ) လက်ကျန်ရှင်းတမ်း။

၄၁။ ကော်ပိုရေးရှင်းသည် -

(က) ဌာနတွင်း ဘဏ္ဍာရေးကြီးကြပ်ရေးအဖွဲ့ဖွဲ့စည်း၍ ဝင်ငွေထွက်ငွေနှင့် စပ်လျဉ်းပြီး စစ်ဆေးကြီးကြပ်စေရမည်။

( ခ ) ဌာနတွင်းစာရင်းစစ်အဖွဲ့ ဖွဲ့စည်း၍ ကော်ပိုရေးရှင်း၏ ဘဏ္ဍာရေးအရအသုံးစာရင်းများကို ပုံမှန်စစ်ဆေးမှုများ ပြုလုပ်စေရမည်။ ထို့ပြင်ဌာနတွင်း စာရင်းစစ်အဖွဲ့၏ စာရင်းစစ်ဆေးမှု အစီရင်ခံစာကို ပြင်ပမှ စာရင်းစစ်ဆေးမှုမပြုလုပ်မီ ဌာနတွင်း ဘဏ္ဍာရေး ကြီးကြပ်ရေးအဖွဲ့က စိစစ်ပြီး ဒါရိုက်တာအဖွဲ့သို့ တင်ပြစေရမည်။

( ဂ ) မိမိ၏ နှစ်ချုပ်စာရင်းစစ် အစီရင်ခံစာကို ဒါရိုက်တာအဖွဲ့မှတစ်ဆင့် ဝန်ကြီးဌာနသို့ နှစ်စဉ်တင်ပြရမည်။

၄၂။ ကော်ပိုရေးရှင်းသည်-

(က) မိမိ၏ ဘဏ္ဍာငွေအရအသုံးစာရင်းများကို ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးက အတည်ပြုသည့် မြန်မာနိုင်ငံစာရင်းကောင်စီတွင် မှတ်ပုံတင်ထားသော စာရင်းစစ်အဖွဲ့တစ်ခုခု၏ စစ်ဆေးမှုကို ခံယူရမည်။

( ခ ) ပုဒ်မခွဲ(က)အရ တာဝန်ပေးအပ်ထားသည့် စာရင်းစစ်အဖွဲ့၏ စာရင်းစစ်ဆေးမှုအစီရင်ခံစာကို ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးသို့ တင်ပြရမည်။

၄၃။ ကော်ပိုရေးရှင်းသည် မိမိလုပ်ငန်းမှရရှိလာသော အသားတင် အမြတ်ငွေအနက်မှ ပြည်ထောင်စုအစိုးရအဖွဲ့က နှစ်စဉ်သတ်မှတ်ပေးသည့် အမြတ်ဝေစုကိုလည်းကောင်း၊ တည်ဆဲဥပဒေအရ ကျသင့်သည့် အခွန်အခများကိုလည်းကောင်း နိုင်ငံတော်သို့ ပေးသွင်းရမည်။

**အခန်း (၁၁)**

**အထွေထွေ**

၄၄။ အမှုဆောင်အရာရှိချုပ်သည် ဤဥပဒေအရ ကော်ပိုရေးရှင်းက ဆောင်ရွက်သည့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းကိုလည်းကောင်း၊ ယင်းလုပ်ငန်းနှင့် ဆက်စပ်သည့် အခြားစီးပွားရေးလုပ်ငန်းအဝဝကိုလည်းကောင်း ဒါရိုက်တာအဖွဲ့သို့ တာဝန်ခံ၍ ဆောင်ရွက်ရမည်။

၄၅။ ဒါရိုက်တာအဖွဲ့ဝင်များအတွက် ချီးမြှင့်ငွေနှင့် စရိတ်တို့ကို ကော်ပိုရေးရှင်း၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံရမည်။

၄၆။ ဒါရိုက်တာအဖွဲ့ဝင်များနှင့် ကော်ပိုရေးရှင်း၏ ဝန်ထမ်းများသည် ဤဥပဒေပါပြဋ္ဌာန်းချက်များအရ ပေးအပ်သောတာဝန်ကို ဆောင်ရွက်နေသည့်အချိန်တွင် ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၄၇။ ကော်ပိုရေးရှင်းကဖြစ်စေ၊ ကော်ပိုရေးရှင်းနှင့် ပူးပေါင်းဖွဲ့စည်းသည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း တစ်ရပ်ရပ်ကဖြစ်စေ ရရန်ပိုင်ခွင့်နှင့် တရားဝင် ဆောင်ရွက်ပိုင်ခွင့်တို့အတွက် တရားမကြောင်းဖြင့် စွဲဆိုသောအမှုများသည် ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယား၊ အပိုဒ် ၁၄၉ နှင့် သက်ဆိုင်စေရမည်။

၄၈။ ကော်ပိုရေးရှင်းပိုင် ငွေကြေးနှင့်ပစ္စည်းများသည် နိုင်ငံတော်ပိုင်ပစ္စည်းဖြစ်သည်ဟု မှတ်ယူရမည်။

၄၉။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

( ခ ) ဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

( ဂ ) ဒါရိုက်တာအဖွဲ့နှင့် ကော်ပိုရေးရှင်းတို့သည် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ)ဝင်းမြင့်**

**နိုင်ငံတော်သမ္မတ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# မိုးသည်းထန်စွာ ရွာသွန်း၍ ရေကြီးရေလျှံမှုများကြောင့် စာသင်ကျောင်းအချို့ယာယီပိတ်ထားရ

**ကျိုက်မရော**

မွန်ပြည်နယ် ကျိုက်မရောတွင် မိုးသည်းထန်စွာရွာသွန်းလျက်ရှိပြီး အတ္တရံမြစ်ရေမှာလည်း ဆက်လက်မြင့်တက်လာသဖြင့် မြစ်ကမ်းနှင့်နီးသော ကျေးရွာများဖြစ်သည့် ဦးလေးနှင့် ငပြေမကျေးရွာများတွင် တစ်ရွာလုံးနီးပါးရေနစ်မြုပ်လျက်ရှိပြီး အခြေခံပညာကျောင်းအချို့ယာယီပိတ်ထားရကြောင်း သိရသည်။

ယနေ့ နံနက်ပိုင်းတွင် ယာယီရေဘေးရှောင်စခန်းသို့ ရေဘေးသင့် အိမ်ထောင်စုများ ဆက်လက်ရောက်ရှိနေကြောင်း ကယ်ဆယ်ရေးစခန်းမှ တာဝန်ရှိသူက ပြောသည်။ ယနေ့တွင် ပြည်နယ်လူမှုဝန်ထမ်းနှင့် ပြန်လည်နေရာချထားရုံးမှ ပြည်နယ်မှူးနှင့်အဖွဲ့များ လာရောက်၍ ကယ်ဆယ်ရေးပစ္စည်းများ လာရောက်ထောက်ပံ့ပေးမည်ဖြစ်ကြောင်းနှင့် သတင်းများအရ ကျိုက်မရောတွင် ရေဘေးသင့်အိမ်ခြေ စုစုပေါင်း ၃၀၀၀ နီးပါးခန့်ရှိနေကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး(ကျိုက်မရော)**

**လိပ်သို**

ကရင်ပြည်နယ် လိပ်သိုမြို့နှင့် ၁ မိုင် ၂ ဖာလုံခန့်အကွာ တောင်ငူ-လွိုင်ကော် ပြည်ထောင်စုလမ်းမ မိုင်တိုင်အမှတ် ၂၉/၅ နှင့် ၂၉/၆ အကြားနှင့် မိုင်တိုင်အမှတ် ၃၀/၇ နှင့် ၃၁/၀ အကြားတို့တွင် မိုးအဆက်မပြတ် ရွာသွန်းကာ ယနေ့ နံနက် ၇ နာရီခွဲတွင် မြေပြိုမှုကြောင့် လမ်းပိတ်ဆို့ခဲ့သည်။

အဆိုပါ မြေပြိုမှုဖြစ်ပွားရာနေရာသို့ တပ်မတော်သားများ၊ နယ်မြေခံရဲစခန်းမှူးနှင့် တပ်ဖွဲ့ဝင်များ၊ သန္တေမီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတလူမှုကူညီရေးအသင်းဝင်များ၊ ပြည်သူ့ဆောက်လုပ်ရေးမှ ဝန်ထမ်းများ၊ ကျေးရွာသားများ ပူးပေါင်း၍ ဖယ်ရှားခဲ့ရာ နံနက် ၁၁ နာရီခွဲတွင် လမ်းပွင့်သွားပြီး မော်တော်ယာဉ်များ ပုံမှန်ပြန်လည်သွားလာနိုင်ခဲ့သည်။

**လိပ်သို (ပြန်/ဆက်)**

**ငပုတော**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ကွင်းချောင်းကျေးရွာအုပ်စုအတွင်းရှိ အခြေခံပညာမူလတန်းကျောင်း ငါးကျောင်းအနက်မှ သုံးကျောင်းမှာ မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးနစ်မြုပ်မှုများကြောင့် ဩဂုတ် ၅ ရက်မှ စတင်ကာယာယီပိတ်ထားကြောင်း သိရပြီး ယာယီပိတ်ထားသောကျောင်းသုံးကျောင်းမှာ အ.မ.က ဆယ်အိမ်စု၊ အ.မ.ကချင်းကုန်းနှင့် အ.မ.ကကွင်းချောင်းတို့ဖြစ်သည်။

ဩဂုတ် ၃ ရက်မှ စတင်ပြီး အဆက်မပြတ်မိုးသည်းထန်စွာ ရွာသွန်း မှုကြောင့် တောင်ကျရေများမှာ ရွှေအိုးချောင်းမှ စည်တောင်ကြီး၊ သဲဖြူမဏ္ဍပ်နှင့် တစ်ဆက်တည်းရှိ ကြက်သောင်းချောင်း၊ ဆင်မချောင်းမှတစ်ဆင့် ဆယ်အိမ်စုချောင်း၊ ကွင်းချောင်းချောင်းအတွင်းသို့ တောင်ကျရေများကျလာခြင်းဖြစ်ကာ ရာသီဥတုမှာ ဆက်လက်ဆိုးရွားနေပြီး မိုးများယခုထက်ရွာသွန်းလာပါက ဆယ်အိမ်စု၊ ချင်းကုန်းနှင့် ကွင်းချောင်းကျေးရွာနေပြည်သူများအနေဖြင့် သွားလာနေထိုင်ရေး အခက်အခဲများနှင့် ကြုံတွေ့နိုင်ဖွယ်ရာရှိလာမည်ကိုလည်း ဒေသခံများအနေဖြင့် စိုးရိမ်နေကြသည်။

**လှမင်းထွဋ်(ပြန်/ဆက်)**

# (၇-၈-၂၀၁၉)ရက်နေ့ ရေပိုလွှဲမှ ရေကျော်သည့် ရေလှောင်တမံများစာရင်း

(၀၆း၀၀)နာရီ ရေမှတ်

| စဉ် | ဆည်အမည် | တည်နေရာ (ခရိုင်/မြို့နယ်) | ကန်ရေပြည့် (ပေ) ကန်ရေသေ(ပေ) | ရေလှောင် ပမာဏ (ဧကပေ) | ရေအနက် (ပေ) | ရေလှောင် ပမာဏ (ဧကပေ) | မိုး ရေချိန် (လက်မ) | ရေပိုလွှဲမှ ရေကျော် အမြင့်(ပေ) |
|---|---|---|---|---|---|---|---|---|
| | | **ကရင်ပြည်နယ်** | | | | | | |
| ၁ | ရေဘုတ်ရေလှောင်တမံ | ဘားအံခရိုင်/ | ၃၆ | ၂၈၇၇ | ၃၈.၅၅ | ၃၅၀၉၀ | ၃.၀၃ | ၂.၅၅ |
| | | လှိုင်းဘွဲမြို့ | ၁၉ | ၂၃၇၆ | | | | |
| | | **ချင်းပြည်နယ်** | | | | | | |
| ၂ | လိုင်ဗားရေလှောင်တမံ | ဖလမ်းခရိုင်/ | ၆၈.၈၀ | ၁၈၈၁ | ၇၀.၁၀ | ၁၉၇၂ | ၃.၄၂ | ၁.၃၀ |
| | | ဖလမ်းမြို့ | ၂၆ | ၁၀၃ | | | | |
| | | **စစ်ကိုင်းတိုင်းဒေသကြီး** | | | | | | |
| ၃ | ရာဇဂြိုလ်ရေလှောင်တမံ | ကလေးခရိုင်/ | ၁၄၅ | ၅၂၀၀၀ | ၁၄၇.၅၀ | ၅၄၃၇၅ | ၁.၇၃ | ၂.၅၀ |
| | | ကလေးမြို့ | ၈၅ | ၈၀၀၀ | | | | |
| | | **ပဲခူးတိုင်းဒေသကြီး(အရှေ့)** | | | | | | |
| ၄ | မင်းရဲရေလှောင်တမံ | တောင်ငူခရိုင်/ | ၃၈ | ၂၃၅၀ | ၃၈.၆၀ | ၂၄၁၀ | ၁.၅၀ | ၀.၆၀ |
| | | အုတ်တွင်းမြို့ | ၂၅ | ၅၀၀ | | | | |
| ၅ | ငမြွေရေလှောင်တမံ | တောင်ငူခရိုင်/ | ၄၆ | ၂၃၈၀ | ၄၆.၈၀ | ၂၄၈၀ | ၁.၅၀ | ၀.၈၀ |
| | | ဖြူးမြို့ | ၂၇.၅ | ၃၅၀ | | | | |
| | | **မကွေးတိုင်းဒေသကြီး** | | | | | | |
| ၆ | မုန်းချောင်းရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁၄၀ | ၆၂၀၉၀၀ | ၁၄၂.၆၀ | ၆၄၈၃၈၂ | ၀.၅၈ | ၂.၆၀ |
| | | စေတုတ္တရာမြို့ | ၆၀ | ၉၂၅၀၀ | | | | |
| ၇ | မန်းချောင်းရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁၂၀ | ၁၂၀၀၀၀ | ၁၂၁.၁၀ | ၁၂၄၂၀၀ | ၀.၆၅ | ၁.၁၀ |
| | | ငဖဲမြို့ | ၆၀ | ၁၀၅၀၀ | | | | |
| ၈ | ကြီးအုံကြီးဝရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁၂၃.၅ | ၃၀၂၇၀၀ | ၁၂၇.၀၀ | ၃၃၅၆၀၀ | ၀.၂၂ | ၃.၅၀ |
| | | ပွင့်ဖြူ | ၅၆ | ၂၄၃၇၂ | | | | |
| | | **မွန်ပြည်နယ်** | | | | | | |
| ၉ | ဝါးပါးရေလှောင်တမံ | သထုံခရိုင်/ | ၆၁ | ၄၁၅၀ | ၆၁.၅၀ | ၄၂၂၈ | ၂.၉၅ | ၀.၅၀ |
| | | သထုံမြို့ | ၁၇ | ၁၇၃ | | | | |
| | | **ရခိုင်ပြည်နယ်** | | | | | | |
| ၁၀ | ပြိုင်းချောင်းရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၉၆ | ၂၅၂၀၅ | ၉၇.၃၀ | ၂၅၈၅၅ | ၁.၂၀ | ၁.၃၀ |
| | | ကျောက်တော်မြို့ | ၂၆ | ၁၀၅၄ | | | | |
| ၁၁ | ဂရင်ဂျိုင်ရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၂၆ | ၆၅ | ၂၆.၁၀ | ၆၅.၂၀ | - | ၀.၁၀ |
| | | မင်းပြားမြို့ | ၁၂ | ၅ | | | | |
| ၁၂ | ကြက်တက်ရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၃၀ | ၁၂၀ | ၃၀.၁၀ | ၁၂၂ | - | ၀.၁၀ |
| | | မင်းပြားမြို့ | ၁၀ | ၉ | | | | |
| ၁၃ | ရှောက်ချောင်းရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၄၃ | ၁၁၄၀ | ၄၃.၅၀ | ၁၁၇၁ | ၀.၉၀ | ၀.၅၀ |
| | | ကျောက်တော်မြို့ | ၁၇ | ၁၂၀ | | | | |
| ၁၄ | တမန်းဒူးရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၃၄.၇၅ | ၆၇၈ | ၃၄.၈၅ | ၆၈၂ | - | ၀.၁၀ |
| | | မြေပုံမြို့ | ၁၁.၇၅ | ၇၅ | | | | |
| | | **ဧရာဝတီတိုင်းဒေသကြီး** | | | | | | |
| ၁၅ | နန်ကသူရေလှောင်တမံ | ဟင်္သာတခရိုင်/ | ၁၃၈ | ၄၀၄၈၇ | ၁၄၀.၉၀ | ၄၁၉၁၈ | ၂.၀၈ | ၂.၉၀ |
| | | အင်္ဂပူမြို့ | ၅၈ | ၆၆၁၈ | | | | |
| ၁၆ | ကညင်ရေလှောင်တမံ | ဟင်္သာတခရိုင်/ | ၁၇၄ | ၁၄၅၀၀၀ | ၁၇၉.၄၀ | ၁၅၅၇၀၉ | ၁.၂၆ | ၅.၄၀ |
| | | အင်္ဂပူမြို့ | ၈၆ | ၂၆၈၈၀ | | | | |

# မြို့နယ်များ၌ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်

**မြောက်ဥက္ကလာပ**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်တွင် ဩဂုတ် ၄ ရက်မှစ၍ ယနေ့အထိ မိုးများအဆက်မပြတ်သည်းထန်စွာ ရွာသွန်းခြင်းကြောင့် ရပ်ကွက်များအတွင်းရှိ စာသင်ကျောင်းများ၊ လူနေအိမ်များ၊ လမ်းများ၊ ဈေးများနှင့် ဌာနဆိုင်ရာရုံးအချို့တွင် ရေများဝင်ရောက်၍ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါရေကြီး၊ ရေလျှံမှုကြောင့် စာသင်ကျောင်းအချို့ကို ခေတ္တပိတ်ထားခဲ့ရပြီး ဒီရေများ ဝင်ရောက်နိုင်မည့် (၂)ရပ်ကွက်နှင့် ရွှေပေါက်ကံမြို့သစ်အား ဒီရေဝင်ရောက်ခြင်းမှ ကာကွယ်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ကော့ကရိတ်**

ကရင်ပြည်နယ် ကော့ကရိတ်မြို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျချောင်းရေများ စီးဆင်းခြင်း၊ မြစ်ချောင်းအင်းအိုင်များ ရေပြည့်လျှံခြင်းကြောင့် မြို့ပေါ်၊ ကျေးရွာအချို့တွင် ရေကြီးရေလျှံမှုဖြစ်ပေါ်ပြီး ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ထားကြောင်း သိရသည်။

ကော့ကရိတ်မြို့တွင် ရေပူကြီးကျေးရွာ ကော့ခွိုင်ဘုန်းကြီးကျောင်း၊ ဒေါဖျာကျေးရွာဘုန်းကြီးကျောင်း၊ ကျုံဒိုးမြို့ရှိ ဓမ္မသုခဘုန်းကြီးကျောင်း၊ ကုန်သွယ်လယ်ယာဂိုဒေါင်၊ အမက(၆)ကျောင်းတို့တွင် ရေဘေးကယ်ဆယ်ရေးစခန်းများကို ဩဂုတ် ၆ရက်မှစ၍ ဖွင့်လှစ်ထားပြီး အဆိုပါကယ်ဆယ်ရေးစခန်းငါးခုသို့ ပြောင်းရွှေ့နေထိုင်သူများကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ကော့ကရိတ်ခရိုင် အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးကာ ခေါက်ဆွဲခြောက်ထုပ်များ ထောက်ပံ့ပေးအပ်၍ လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။ ရေကြီးရေလျှံခြင်းကြောင့် မြို့ပေါ်နှင့်ကျေးရွာ အနိမ့်ပိုင်းအချို့တွင် ရေဝင်ရောက်ခဲ့သည့် အိမ်ထောင်စု ၆၈၃၄၊ လူဦးရေ ၃၄၆၁၀ မှ အိမ်ထောင်စု ၁၁၀၊ လူဦးရေ ၄၉၈ ဦးတို့ကို ရေဘေးလွတ်ရာနေရာသို့ ပြောင်းရွှေ့နေရာချထားပေးပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကော့ကရိတ်မြို့ပေါ်တွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေ၍ ဩဂုတ် ၃ ရက်မှ စတင်ကာ ကျောင်းသား ကျောင်းသူများ သွားလာရာတွင် အန္တရာယ်မဖြစ်ပေါ်စေရေးအတွက် ကျေးရွာရှိ အခြေခံပညာကျောင်း ၃၀ ကို ခေတ္တပိတ်ထားရကြောင်း သိရသည်။

**ခင်မျိုးဝင်း(ပြန်/ဆက်)**

**ဖာပွန်**

ကရင်ပြည်နယ် ဖာပွန်မြို့တွင် ဩဂုတ် ၆ ရက်တွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် တောင်ကျချောင်းရေများကြောင့် ယွန်းစလင်းချောင်းရေမြင့်တက်လာပြီး အနိမ့်ပိုင်းရှိ ကျေးရွာဖြစ်သည့် ဝေ့နောင်ကျေးရွာတွင် ရေဝင်ရောက်ခဲ့ပြီး ယမန်နေ့က ဖာပွန်-ကမမောင်း-ဝါးဘိုးတော ကားလမ်းအချို့တွင်လည်း ရေကျော်ခဲ့ရာ ဆိုင်ကယ်နှင့် မော်တော်ယာဉ်ငယ်များ ဖြတ်သန်းသွားလာခွင့် ယာယီပိတ်ထားခဲ့ရကြောင်း သိရသည်။

အဆိုပါ ဝေ့နောင်ကျေးရွာတွင် အိမ်ခြေ ၄၀ ရှိသည့်အနက် အိမ်ခြေ ၂၃ အိမ်တွင် ရေဝင်ရောက်ခဲ့ပြီး အဆိုပါကျေးရွာရှိ ဒေသခံပြည်သူများမှာ မွေးမြူရေးတိရစ္ဆာန်များနှင့် အသုံးအဆောင်ပစ္စည်းများကို ရေလွတ်ရာနေရာများနှင့် ဆွေမျိုးများနေအိမ်သို့ ပို့ဆောင်လျက်ရှိကြောင်း သိရသည်။ အဆိုပါကျေးရွာအဝင်လမ်းတွင်လည်း ရေသုံးပေကျော်ခန့် ရေကျော်လျက်ရှိကြောင်းနှင့် ဖာပွန်-ဘီးလင်းဆက်သွယ်ထားသော ကားလမ်းဖြစ်သည့် သမိုင်းဝင်ရွှေဆံတော်ဘုန်းတော်ကြီးကျောင်းရှေ့ ကားလမ်း အရှည် ပေ ၃၀ ခန့်တွင်လည်း ရေအနက် နှစ်ပေခန့် ရေကျော်လျက်ရှိကြောင်း သိရသည်။

အလားတူ ယမန်နေ့က မိုးသည်းထန်စွာရွာသွန်းမှုနှင့်အတူ သံလွင်မြစ်ရေမြင့်တက်လာသောကြောင့် ဖာပွန်-ကမမောင်း-ဝါးဘိုးတော ကာလမ်းအချို့တွင် ရေကျော်ခဲ့ပြီး ခွေးသေရွာနှင့် ဆင်စွယ်ကျေးရွာအနီးရှိ ဖာပွန်-ကမမောင်းကားလမ်းပေါ်တွင်လည်း မိုးသည်းထန်စွာရွာသွန်းမှုနှင့် တောင်ကျ ချောင်းရေများကြောင့် အဆိုပါ ကားလမ်း အကျယ်ပေ ၂၀၀ ခန့်တွင် ရေသုံးပေခန့် ရေကျော်ခဲ့ရာ မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်ငယ်များ ဖြတ်သန်းသွားလာခွင့် ယာယီပိတ်ထားခဲ့ရကြောင်း သိရသည်။

**မျိုးဆက်သစ်(ဘားအံ)**

## "ခန်းဆောင်နီအိပ်မက်" တရုတ် ရုပ်/သံဇာတ်လမ်းတွဲ ပြသမည်

**နေပြည်တော် ဩဂုတ် ၇**

"ခန်းဆောင်နီအိပ်မက်" တရုတ် ရုပ်/သံဇာတ်လမ်းတွဲ စတင်ပြသခြင်း အခမ်းအနားကို ဩဂုတ် ၁၂ ရက် ညနေ ၄ တွင် နေပြည်တော်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Auditorium ခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ ရုပ်/သံဇာတ်လမ်းတွဲ ပြသခြင်းကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ကွမ်မီရှီးအသံနှင့် ရုပ်မြင်သံကြားတို့ ပူးပေါင်းစီစဉ် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

## (၅၂)နှစ်မြောက် အာဆီယံနေ့အထိမ်းအမှတ် လှူပ်ရှားမှုအဖြစ် အာဆီယံနိုင်ငံများရိုးရာဝတ်စုံပြပွဲတစ်ရပ် ကျင်းပမည်

**နေပြည်တော် ဩဂုတ် ၇**

ဩဂုတ် ၈ ရက်တွင် ကျရောက်မည့် (၅၂)နှစ်မြောက် အာဆီယံနေ့အထိမ်းအမှတ် လှုပ်ရှားဆောင်ရွက်မှုများအဖြစ် အာဆီယံနိုင်ငံများ ရိုးရာဝတ်စုံပြပွဲတစ်ရပ် (Joint ASEAN Cultural Event)ကို ဩဂုတ် ၁၂ ရက်မှ ၁၈ ရက်အထိ ရန်ကုန်မြို့ရှိ Junction City ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲသည် "ASEAN Week 2019: Colorful Threads, Diverse Patterns, One ASEAN" ရည်ရွယ်ချက်ဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့ရှိ အာဆီယံနိုင်ငံသံရုံးတို့အကြား ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၂ ရက် နံနက် ၁၁ နာရီခွဲတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

## မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်၏ ချစ်ကြည်ရေးနှစ် (၁၀)နှစ်ပြည့် အထိမ်းအမှတ် အခမ်းအနားကျင်းပမည်

**နေပြည်တော် ဩဂုတ် ၇**

မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်၏ ချစ်ကြည်ရေးနှစ် (၁၀)နှစ်ပြည့် အထိမ်းအမှတ် အခမ်းအနားကို ဩဂုတ် ၁၄ ရက် နံနက် ၈ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ ပြည်တွင်းပြည်ပ သတင်းမီဒီယာများ တက်ရောက် သတင်းရယူနိုင်ကြောင်း သိရသည်။

## အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပမည်

**နေပြည်တော် ဩဂုတ် ၇**

ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့(UNFPA)သည် "Transforming Education- လူငယ်ထုကြီးပါဝင်ကာ ပညာရေးစနစ်ပြောင်းလဲပါ" ခေါင်းစဉ်ဖြင့် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ်အခမ်းအနားကို ဩဂုတ် ၁၁ ရက် နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီအထိ နေပြည်တော်ရှိ Hotel Max ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားတွင် ဉာဏ်စမ်းပဟေဠိမေးခွန်းများ ပါဝင်ဖြေဆိုခြင်း၊ မှတ်တမ်းရုပ်ရှင်ပြသခြင်း၊ ဇာတ်လမ်းသရုပ်ဖော်တင်ဆက်ခြင်း၊ ပညာရေးဆိုင်ရာ အခွင့်အလမ်းပြခန်းများနှင့် အခြားစိတ်ဝင်စားဖွယ် ဖျော်ဖြေတင်ဆက်မှုများ ပါဝင်မည်ဖြစ်ပြီး သတင်းမီဒီယာများ တက်ရောက်သတင်းရယူနိုင်ကြောင်း သိရသည်။

ထို့ပြင် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ဩဂုတ် ၁၂ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ နိုင်ငံတော်အဆင့်အခမ်းအနား ကျင်းပမည် ဖြစ်ကြောင်း သိရသည်။

**မောင်လူမော် စုစည်းသည်**

## SMM 3rd Asian အမျိုးသား ယူ-၂၃ ဘော်လီဘောပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် ဩဂုတ် ၇**

မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် ကျင်းပသည့် SMM 3rd Asian "Asia World Foundation " Men's U-23 Volleyball Championship ပြိုင်ပွဲအား ယနေ့နံနက် ၁၁ နာရီတွင် ဝဏ္ဏသိဒ္ဓိ အားကစားရုံ (B) နှင့် (C) တို့၌ ဆက်လက်ကျင်းပသည်။ **(အောက်ပုံ)**

ယနေ့ပွဲစဉ်များကို နိုင်ငံအလိုက် အဆင့်သတ်မှတ်ချက်များ အနေဖြင့် ဝဏ္ဏသိဒ္ဓိအားကစားရုံ (B)နှင့် (C) တို့တွင် ဩစတြေးလျနှင့် တရုတ်(တိုင်ပေ)၊ ဂျပန်နှင့် တရုတ်၊ ပါကစ္စတန်နှင့် သီရိလင်္ကာ၊ အိန္ဒိယနှင့် ကာဇက်စတန်အသင်းတို့သည် နိုင်ငံအလိုက် အဆင့်သတ်မှတ်ချက် ၁ မှ ၈ အတွင်း လည်းကောင်း၊ ထိုင်းနှင့် ဆော်ဒီအာရေးဗျ၊ မြန်မာနှင့် ကာတာ၊ ဘာရိန်းနှင့် တရုတ် (ဟောင်ကောင်)၊ ဗီယက်နမ်နှင့် နယူးဇီလန်အသင်းတို့သည် နိုင်ငံအလိုက် အဆင့်သတ်မှတ်ချက် ၉ မှ ၁၆ အတွင်း လည်းကောင်း ယှဉ်ပြိုင်ကစားလျက်ရှိသည်။

ထို့နောက် ဝဏ္ဏသိဒ္ဓိအားကစားရုံ (B)၌ ယှဉ်ပြိုင်ကစားကြရာ ဩစတြေးလျအသင်းနှင့် တရုတ်(တိုင်ပေ)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ (၃၆-၃၈)မှတ်၊ (၂၃-၂၅)မှတ်၊ (၁၈-၂၅)မှတ်ဖြင့် လည်းကောင်း၊ ဂျပန်အသင်းနှင့် တရုတ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ(၂၅-၂၀)မှတ်၊ (၂၄-၂၆)မှတ်၊ (၂၅-၂၁)မှတ်၊ (၂၅-၁၉)မှတ်ဖြင့် လည်းကောင်း အနိုင်ရရှိသည်။

ဆက်လက်၍ ဝဏ္ဏသိဒ္ဓိအားကစားရုံ (C)၌ ဆက်လက်ယှဉ်ပြိုင်ကစားကြရာ ဘာရိန်းအသင်းနှင့် တရုတ် (ဟောင်ကောင်)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ (၂၅-၁၈)မှတ်၊ (၂၅-၁၉)မှတ်၊ (၂၃-၂၅)မှတ်၊ (၂၅-၁၇)မှတ်ဖြင့် လည်းကောင်း၊ ဗီယက်နမ်အသင်းနှင့် နယူးဇီလန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ(၂၅-၁၉)မှတ်၊ (၂၀-၂၅) မှတ်၊ (၂၅-၂၁)မှတ်၊ (၂၅-၂၁)မှတ်ဖြင့် လည်းကောင်း အနိုင်ရရှိသည်။



ထို့နောက် ဝဏ္ဏသိဒ္ဓိအားကစားရုံ (B)၌ ထိုင်းအသင်းနှင့် ဆော်ဒီအာရေးဗျအသင်း၊ မြန်မာအသင်းနှင့် ကာတာအသင်း၊ ဝဏ္ဏသိဒ္ဓိအားကစားရုံ (C)၌ ပါကစ္စတန်အသင်းနှင့် သီရိလင်္ကာအသင်း၊ အိန္ဒိယအသင်းနှင့် ကာဇက်စတန်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားလျက်ရှိကြောင်း သိရသည်။

အဆိုပါ SMM 3rd Asian "Asia World Foundation " Men's U-23 Volleyball Championship ပြိုင်ပွဲကို ၃.၈.၂၀၁၉ ရက်နေ့မှ ၁၁.၈.၂၀၁၉ ရက်နေ့အထိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (B) နှင့် (C) တို့၌ နေ့စဉ်နံနက် ၁၁ နာရီမှ စတင်၍ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ ဘော်လီဘော အားကစားနည်းကို စိတ်ပါဝင်စားသူများအနေဖြင့် မည်သူမဆို အခမဲ့လာရောက် ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

### ဒိုင်ဘာလာကို ခေါ်ယူရန် ဂျူဗင်တပ်စ်နှင့် သဘောတူညီမှုရရှိ

တော့တင်ဟမ်အသင်းသည် အာဂျင်တီးနားတိုက်စစ်ကစားသမား ပါဘလိုဒိုင်ဘာလာ (၂၅နှစ်) ကို ပေါင် ၆၂ သန်းဝန်းကျင်ဖြင့် ခေါ်ယူရန် ဂျူဗင်တပ်စ်အသင်းနှင့် သဘောတူညီမှုရရှိပြီဖြစ်ကြောင်း ဒေးလီးမေးတွင် ဖော်ပြထားသည်။ ထို့အပြင် တော့တင်ဟမ်အသင်းသည် ဘာစီလိုနာအသင်းမှ အသက် (၂၇ နှစ်) အရွယ် ဘရာဇီးကစားသမား ကော်တင်ဟိုကို ခေါ်ယူရန် စိတ်ဝင်စားနေသေးကြောင်း သတင်းများတွင် ဖော်ပြထားသည်။

### လူကာကူကို ဒဏ်ငွေပြစ်ဒဏ်ချမှတ်ဖွယ်ရှိနေသည့် မန်ယူ

မန်ယူအသင်းသည် ခွင့်ပြုချက်မရှိဘဲ လေ့ကျင့်ခန်းဆင်းရန် ပျက်ကွက်ခဲ့သည့် လူကာကူကို ဒဏ်ငွေပြစ်ဒဏ်ချမှတ်ဖွယ်ရှိကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ပြီးခဲ့သည့် နှစ်ရက်တွင် အသင်းဟောင်း အန်ဒါလက်ချ်၌ လေ့ကျင့်ခန်းဆင်းခဲ့သော လူကာကူအတွက် ဇူလိုင်လတွင် အင်တာမီလန်အသင်းက ပေါင် ၆၄ သန်းဖြင့် ကမ်းလှမ်းမှုတစ်ရပ်အား မန်ယူအသင်းက ပယ်ချခဲ့ကြောင်း သိရသည်။

### အက်ဒရီယန်ကို ခေါ်ယူလိုက်ပြီဖြစ်သည့် လီဗာပူး

လီဗာပူးအသင်းသည် ဝက်စ်ဟမ်းဂိုးသမားဟောင်း အက်ဒရီယန်ကို ခေါ်ယူလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ၎င်းသည် ၂၀၁၃ ခုနှစ်တွင် ရီးရဲဘက်တစ်အသင်းမှ ဝက်စ်ဟမ်းအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာပြီးနောက် အသင်းအတွက် ခြောက်နှစ်အတွင်း ပွဲ ၁၅၀ ကျော် ပါဝင်ကစားထားကြောင်း သိရသည်။ လီဗာပူးအသင်းသည် ကလပ် ဘရုဂ်အသင်းသို့ ပြောင်းရွှေ့သွားသော ဂိုးသမား မင်နိုလတ်၏ နေရာကို အစားထိုးခေါ်ယူခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။

**အောင်ဇော်**

## မြန်မာယူ-၁၅ အမျိုးသားအသင်း နည်းပြချုပ်အဖြစ် ဦးမင်းသူကို ခန့်အပ်

**ရန်ကုန် ဩဂုတ် ၇**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် မြန်မာ ယူ-၁၅ အမျိုးသား အသင်းနည်းပြချုပ်အဖြစ် ဦးမင်းသူကို ခန့်အပ်တာဝန်ပေးခဲ့ပြီး ဩဂုတ် ၇ ရက် ညနေပိုင်းမှစ၍ တာဝန်ယူလေ့ကျင့်ပေးလျက်ရှိသည်။

### ခြေစစ်ပွဲယှဉ်ပြိုင်

မြန်မာ ယူ-၁၅ အသင်း၏ ယခင်နည်းပြချုပ်ဖြစ်သူ ဂျာမနီနိုင်ငံသား တော်စတန်ဖရန့်ခ်သည် ၂၀၁၉ အာဆီယံ ယူ-၁၅ ပြိုင်ပွဲအပြီးတွင် ရာထူးမှ နုတ်ထွက်ကြောင်း တင်ပြခဲ့ပြီး မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က နည်းပြသစ်ကို အမြန်ဆုံး ခန့်အပ်ခဲ့ခြင်းဖြစ်သည်။ ဦးမင်းသူသည် ရှမ်းယူနိုက်တက် ယူ-၁၉ အသင်း၊ ယူ-၂၁ အသင်းနှင့် စီနီယာအသင်းတို့ကို အဆင့်ဆင့် ကိုင်တွယ်ခဲ့သူဖြစ်ပြီး လက်ရှိတွင် ရှမ်းယူနိုက်တက် ဘောလုံးအသင်း၏ လူငယ်ဖွံ့ဖြိုးရေး နည်းစနစ်ဒါရိုက်တာအပြင် အသင်းအုပ်ချုပ်သူအဖြစ်ပါ ဆောင်ရွက်နေသူဖြစ်သည်။ ဦးမင်းသူသည် မြန်မာ ယူ-၁၅ အသင်း ယခုနှစ်အတွင်း ယှဉ်ပြိုင်ကစားရမည့် နိုင်ငံတကာပြိုင်ပွဲနှစ်ခုတွင် ကိုင်တွယ်ရမည်ဖြစ်ပြီး ပထမဆုံးနိုင်ငံတကာပြိုင်ပွဲအဖြစ် ဥရောပနှင့် အာရှအသင်းများ ပါဝင်သည့် လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို ဩဂုတ် ၁၄ ရက်မှ ၁၈ ရက်အထိ မန္တလေးမြို့၌ ကျင်းပမည်ဖြစ်ပြီး မြန်မာအပါအဝင် မွန်တီနီဂရိုး၊ တောင်ကိုရီးယားနှင့် အင်ဒိုနီးရှားအသင်းတို့ ပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်မည်ဖြစ်ကာ ယူ-၁၆ ပြိုင်ပွဲအဖြစ် ကျင်းပမည်ဖြစ်သည်။ မြန်မာ ယူ-၁၅ အသင်းသည် ယင်းပြိုင်ပွဲပြီးပါက စက်တင်ဘာတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၂၀ အာရှ ယူ-၁၆ ခြေစစ်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ဦးမင်းသူက "မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကမ်းလှမ်းလာတဲ့အချိန်မှာ ကျွန်တော့်အနေနဲ့ လိုလိုလားလားပဲ လက်ခံခဲ့ပါတယ်။ ကျွန်တော့်ရဲ့ နည်းပြဘဝအိပ်မက်က လက်ရွေးစင်နည်းပြဖြစ်ဖို့ဖြစ်ပြီး ဒါက ပထမအဆင့်ဖြစ်တာကြောင့် လူငယ်အသင်းတစ်သင်းကို ကိုင်တွယ်ခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အသင်းနဲ့ ကစားသမားတွေအကြောင်းကို လေ့လာပြီး ပြင်ဆင်သွားမှာပါ။ ပထမဆုံးယှဉ်ပြိုင်ရမယ့် လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲအတွက်တော့ ပြင်ဆင်ချိန်အများကြီးမရပါဘူး။ ရှိတဲ့အချိန်မှာပဲ ပြင်ဆင်သွားမှာပါ။ အဓိကရည်မှန်းချက်က အာရှခြေစစ်ပွဲ ဖြစ်ပါတယ်။ ဒီအသင်းကို အချိန်တစ်ခုယူပြီး ပြင်ဆင်ရင် အတိုင်းအတာတစ်ခုထိ တိုးတက်လာမှာပါ"ဟု ပြောကြားသည်။

**ညီမြတ်သော်တာ**

❖ *ကျောဖုံးမှ*

VUC အသင်းသည် ယင်းပွဲအပြီးတွင် အပြီးသတ်ကစားသမား ၁၄ ဦးကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

၂၀၁၉ အာရှကလပ် ဖူဆယ်ပြိုင်ပွဲကို ဩဂုတ် ၇ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်ပြီး VUC အသင်းသည် အုပ်စု (ဂ) တွင် လက်ဘနွန်ကလပ် ဘေရွတ်အသင်း၊ အင်ဒိုနီးရှား ကလပ် ဗာမို့စ်အသင်း၊ တာဂျစ်ကစ္စတန်ကလပ် ဆိုရိုအသင်းတို့နှင့် ကျရောက်နေသည်။ VUC အသင်းသည် အုပ်စုပွဲများအဖြစ် ဩဂုတ် ၈ ရက်တွင် လက်ဘနွန်ကလပ် ဘေရွတ်အသင်း၊ ဩဂုတ် ၁၀ ရက်တွင် အင်ဒိုနီးရှား ကလပ် ဗာမို့စ်အသင်း၊ ဩဂုတ် ၁၂ ရက်တွင် တာဂျစ်ကစ္စတန်ကလပ် ဆိုရိုအသင်းတို့နှင့် ကစားရမည်ဖြစ်သည်။ **ရဲရင့်ရှိုင်း**



# မြန်မာမိန်းကလေးများအား တရုတ်နိုင်ငံသို့ ရောင်းစားခဲ့သူများအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ် နှစ် ၂၀ စီ ချမှတ်

**နေပြည်တော် ဩဂုတ် ၇**

မြန်မာမိန်းကလေးများအား တရုတ်နိုင်ငံသို့ ရောင်းစားခဲ့သူများကို ဩဂုတ် ၂ ရက်က လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေအရ ထောင်ဒဏ် နှစ် ၂၀ စီ ချမှတ်ခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ် မိုင်းရှူးမြို့နယ် လုံးကော်ကျေးရွာနေ ဦးစံကျော် (ဘ)ဦးလုံးလျှံ၊ ဒေါ်ပါခမ်းအောင် (ဘ)ဦးပုည၊ ရပ်ကွက်(၁)နေ ဒေါ်နန်းဆိုင် (ဘ)ဦးချင်းဆုံ၊ မနန်းစံဇာ(ဘ) ဦးလုံးမောင်တို့သည် ၂၀၁၈ ခုနှစ် ဧပြီ ၃ ရက်က မိုင်းရှူးမြို့နယ် နောင်အော့ကျေးရွာနေ မ--- ၁၆နှစ်၊ မ--- ၃၁ နှစ်နှင့် မ--- ၁၃ နှစ်တို့အား ပြင်ဦးလွင်မြို့ရှိ မရွေးစက်ရုံတွင် တစ်လ ကျပ်တစ်သိန်းခွဲရမည်ဟု လိမ်လည်စည်းရုံး၍ တရုတ်နိုင်ငံ မိန်းတိန်မြို့သို့ ခေါ်ဆောင်ခဲ့ကြောင်း။

ထို့နောက် မ--- ၁၃နှစ်အား တရုတ်နိုင်ငံသားနှင့် အိမ်ထောင်ပြုစေရန် ရောင်းစားခဲ့ပြီး ကျန်နှစ်ဦးအားဆက်လက် ရောင်းစားရန် စီစဉ်ခဲ့ကြောင်း ပေါ်ပေါက်သဖြင့် လွိုင်ဆောင်ထောက်နယ်မြေရဲစခန်းမှ (ပ)၅/၂၀၁၈၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ- ၂၈(က)ဖြင့် အမှုဖွင့်လှစ်ခဲ့ပြီး လွိုင်လင်ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ တရားခံ ဦးစံကျော်ပါ သုံးဦးကို ဩဂုတ် ၂ ရက်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအရ အလုပ်နှင့် ထောင်ဒဏ်နှစ် ၂၀ စီ ချမှတ်ခဲ့ကြောင်း၊ တိမ်းရှောင်တရားခံ မနန်းစံဇာအား ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ခါမ်းပါတ်နှင့် တာချီလိတ်မြို့တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၇**

မူးယစ်တပ်ဖွဲ့စု(၇)တမူးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၆ ရက် ညပိုင်းက တမူးမြို့နယ် ခါမ်းပါတ်မြို့ နန်းခေါက်ခေါက်ကျေးရွာနှင့် ကျွန်းတောရေရှင်ကျေးရွာကြား တမူး-ကလေး ကားလမ်းတွင် ဒွေးလွင်ဦး(ခ)ဖိုးပြား မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ ၁၃၇ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၇၆၀ ၊ Buprenorphine ဆေးပြား ၁၅၅ ပြားတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ မွန်းလွဲ ၂ နာရီခန့်က မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာအုပ်စု မယ်ယန်းကျေးရွာ မယ်ယန်းပူးပေါင်းစစ်ဆေးရေးဂိတ်တွင် အိုက်ပြူး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

## မြန်မာ့ရုပ်မြင်သံကြား

၈-၈-၂၀၁၉ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၆း၀၀ | - | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၆း၄၀ | - | “တိပိဋကရေတိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တကုမာရ စရိယာ၏ ထေရုပ္ပတ္တိ” (အပိုင်း-၂) |
| ၇း၀၀ | - | Breakfast News |
| ၇း၃၅ | - | ရာသီတုပ်ကွေးသံသယရောဂါ လက္ခဏာများ |
| ၈း၅၀ | - | "ASEAN Unity" |
| ၉း၁၅ | - | နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ တွဲဖက်အကျိုးတော်ဆောင်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသေဋ္ဌိလ မဟာသုဒဿနာရာမတိုက် ပြည်မြို့ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)ထံမှ နဝင်္ဂဥပေါသထ သီလခံယူဆောက်တည်ခြင်း |
| ၁၀း၃၅ | - | အလုပ်သမားရေးရာအစီအစဉ် |
| ၁၃း၁၅ | - | SMM 3rd Asian "Asia World Foundation" Men's U23 Volleyball Championship (Live Broadcast) (မြန်မာနှင့်ဘာရိန်း) |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆း၃၅ | - | Soccer View |
| ၁၆း၅၀ | - | “ဆွာရေပိုလွဲထိခိုက်ပျက်စီးပြီးနောက် တစ်နှစ်တာအခြေအနေ” |
| ၁၇း၁၀ | - | “ဩဂုတ်လ လပတ်မိုးလေဝသ အစီအစဉ်” |
| ၁၇း၅၅ | - | လျှင်လှုပ်ရင်အိမ်အတွင်းမှာ ဘာတွေဖြစ်တတ်သလဲ၊ ဘာတွေလုပ်ရမလဲ |
| ၁၈း၂၀ | - | မျက်မှောက်ရေးရာအဖြာဖြာ |
| ၁၉း၁၅ | - | မြန်မာဇာတ်လမ်းတွဲ “ရင်တွင်းရေးပြဿနာ” (အပိုင်း-၈) |
| ၂၀း၀၀ | - | ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |

# ဘူးသီးတောင်မြို့နယ် ဖုံညိုလိပ်ကျေးရွာအနီးတွင် AA အဖွဲ့နှင့် ပတ်သက်ဆက်နွှယ်သူတစ်ဦး ဖမ်းမိ

**နေပြည်တော် ဩဂုတ် ၇**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် ဖုံညိုလိပ်ကျေးရွာအနီး လုံခြုံရေးတပ်ဖွဲ့ဝင်များက AA အဖွဲ့နှင့် ပတ်သက်ဆက်နွှယ်သူ တစ်ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်အတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဩဂုတ် ၅ ရက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် ဖုံညိုလိပ်ကျေးရွာ တံတားအနီး၌ မသင်္ကာဖွယ် လူတစ်ဦးတွေ့ရှိသဖြင့် ခေါ်ယူစစ်ဆေးရာ နေဇော်လင်း (ဘ) ဦးကျော်သန်း ဖြစ်ကြောင်း သိရပြီး စစ်ဆေးရာ ၎င်းကိုင်ဆောင်ထားသော ဖုန်းအတွင်းရှိ Messenger မှ တပ်မတော်စစ်ကြောင်းများ၏ လှုပ်ရှားသွားလာမှုအား AA အဖွဲ့ထံ အပြန်အလှန် ဆက်သွယ်ပေးပို့ထားသည့်စာများအား တွေ့ရှိသဖြင့် ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း။

၎င်းအား ဖုံညိုလိပ်နယ်မြေရဲစခန်းသို့ အပ်နှံ၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



ဖမ်းဆီးရမိသူအား တွေ့ရစဉ်။

# ကော့သောင်းမြို့တွင် ရတနာပစ္စည်းများအား လုယက်သူကို ဖမ်းဆီးရမိ

**ကော့သောင်း ဩဂုတ် ၇**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ ဆယ်မိုင်ကျေးရွာတွင် ဩဂုတ် ၄ ရက် ညသန်းခေါင်ယံက နေအိမ်အတွင်းသို့ ဝင်ရောက်၍ ဓားထောက် လုယက်မှုကျူးလွန်သူကို ဩဂုတ် ၆ ရက်က ဖမ်းဆီးရမိကြောင်း သိရသည်။



ဝေဠု ကို သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

ကော့သောင်းမြို့နယ် (၁၀)မိုင်ကျေးရွာ ဗိုလ်ချုပ်လမ်းနေ ဦးအောင်စိုး နေအိမ်တွင် ဩဂုတ် ၄ ရက် ညသန်းခေါင်ယံကျော်ခန့်က အိမ်ပိုင်ရှင်အား ဓားထောက်၍ ရွှေထည်ပစ္စည်းမျိုးစုံ စုစုပေါင်းတန်ဖိုး ငွေကျပ် ၅၈၃ သိန်းခန့် လုယက်မှုကျူးလွန်ခဲ့သူ သရက်ချောင်းမြို့နေ ဝေဠု(၄၈ နှစ်)ကို သက်သေခံပစ္စည်းများနှင့်အတူ ဩဂုတ် ၆ ရက်က ကော့သောင်းရဲတပ်ဖွဲ့မှ ဖမ်းဆီးနိုင်ခဲ့သဖြင့် ကော့သောင်းမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# ဂန့်ဂေါတွင် အထောက်အထားမဲ့ဝင်ရောက်လာသူ လေးဦးနှင့် ပို့ဆောင်ပေးသူတစ်ဦးဖမ်းဆီးရမိ

**မကွေး ဩဂုတ် ၇**

ဂန့်ဂေါမြို့မရဲစခန်းမှ ဒုရဲအုပ် အောင်ဟိန်းကိုကို ဦးဆောင်သော တပ်ဖွဲ့ဝင်များသည် ဂန့်ဂေါမြို့အနီး ဂန့်ဂေါ-ကလေး-ပုလဲကားလမ်းမပေါ်တွင် ကလေးမြို့ဘက်မှ ဂန့်ဂေါ-ပုလဲမြို့ဘက်သို့ ဝိုင်းမော်မြို့နေ ယာဉ်မောင်း ဦးတေကနတ် မောင်းနှင်လာသော ယာဉ်အမှတ် GG/---- နစ်ဆန်းယာဉ်ပေါ်မှ စစ်တွေမြို့နယ် သက္ကယ်ပြင်ကျေးရွာနေ အထောက်ထားမဲ့ ဝင်ရောက်လာသူ မိုဟာမတ်ရာဟာရ(ခ)ဂျာရခန် အပါအဝင် လေးဦးကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

၎င်းတို့ကို စစ်ဆေးရာ လွန်ခဲ့သော နှစ်နှစ်ခန့်က ဘင်္ဂလားဒေ့ရှ်နိုင်ငံမှတစ်ဆင့် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့သို့ သွားရောက်အလုပ်လုပ်ကိုင်ခဲ့ပြီး လွန်ခဲ့သော တစ်လခန့်က စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့သို့ လာရောက်နေထိုင်ခဲ့ကြောင်းနှင့် ထိုမှတစ်ဆင့် မန္တလေးမြို့သို့ တစ်ဦးလျှင် ငွေကျပ် ၁၂၀၀၀၀ နှုန်းဖြင့် ယာဉ်မောင်း ဦးတေကနတ် မောင်းနှင်သောယာဉ်ဖြင့် ဩဂုတ် ၅ ရက် နံနက် ၁၁ နာရီခန့်က စတင်ထွက်ခွာလာစဉ် အဖမ်းခံရခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သည်။ အဆိုပါ အထောက်ထားမဲ့ ဝင်ရောက်လာသူလေးဦးနှင့် ယာဉ်မောင်း ဦးတေကနတ် ကို ဂန့်ဂေါမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# ဂွမြို့နယ်၌ စက်လှေနစ်မြုပ်၍ ပျောက်ဆုံးသူ နှစ်ဦးအနက် တစ်ဦးကို သေဆုံးလျက်တွေ့ရှိ

**ဂွ ဩဂုတ် ၇**

ဂွမြို့နယ် ချောင်းသာကြီးအုပ်စု အုန်းပင်ချောင်းဝအနီး ချောင်းထဲတွင် ဩဂုတ် ၄ ရက်က စက်လှေတစ်စီးနစ်မြုပ်၍ ပျောက်ဆုံးနေသူ နှစ်ဦးအနက် တစ်ဦးကို သေဆုံးလျက် ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ စက်လှေနစ်မြုပ်ပျောက်ဆုံးနေသူများကို ဒုရဲအုပ်အောင်ဖြိုးဝေနှင့် တပ်ဖွဲ့ဝင်များ၊ လက်ထောက်မီးသတ်ဦးစီးမှူးနှင့် ပူးပေါင်းအဖွဲ့များက ရှာဖွေလျက်ရှိရာ ပျောက်ဆုံးနေသူ နှစ်ဦးအနက် ဦးလှမြင့်ဆိုသူကို ယမန်နေ့ ညနေပိုင်းက လှေနစ်မြုပ်သည့် နေရာမှ ခြောက်မိုင်အကွာ တိုင်ကျိုးချောင်းဝ သောင်ပြင်တွင် သေဆုံးလျက် တွေ့ရှိသဖြင့် နာရေးကူညီမှုအသင်းမှ သွားရောက်သယ်ဆောင်ကာ မြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်းနှင့် ကျန်ပျောက်ဆုံးသူတစ်ဦးကို ဆက်လက်ရှာဖွေလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**






# နိုင်ငံတစ်ဝန်း ဩဂုတ် ၇ ရက်အထိ ရာသီတုပ်ကွေးရောဂါ A H1N1 pdm09 ကြောင့် သေဆုံးသူ ၉၀ ရှိ

**နေပြည်တော် ဩဂုတ် ၇**

နိုင်ငံတစ်ဝန်း ရာသီတုပ်ကွေးရောဂါ A H1N1 pdm09 ဖြစ်ပွားမှုကြောင့် ဇန်နဝါရီ ၁ ရက်မှ ဩဂုတ် ၇ ရက်အထိ ဓာတ်ခွဲအတည်ပြုပြီးနောက် ရောဂါပိုးတွေ့ရှိသူ ၄၉၀၊ သေဆုံးသူ ၉၀ ရှိနေပြီး ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ရောဂါပိုးတွေ့ရှိသူ မရှိသေးကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ၏ ယနေ့ထုတ်ပြန်ချက်အရ သိရသည်။

ရာသီတုပ်ကွေးရောဂါ A H1N1 pdm09 ဖြစ်ပွားနေမှုကြောင့် ဆေးရုံကြီးအချို့တွင် ယခုရက်ပိုင်းအတွင်း လူနာများထံသို့ ဧည့်သည်လာရောက်ကြည့်ရှုမှုများကိုလည်း ထိန်းချုပ်ထားပြီး အထူးသဖြင့် ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများ မလာရောက်ကြရန် မေတ္တာရပ်ခံထားသည်။

တိုင်းဒေသကြီး၊ ပြည်နယ်များအတွင်းရာသီတုပ်ကွေးရောဂါ A H1N1 pdm09 သံသယရှိသဖြင့် ယမန်နေ့အထိ ဓာတ်ခွဲစစ်ဆေးသူ စုစုပေါင်း ၁၁၅၇ ဦးအနက် ရောဂါဖြစ်ပွားသူ ၄၉၀ ရှိပြီး စုစုပေါင်းသေဆုံးသူ ၉၀ အထိ တိုးလာနေကြောင်း သိရသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းဓာတ်ခွဲစစ်ဆေးသူ စုစုပေါင်း ၅၃၄ အနက် ရောဂါဖြစ်ပွားသူ ၂၄၀ ရှိကာ သေဆုံးသူ ၆၃ ဦးရှိပြီဖြစ်၍ H1N1 ကြောင့် သေဆုံးမှုအများဆုံးဖြစ်နေသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီးတွင် ရောဂါဖြစ်ပွားသူ ၄၃ ဦးအနက် သေဆုံးသူ ကိုးဦး၊ ကချင်ပြည်နယ်တွင် ရောဂါဖြစ်ပွားသူ ၂၉ ဦး၊ သေဆုံးသူတစ်ဦး၊ ပဲခူးတိုင်းဒေသကြီးတွင် ရောဂါဖြစ်ပွားသူ ၂၄၊ သေဆုံးသူခုနစ်ဦး၊ မကွေးတိုင်းဒေသကြီးတွင် ရောဂါဖြစ်ပွားသူ ၂၂ ဦး၊ သေဆုံးသူနှစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ရောဂါဖြစ်ပွားသူ ၁၁ ဦး၊ သေဆုံးသူ သုံးဦး၊ မွန်ပြည်နယ်တွင် ရောဂါဖြစ်ပွားသူ ကိုးဦး၊ သေဆုံးသူ သုံးဦးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ရောဂါဖြစ်ပွားသူ ခြောက်ဦး၊ သေဆုံးသူ တစ်ဦး၊ ရခိုင်ပြည်နယ်တွင် ရောဂါဖြစ်ပွားသူ ၂၈ ဦး၊ သေဆုံးသူ တစ်ဦးရှိကြောင်း ပြည်သူ့ကျန်းမာရေး ဦးစီးဌာနက ထုတ်ပြန်ထားသည်။ ထို့အပြင် ဓာတ်ခွဲအတည်ပြုပြီးနောက် ရောဂါဖြစ်ပွားသူ နေပြည်တော်တွင် ၄၆ ဦး၊ ကရင်ပြည်နယ်တွင် ၁၁ ဦးနှင့် ကယားပြည်နယ်တွင် ရှစ်ဦး၊ မန္တလေးတိုင်းဒေသကြီးတွင် ခြောက်ဦးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် လေးဦး၊ တနင်္သာရီတိုင်းဒေသကြီးတွင် သုံးဦးရှိပြီး စုစုပေါင်း ရောဂါဖြစ်ပွားသူ ၄၉၀ နှင့် သေဆုံးသူ ၉၀ ရှိပြီဖြစ်သည်။

ရာသီတုပ်ကွေးရောဂါ A H1N1 pdm09 ဖြစ်ပွားသူများအနက် အသက် ၁၅ နှစ်မှ ၆၅ နှစ်အထိ ၅၂ ရာခိုင်နှုန်း၊ အသက် ၆၅ နှစ်အထက်တွင် ၁၁ ရာခိုင်နှုန်း၊ အသက် ၅ နှစ်မှ ၁၅ နှစ်အထိ ၁၄ ရာခိုင်နှုန်း၊ အသက် ၁ နှစ်မှ ငါးနှစ်အထိ ၁၇ ရာခိုင်နှုန်းနှင့် အသက်တစ်နှစ်အောက်တွင် ၆ ရာခိုင်နှုန်းရှိကြောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ထုတ်ပြန်ထားသည်။

**သီဟစည်သူ**

# ကဘူးလ်မြို့၌ တာလီဘန်တို့၏ဖောက်ခွဲမှုကြောင့် လူပေါင်း ၉၅ ဦး ဒဏ်ရာရ

**ကဘူးလ် ဩဂုတ် ၇**

အာဖဂန်နစ္စတန် ကဘူးလ်မြို့၌ ဩဂုတ် ၇ ရက်က တာလီဘန်တို့ ဗုံးဖောက်ခွဲမှုဖြစ်ပွားခဲ့ရာ မြို့တော်တွင် မီးခိုးငွေ့များဖုံးလွှမ်းသွားပြီး ပေါက်ကွဲရာ အနီးတစ်ဝိုက်ရှိ နေအိမ်များမှ ပြတင်းပေါက်များ တစ်စစီ ကြေမွသွားကြသည်။

အမေရိကန်နှင့် တာလီဘန်တို့ ငြိမ်းချမ်းရေးအတွက် စေ့စပ်ညှိနှိုင်းမှုများပြုလုပ်နေပြီး စက်တင်ဘာ ၂၈ ရက်တွင် ရွေးကောက်ပွဲ ကျင်းပရန် ရည်ရွယ်ထားရာ ယင်းမတိုင်မီ အာဖဂန်နိုင်ငံတစ်လွှားနှင့် ကဘူးလ်မြို့တို့တွင် ပေါက်ကွဲမှုများ ဖြစ်ပေါ်လျက်ရှိသည်။



ကဘူးလ်မြို့တွင် ပေါက်ကွဲမှုအပြီး မြင်ကွင်းကိုတွေ့ရစဉ်။

ကဘူးလ်မြို့အနောက်ပိုင်း ရဲစခန်းဝင်ပေါက်တွင် နံနက် ၉ နာရီဝန်းကျင်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ပြည်ထဲရေးဝန်ကြီး နက်စ်ရက် ရာဟီမီကပြောသည်။ ကျန်းမာရေးဌာနပြောရေးဆိုခွင့်ရှိသူ ဝါဟီဒူလာ မေရာက အရပ်သားများ၊ အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးများအပါအဝင် လူပေါင်း ၉၅ ဦးခန့်ကို ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရကြောင်းပြောကြားခဲ့သည်။ ဈေးဆိုင်ပိုင်ရှင်တစ်ဦး ဖြစ်သူ အာမက်ဆာလက်ကလည်း ပေါက်ကွဲသံကြီးကြားရပြီး ၎င်းဆိုင်မှ ပြတင်းပေါက်များ ကွဲကြေကုန်ကြောင်း ပြောကြားခဲ့သည်။ တာလီဘန်များက ယခုဖြစ်ပွားခဲ့သည့် ပေါက်ကွဲမှုမှာ ၎င်းတို့၏လက်ချက်ဖြစ်သည်ဟု ပြောကြားခဲ့သည်။

ပြီးခဲ့သည့်လ ဇူလိုင်လအတွင်း၌ပင် အာဖဂန်နိုင်ငံအတွင်း ပဋိပက္ခများကြောင့် အရပ်သား ၁၅၀၀ ခန့် သေကျေပျက်စီးခဲ့ရကြောင်း ကုလသမဂ္ဂ၏ပြောကြားချက်အရ သိရသည်။

ဩဂုတ် ၆ ရက်နှင့် ၇ ရက်တို့ကလည်း ကဘူးလ်လေဆိပ်အနီး အိုင်အက်စ်များ ပုန်းခိုရာနေရာတွင် အာဖဂန်လုံခြုံရေးတပ်ဖွဲ့များနှင့် တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ **အေအက်ဖ်ပီ**

# ဖိလစ်ပိုင်နိုင်ငံက အမျိုးသားအဆင့်ကူးစက်မြန် တုပ်ကွေးအဖြစ် ကြေညာ

**မနီလာ ဩဂုတ် ၇**

ဖိလစ်ပိုင်နိုင်ငံ၌ ယခုနှစ်အတွင်း ဖြစ်ပွားခဲ့သော တုပ်ကွေးကြောင့် လူပေါင်း ၆၂၂ ဦးထက် မနည်းသေဆုံးပြီးနောက်ပိုင်းတွင် ဩဂုတ် ၇ ရက်က နိုင်ငံတော်အဆင့် ကူးစက်မြန် တုပ်ကွေးအဖြစ် ကြေညာခဲ့သည်။

ယခုနှစ် ပထမ ခုနစ်လတာကာလအတွင်း တုပ်ကွေးရောဂါဖြစ်ပွားသူ ၁၄၆၀၀၀ အထိရှိခဲ့ပြီး တချို့မှာ ယခင်နှစ်ကလည်း ဖြစ်ပွားခဲ့ဖူးပြီး ယခု ဒုတိယအကြိမ်အဖြစ် ထပ်မံဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု နိုင်ငံ၏ကျန်းမာရေးဌာနက ပြောကြားခဲ့သည်။



တုပ်ကွေးရောဂါဖြစ်ပွားနေသည့် ကလေးငယ်တစ်ဦးကို တွေ့ရစဉ်။

ယခုဖြစ်ပွားမှုမှာ မယုံကြည်နိုင်လောက်အောင်ပင်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး ဖရန်စစ္စကိုဒူ့ခ်က ပြောသည်။ ရောဂါကို တွန်းလှန်နိုင်ရန် ရန်ပုံငွေများ လိုအပ်သည့်အတွက်လည်းကောင်း၊ အဆိုးရွားဆုံးသော ဒေသများတွင် ပြဿနာကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် အတွက်လည်းကောင်း ကူးစက်ရောဂါအဖြစ် ကြေညာရန် လိုအပ်ကြောင်း ၎င်းက ဆက်ပြောသည်။

ဖိလစ်ပိုင်အနောက်ပိုင်းဒေသတွင် အဆိုးရွားဆုံးအခြေအနေဖြစ်နေပြီး လူပေါင်း ၂၃၀၀၀ ခန့် ကူးစက်ခံရကြောင်း၊ ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း မင်ဒါနာအိုကျွန်းတွင်လည်း ကူးစက်ခံရနှုန်းမှာ မြင့်တက်လျက်ရှိကြောင်း သိရသည်။

၂၀၁၇ခုနှစ် ဒီဇင်ဘာလမှစတင်ကာ ဖိလစ်ပိုင်အစိုးရသည် တုပ်ကွေးရောဂါကို နှိမ်နင်းရန် ရုန်းကန်နေရပြီး Dengvaxia ဟုခေါ်သည့် ကာကွယ်ဆေးသည် လူများ၏ ကျန်းမာရေးကို ထိခိုက်စေသည်ဟု တွေ့ရှိပြီးနောက် အဆိုပါဆေးပေးခြင်းကို ရပ်တန့်ခဲ့ရသည်။ **နယူးယောက်တိုင်းမ်**

# ဘင်္ဂလားဒေ့ရှ်၌ တုပ်ကွေးကြောင့် သေဆုံးသူ ၂၃ ဦးအထိရှိလာ

**ဒါကာ ဩဂုတ် ၇**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် တုပ်ကွေးကြောင့် နောက်ထပ် ငါးဦးသေဆုံးပြီးနောက် ဇန်နဝါရီလမှစတင်ကာ တုပ်ကွေးကြောင့်သေဆုံးသူ ၂၃ ဦးအထိရှိလာပြီဟု ဘင်္ဂလားဒေ့ရှ်အစိုးရက အတည်ပြုပြောကြားခဲ့သည်။

ကျန်းမာရေးဝန်ဆောင်မှု ညွှန်ကြားရေးမှူးချုပ်က ဩဂုတ် ၆ ရက်တွင် အစီရင်ခံစာ တင်ခဲ့ခြင်းလည်းဖြစ်သည်။ တုပ်ကွေးကြောင့် သေဆုံးသူများမှာ ဧပြီလတွင် နှစ်ဦး၊ ဇွန်လတွင် သုံးဦး၊ ဇူလိုင်လတွင် ၁၅ ဦးနှင့် ဩဂုတ်လတွင် သုံးဦးတို့ဖြစ်ကြသည်။ ကျန်းမာရေးဝန်ဆောင်မှု ညွှန်ကြားရေးမှူးချုပ်ရုံး၏ အစီရင်ခံစာအရ ဩဂုတ် ၁ ရက်မှ ၆ ရက်အထိ တုပ်ကွေးဖြစ်ပွားသူ ၁၁၄၅၁ ဦးအထိရှိကြောင်း၊ ပြီးခဲ့သည့်လအတွင်း ကူးစက်ခံရသူ ၁၆၂၅၃ ဦး ထိရှိကြောင်းလည်း သိရသည်။

**ဆင်ဟွာ**

# အမေရိကန်ဦးဆောင်သည့် မဟာမိတ်တပ်ဖွဲ့သို့ သတင်းအချက်အလက်ပေးရန် အစ္စရေးမှကမ်းလှမ်း

**ဂျေရုဆလင် ဩဂုတ် ၇**

အစ္စရေးနိုင်ငံခြားရေးဝန်ကြီးက ဟော်မုဇ်ရေလက်ကြား၌ အမေရိကန်ဦးဆောင်သည့် ပင်လယ်ရေကြောင်း လုံခြုံစိတ်ချရရေးလုပ်ရှားမှုတွင် သတင်းအချက်အလက်များ ထောက်ပံ့ပေးမည်ဟု ပြောကြားခဲ့သည်။

အစ္စရေးနိုင်ငံခြားရေးဝန်ကြီး ကက်ဇ်က ဩဂုတ် ၆ ရက် တွင်ပြုလုပ်သည့် နိုင်ငံခြားရေးကိစ္စရပ်များနှင့် ကာကွယ်ရေး ကော်မတီအစည်းအဝေးတွင် ယခုလိုပြောကြားခဲ့ခြင်း ဖြစ်ကြောင်း အစ္စရေးမီဒီယာများတွင် ဖော်ပြထားသည်။ ပင်လယ်ကွေ့နိုင်ငံများနှင့် ဆက်ဆံရေးခိုင်မာပြီး အီရန်ကို ရင်ဆိုင်နိုင်ရန် တိုင်းပြည်၏မဟာဗျူဟာမြောက် အကျိုးစီးပွားအတွက် ယခုလိုပြုလုပ်ရခြင်းဖြစ်ကြောင်း ပါလီမန်ကော်မတီတွင် ပြောကြားခဲ့သည်။

အမေရိကန်ဦးဆောင်သည့် လှုပ်ရှားမှုတွင် အစ္စရေးက တရားဝင်အဖွဲ့ဝင်အဖြစ် ဖြစ်လာမလာကိုမူ မသိရသေးပေ။ အီရန်နှင့်ဆက်ဆံရေးတင်းမာနေချိန် ဟော်မုဇ်ရေလက်ကြားတွင် သင်္ဘောသွားလာမှု လုံခြုံစိတ်ချရရေးအတွက် အမေရိကန်နှင့်အတူ မဟာမိတ်နိုင်ငံများက ပူးပေါင်းပါဝင်ကြရန် အမေရိကန်အစိုးရက တောင်းဆိုလျက်ရှိသည်။

ဗြိတိန်နိုင်ငံကမူ အမေရိကန်ဦးဆောင်သည့်လှုပ်ရှားမှုတွင် ပါဝင်မည်ဟု ကြေညာမှုပြုခဲ့သည်။ သို့သော် အခြားနိုင်ငံများမှာ သတိကြီးစွာ စောင့်ကြည့်နေကြဆဲဖြစ်သည်။ အစ္စရေးဘက်မှ ယခုလိုပြုလုပ်ခြင်းမှာ ဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုက ၎င်း၏မဟာမိတ်ဖြစ်သည့် အမေရိကန်သမ္မတ ထရမ့်ကို ထောက်ခံရန် လုပ်ဆောင်သည့်လှုပ်ရှားမှုဟု ကျွမ်းကျင်သူများက ပြောကြသည်။

**အင်န်အိတ်ချ်ကေ**

# ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း၌ ပေါက်ကွဲမှုကြောင့် နှစ်ဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရ

**အစ္စလာမ္မာဘတ် ဩဂုတ် ၇**

ပါကစ္စတန်အနောက်တောင်ပိုင်း ဘလူချီစတန်ပြည်နယ် ကွီတာမြို့၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူနှစ်ဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိခဲ့သည်ဟု ရဲများက ပြောသည်။ ကွီတာမြို့ အဓိကလမ်းမကြီးဘေး ဟိုက်ဒီရီဈေးတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယင်းပေါက်ကွဲမှုကြောင့် ဈေးဆိုင်တစ်ဆိုင်ပျက်စီးသွားခဲ့သည်။ အခင်းဖြစ်ပွားရာနေရာသို့ ရဲများရောက်ရှိလာပြီး ဒဏ်ရာရရှိသူများကို ကယ်ဆယ်မှုများပြုလုပ်ခဲ့ကာ ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။ မကြာမီကာလအတွင်း ပွဲတော်ကာလကျရောက်တော့မည်ဖြစ်ရာ ယင်းအတွက် ပစ္စည်းများဝယ်ယူသူများနှင့် ရှုပ်ထွေးနေစဉ် ဖောက်ခွဲခဲ့ခြင်းဖြစ်သည်။

ကနဦးစုံစမ်းစစ်ဆေးမှုများအရ အဆိုပါဗုံးမှာ လျှို့ဝှက်စွာထောင်ထားခြင်းဖြစ်ပြီး မည်သို့မည်ပုံဖောက်ခွဲခဲ့သည်ကို စုံစမ်းစစ်ဆေးဆဲဖြစ်သည်။ ယင်းပေါက်ကွဲမှုမှာ မည်သည့်အဖွဲ့အစည်းလက်ချက်ဖြစ်သည်ကို မသိရသေးပေ။

**ဆင်ဟွာ**

# အစုလိုက်အပြုံလိုက်ပစ်ခတ်ခံရသည့် နေရာများသို့ ထရမ့်သွားရောက်ရာတွင် ရန်လိုမှုများနှင့် ကြုံတွေ့ရ

**ဝါရှင်တန် ဩဂုတ် ၇**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် အစုလိုက်အပြုံလိုက် ပစ်ခတ်မှုများဖြစ်ပွားခဲ့ရာ အိုဟိုင်းယိုးပြည်နယ်နှင့် တက္ကဆက်ပြည်နယ်တို့သို့သွားရောက်ရာ ယခုလို ပစ်ခတ်မှုများဖြစ်ပွားရသည်မှာ ထရမ့်၏ ပယောဂမကင်းဟုဆိုကာ ဆန္ဒပြကြသည့် အမေရိကန်ပြည်သူများနှင့်ရင်ဆိုင်ခဲ့ရသည်။

ပြီးခဲ့သည့်သီတင်းပတ်အတွင်း ပစ်ခတ်မှုကြောင့် လူပေါင်း ၃၁ ဦးသေဆုံးခဲ့ပြီးသည့် အချိန်မှစ၍ ထရမ့်မှာလည်း အခက်အခဲများကြား လျှောက်လှမ်းနေရသည်။

ယခုခရီးစဉ်မှာ ထိခိုက် ခံစားရသူများကို အလေးထားရန်၊ ကြောက်လန့်နေသည့် အသိုင်းအဝိုင်းများကို စိတ်သက်သာရာရစေရန် သွားရောက်ခဲ့ခြင်းဖြစ်သည်ဟု အိမ်ဖြူတော် သတင်းစာရှင်းလင်းပွဲ အကြီးအကဲ စတက်ဖင်နီ ဂရီရှ်ဟမ် ကပြောသည်။ ဆန့်ကျင်ဆန္ဒပြသူများသည် နေရာပေါင်းစုံမှပေါ်ထွက်လာရန် ရည်ရွယ်ထားသည်။

ပစ်ခတ်မှုဖြစ်ပွားခဲ့သည့်နေရာဖြစ်သည့် အယ်ပက်ဆိုသည် အမေရိကန် -မက္ကဆီကိုနယ်စပ်ရှိ မြို့ဖြစ်ပြီး အဆိုပါမြို့သို့ ထရမ့်သွားရောက်မည်ဖြစ်သည်။

ဒေသခံ ဒီမိုကရက်တစ်အမျိုးသမီးအမတ်တစ်ဦးဖြစ်သူ အက်စ်ကိုဘာက ဤနေရာတွင် ထရမ့်ကိုကြိုဆိုမည့်သူ မရှိကြောင်း၊ ဤနေရာသို့ မလာသင့်ကြောင်း ပြောဆိုခဲ့သည်။

**အေအက်ဖ်ပီ**



သေနတ်ပစ်မှုကြောင့် သေဆုံးခဲ့ရသူများအတွက် အမှတ်တရပန်းစည်းများချထားသည်ကို တွေ့ရစဉ်။

# အီတလီရဲ့ ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ ပြင်းထန်တဲ့ဥပဒေတစ်ရပ်ကို မဲခွဲဆုံးဖြတ်

*ကလျာမိုးမြင့်*

ယခုရက်ပိုင်းအတွင်း နိုင်ငံရေးကျွမ်းကျင်သူတွေ ပါးစပ်အဟောင်းသား ဖြစ်သွားစေမယ့် ဥပဒေတစ်ရပ်ကို အီတလီဆီးနိတ်လွှတ်တော်က မဲခွဲဆုံးဖြတ်မှုပြုလုပ်ကာ အတည်ပြုနိုင်ခဲ့ပြီဖြစ်ပါတယ်။ အဲဒီဥပဒေကတော့ အီတလီနိုင်ငံရဲ့ ဆိပ်ကမ်းတွေကိုဝင်ရောက်လာကြတဲ့ သင်္ဘောတွေမှာ ရွှေ့ပြောင်းသွားလာသူတွေကို တင်ဆောင်လာခဲ့ရင် အဲဒီသင်္ဘောကပ္ပတိန်ကို အီတလီအာဏာပိုင်တွေက ယူရိုတစ်သန်း (အမေရိကန်ဒေါ်လာ ၁ဒသမ ၁သန်း) ဒဏ်ငွေတပ်ဖို့ ခွင့်ပြုလိုက်တဲ့ အမိန့်တစ်ရပ်ပါပဲ။

**အပြင်းထန်ဆုံး စည်းမျဉ်း**

ဥရောပရဲ့ ရွှေ့ပြောင်းသွားလာမှုကို ဆန့်ကျင်တဲ့ အပြင်းထန်ဆုံး စည်းမျဉ်းတစ်ခုလို့ ဆိုရမယ့် ဒဏ်ငွေကောက်ခံမှုကို အီတလီဆီးနိတ်လွှတ်တော်အတွင်းမှာ ခိုင်လုံတဲ့ မဲအရေအတွက်နဲ့ အတည်ပြုဖို့ မဲခွဲဆုံးဖြတ်ခဲ့ကြတာဖြစ်တယ်လို့ သိရပါတယ်။အီတလီနိုင်ငံဆီကို ပင်လယ်ဖြတ်ကျော်ရောက်ရှိလာကြတဲ့ ရွှေ့ပြောင်းသွားလာသူအရေအတွက် သမိုင်းတွင်လောက်အောက် လျော့ကျသွားပြီးတဲ့နောက်မှာ အခုလိုပြင်းပြင်းထန်ထန် အရေးယူဖို့ လုပ်ဆောင်ရခြင်းဖြစ်ပါတယ်။

**အီတလီရဲ့တောင်းဆိုချက်**

ပြီးခဲ့တဲ့ရက်ပိုင်းအတွင်း ဥရောပကော်မရှင်ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံထားရသူ အာစူလာ ဗွန်ဒါလီယန်က ရွှေ့ပြောင်းသွားလာသူအရေးမှာ ပိုပြီးဝန်ထုပ်ဝန်ပိုးတွေ မျှဝေထမ်းပိုးထားရတာတွေအတွက် ကာလကြာရှည်တောင်းဆိုခဲ့တဲ့ အီတလီရဲ့ တောင်းဆိုချက်အချို့ကို အဆင်ပြေညီညွတ်အောင် ဥရောပကော်မရှင်က ဆောင်ရွက်ပေးဖို့ ဆန္ဒရှိနေတယ်လို့ ရောမမြို့မှာ ၎င်းကပြောကြားခဲ့ပါတယ်။ အီတလီပြည်သူတွေကို အဲဒီလို ပြေရာပြေကြောင်း ပြောဆိုခဲ့ပြီး သုံးရက်အကြာမှာပဲ ဆီးနိတ်လွှတ်တော်ရဲ့ မဲခွဲဆုံးဖြတ်မှု ပေါ်ထွက်လာခဲ့တာဖြစ်ပါတယ်။

**အကြီးအကျယ်အံ့အားသင့်**

လုံခြုံရေးဆိုင်ရာ အီတလီဒုတိယဝန်ကြီးချုပ် မက်တီယို ဆယ်လ်ဗီနီက လုံခြုံရေးဆိုင်ရာ ဥပဒေတစ်ရပ်အဖြစ် မူကြမ်းရေးဆွဲခဲ့တဲ့ အဲဒီပြင်းထန်တဲ့ အရေးယူဆောင်ရွက်မှုကို မဲခွဲဆုံးဖြတ်မှုပြုလုပ်ခဲ့ချိန်မှာ နိုင်ငံရေးဆိုင်ရာ လေ့လာသူတွေနဲ့ ကျွမ်းကျင်သူအပေါင်းဟာ အကြီးအကျယ်အံ့အားသင့်ခဲ့ရပါတယ်။

အီတလီအစိုးရက အခုလိုမျိုး ပြင်းပြင်းထန်ထန် အရေးယူဆောင်ရွက်တာဟာ သိပ်ပြီးစိုးရိမ်စရာကောင်းတယ်။ နိုင်ငံတိုင်းက စိတ်ပူရမယ့်အချက်လည်းဖြစ်တယ်လို့ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ဘာဘာရာ မိုလီနာရီယိုက ပြောကြားခဲ့ပါတယ်။ ရွှေ့ပြောင်းသွားလာသူတွေ ဆိုက်ရောက်လာမှုနဲ့ ပတ်သက်ပြီး အီတလီမှာ အရေးပေါ်အခြေအနေမျိုးလည်းမရှိဘူး။ ပြီးတော့ ဒီလိုလုပ်လိုက်တဲ့အတွက် ပင်လယ်ထဲမှာ လူတွေပိုပြီးသေဆုံးမှုတွေဖြစ်လာနိုင်တယ်လို့ ကျွမ်းကျင်သူတွေကလည်း သတိပေးခဲ့ပါတယ်။



အီတလီ၏ ရွှေ့ပြောင်းသွားလာမှုဆိုင်ရာဥပဒေတစ်ရပ်ကို လွှတ်တော်၌ မဲခွဲဆုံးဖြတ်စဉ်။

**ဥရောပမှာ အတင်းကျပ်ဆုံး**

ပြီးခဲ့တဲ့ ၁၄ လအကြာက ဝန်ကြီးချုပ် ဂူဆက်ပီ ကွန်တီ အာဏာရရှိလာချိန်ကစပြီး ရွှေ့ပြောင်းသွားလာမှုကိုဆန့်ကျင်တဲ့ နိုင်ငံရေးပါတီရဲ့ အကြီးအကဲဖြစ်တဲ့ ဆယ်လ်ဗီနီဟာ အီတလီရဲ့ ရွှေ့ပြောင်းသွားလာမှုကို ဆန့်ကျင်တဲ့ ဥပဒေကို ဥရောပမှာ အတင်းကျပ်ဆုံး ဥပဒေဖြစ်စေခဲ့တဲ့သူပါပဲ။

ဆယ်လ်ဗီနီလက်ထက်မှာ ကယ်ဆယ်ရေးသင်္ဘောအများစု ဝင်ရောက်လာနိုင်တဲ့ အီတလီဆိပ်ကမ်းတွေကိုပိတ်ပစ်ခဲ့ပြီး ရွှေ့ပြောင်းသွားလာသူတွေကို သီးခြားရွေးထုတ်တဲ့ အစီအစဉ်တွေအတွက် ရန်ပုံငွေထည့်ဝင်မှုတွေနဲ့ လစ်ဗျားနိုင်ငံဆီကနေထွက်ခွာပြီး ဝင်ရောက်လာကြမယ့် ရွှေ့ပြောင်းသွားလာသူတွေကို တားဆီးဖို့ ကြိုးပမ်းတဲ့အနေနဲ့ လစ်ဗျားကမ်းခြေစောင့်တပ်ဖွဲ့ကို အထောက်အပံ့ပေးမှုတွေ လုပ်ဆောင်ခဲ့ပါတယ်။

**သိသိသာသာထိရောက်မှုရှိ**

ဒီလို လုပ်ဆောင်လိုက်ပြီးတဲ့နောက်မှာ ရလဒ်အနေနဲ့ ဘာတွေပြောင်းလဲသွားပါသလဲ။ အီတလီရဲ့ ဆောင်ရွက်မှုတွေ အတော်လေးထိရောက်ခဲ့ပါတယ်။ယခုနှစ်ရဲ့ ဇန်နဝါရီလကနေ ဇူလိုင်လအထိ အီတလီနိုင်ငံကို ရွှေ့ပြောင်းသွားလာသူ ၂၄၈ ဦးသာဝင်ရောက်ခဲ့ပါတယ်။ ယခင်နှစ် အဲဒီအချိန်တုန်းကဆိုရင် ရွှေ့ပြောင်းသွားလာသူတွေ အီတလီကိုဝင်ရောက်မှုက ၅၂၀၄ ဦးအထိ ရှိခဲ့တာမို့ အတော်လေးကို ကွာခြားတဲ့ ရလဒ်လို့ပြောနိုင်ပါတယ်။ ၂၀၁၇ခုနှစ်မှာတုန်းကဆိုရင် ဒီထက်ပိုများပြီး ၃၈၇၄၇ အထိတောင် ဝင်ရောက်မှုရှိခဲ့တာပါ။

**နိုင်ငံရေးလှည့်ကွက်လား**

လုံခြုံရေးဆိုင်ရာ ဥပဒေအဖြစ် အခုရေးဆွဲခဲ့တဲ့ အမိန့်ဟာဆိုရင် မရှိတဲ့ပြဿနာကို အဖြေရှာနေတာဖြစ်တယ်လို့ ရွှေ့ပြောင်းသွားလာသူ အရေးကိစ္စတွေမှာ ဦးစားပေးဆောင်ရွက်နေတဲ့ ထောက်ခံရေးအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ Centro Studi Mediအဖွဲ့အကြီးအကဲ အန်ဒရီယာတိုရီက အင်တာဗျူးတစ်ခုမှာ ဖြေထားတာကို တွေ့ရပါတယ်။

အီတလီနိုင်ငံကို ရွှေ့ပြောင်းသွားလာသူတွေ ဆိုက်ရောက်တဲ့အရေအတွက်က ဘယ်လောက်မှ တောင်မရှိဘဲ အခုလိုအမိန့်မျိုး ထုတ်ပြန်ဖို့ ဆုံးဖြတ်တယ်ဆိုကတည်းက ဒါဟာ ဆယ်လ်ဗီနီနဲ့ ၎င်းရဲ့လိဂ်အဖွဲ့ရဲ့နိုင်ငံရေးလှည့်ကွက်ပဲလို့ ၎င်းက ဝေဖန်ထားပါတယ်။

**ဒဏ်ရိုက်ခွင့်ပြု**

ဥပဒေအရ အီတလီအာဏာပိုင်တွေအနေနဲ့ ရွှေ့ပြောင်းသွားလာသူတွေကို တင်ဆောင်ပြီး အီတလီဆိပ်ကမ်းကို ဝင်ရောက်ကမ်းကပ်လာတဲ့ သင်္ဘောက ကပ္ပတိန်တွေကို ယူရိုငွေ ၁၅၀၀၀၀ (အမေရိကန်ဒေါ်လာ ၁၆၈၀၀၀ ဒေါ်လာ) ကနေ ယူရိုငွေ တစ်သန်း (အမေရိကန်ဒေါ်လာ ၁ဒသမ ၁သန်း)အထိ ဒဏ်ငွေကောက်ခံနိုင်တဲ့အပြင် သင်္ဘောကိုပါ သိမ်းဆည်းနိုင်တယ်လို့ ခွင့်ပြုထားပါတယ်။

အီတလီသတင်းမီဒီယာတွေရဲ့ဖော်ပြချက်တွေအရ သင်္ဘောတွေတင်မကဘဲ ဆိပ်ကမ်းဆီပြန်ရောက်လာတဲ့ ငါးဖမ်းလှေတွေနဲ့ အပန်းဖြေလှေတွေမှာပါ ရွှေ့ပြောင်းသွားလာသူတွေလိုက်ပါလာတယ်လို့ ယူဆရတဲ့ လှေသမားတွေကို ဒဏ်ငွေတပ်မယ်လို့ သိရပါတယ်။

**စည်းလုံးဖို့ တိုက်တွန်း**

အသစ်ချမှတ်လိုက်တဲ့ ဆောင်ရွက်ချက်တွေဟာ ဥရောပမှာ ထိရောက်တဲ့ ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ မူဝါဒတွေရှိစေချင်ခဲ့တဲ့ ဥရောပကော်မရှင်ဥက္ကဋ္ဌ ဗွန်ဒါလီယန်ရဲ့ ရှုမြင်သုံးသပ်ချက်တွေအပေါ် ဘယ်လိုအကျိုးသက်ရောက်မှု ရှိလာစေမလဲဆိုတာကိုတော့ မသိနိုင်သေးပါဘူး။ ဥရောပ သမဂ္ဂအဖွဲ့ဝင်တွေအနေနဲ့ ရွှေ့ပြောင်းသွားလာသူအရေးအတွက် လိုအပ်တဲ့လုပ်ငန်းဆောင်ရွက်မှုတွေနဲ့ ကုန်ကျစရိတ်တွေကို မျှခံတဲ့နေရာမှာ စည်းလုံးညီညွတ်မှုရှိကြောင်းကို ခိုင်မာသေချာစေသင့်ကြောင်း ၎င်းက တိုက်တွန်းခဲ့သူ ဖြစ်ပါတယ်။

**ဆက်ဆံရေးထိခိုက်**

ဥပဒေသစ်ဟာ ဆယ်လ်ဗီနီရဲ့ လိဂ်အဖွဲ့နဲ့ ဖိုက်စတားလှုပ်ရှားမှုအဖွဲ့ တည်ထောင်မှုကို ဆန့်ကျင်တဲ့ ၎င်းရဲ့ မဟာမိတ်အဖွဲ့အကြား ဆက်ဆံရေးကိုလည်း ထိခိုက်လာစေနိုင်ပါတယ်။ အကြောင်းကတော့ မဟာမိတ်အဖွဲ့ဟာ ဆယ်လ်ဗီနီအဖွဲ့ရဲ့ အစွန်းရောက်တဲ့ ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ သဘောထားရပ်တည်ချက်ကို ဘယ်တုန်းကမှ မထောက်ခံခဲ့လို့ပါပဲ။

ဘယ်လိုပဲဖြစ်ဖြစ် အီတလီဝန်ကြီးချုပ် ဂူဆက်ပီကွန်တီရဲ့ အစိုးရအဖွဲ့ဟာ တနင်္လာနေ့က ဆီးနိတ်လွှတ်တော်မှာ ခိုင်လုံမဲအရေအတွက်နဲ့ အနိုင်ရရှိလိုက်ပြီဖြစ်တာကြောင့် လုံခြုံရေးဆိုင်ရာ ဥပဒေသစ်ကို ကျိန်းသေအတည်ပြုနိုင်တော့မှာ ဖြစ်ပါတယ်။

**အနိုင်ရ**

ဗဟိုလက်ဝဲယိမ်းနဲ့ လက်ယာယိမ်းပါတီတွေ၊လူ့အခွင့်အရေး လှုပ်ရှားမှုအဖွဲ့တွေနဲ့ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)တို့က ပြင်းပြင်းထန်ထန်ကန့်ကွက်မှုတွေရှိခဲ့ပေမယ့်လည်း အထက်လွှတ်တော်မှာ မဲခွဲဆုံးဖြတ်မှုပြုလုပ်ခဲ့ရာမှာ အစိုးရအဖွဲ့ကို မဲပေးသူ ၁၆၀ ရှိပြီး ကန့်ကွက်မဲ ၅၇ မဲရှိခဲ့ပါတယ်။

ခိုင်လုံမဲနဲ့ဆုံးဖြတ်ခြင်းကို အီတလီအစိုးရအဖွဲ့တွေက ပါလီမန်လွှတ်တော်အတွင်း ဥပဒေပြုရေး မြန်ဆန်စေဖို့၊ စကားစစ်ထိုးခြင်းကို အပြတ်ဖြတ်ဖို့နဲ့ အတိုက်အခံအဖွဲ့ရဲ့ ပြင်ဆင်ဖြည့်စွက်မှုတွေကို ဖယ်ရှားဖို့အတွက် အခါအားလျော်စွာအသုံးပြုလေ့ရှိပြီး အကယ်၍သာ ခိုင်လုံမဲရရှိရေး မဲခွဲဆုံးဖြတ်မှုမှာ ရှုံးနိမ့်ခဲ့မယ်ဆိုရင် အစိုးရအဖွဲ့ဟာ ဖြုတ်ချခံရမှာ ဖြစ်တယ်လို့ သိရပါတယ်။ ။

**ကိုးကား-ဆင်ဟွာ**

"အဲဒီဥပဒေကတော့ အီတလီနိုင်ငံရဲ့ ဆိပ်ကမ်းတွေကို ဝင်ရောက်လာကြတဲ့ သင်္ဘောတွေမှာ ရွှေ့ပြောင်းသွားလာသူတွေကို တင်ဆောင်လာခဲ့ရင် အဲဒီသင်္ဘောကပ္ပတိန်ကို အီတလီအာဏာပိုင်တွေက ယူရိုတစ်သန်း (အမေရိကန်ဒေါ်လာ ၁ဒသမ ၁သန်း) ဒဏ်ငွေတပ်ဖို့ ခွင့်ပြုလိုက်တဲ့ အမိန့်တစ်ရပ်ပါပဲ"

## နိုင်ငံတကာသတင်းတိုထွာ

### ကန်ကာကွယ်ရေးဝန်ကြီးနှင့် မစ္စတာ အာဘေးတို့ တွေ့ဆုံ

**တိုကျို ဩဂုတ် ၇**

ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးသည် အမေရိကန် ကာကွယ်ရေးဝန်ကြီး မက်အက်စ်ပါနှင့်တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံကြား ဆက်ဆံရေး အားကောင်းလာစေရန် သဘောတူခဲ့ကြသည်။ ၎င်းတို့ နှစ်ဦးတွေ့ဆုံပွဲကို တိုကျိုမြို့ရှိ ဝန်ကြီးချုပ်ရုံး၌ ပြုလုပ်ခဲ့ပြီး ဇူလိုင်လအတွင်း မစ္စတာ အက်စ်ပါ တာဝန်စတင်ထမ်းဆောင်ချိန်မှစ၍ အခုအချိန်အထိ ပထမဆုံးအကြိမ်အဖြစ် ဂျပန်နိုင်ငံသို့ တရားဝင်လာရောက်ခဲ့ခြင်းဖြစ်သည်။

မစ္စတာအာဘေးက ဂျပန်နိုင်ငံနှင့် အမေရိကန်တို့၏ မဟာမိတ်ဆက်ဆံရေးသည် ကြာရှည်တည်တံ့ခိုင်မြဲမည်ဖြစ်ကြောင်း၊ အင်ဒိုပစိဖိတ်ဒေသတွင် လွတ်လပ်ပြီး ပွင့်လင်းသော ပူးပေါင်းဆောင်ရွက်ရေး ဆက်လက်ဆောင်ရွက်သွားနိုင်ရန် မစ္စတာအာဘေးက ပြောကြားခဲ့သည်။ မစ္စတာ အက်စ်ပါကလည်း ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ဆုံးဖြတ်ချက်ဖြစ်သည့် မြောက်ကိုရီးယားအပေါ် ပိတ်ဆို့မှုကို ဂျပန်နိုင်ငံက ကူညီခဲ့သည့်အတွက်လည်း ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ခ်ျကေ**

### အဂတိလိုက်စားမှုဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ယီမင်ဝန်ထမ်း စွပ်စွဲခံရ

**ဆာနား ဩဂုတ် ၇**

ယီမင်နိုင်ငံ၌ ပြည်တွင်းစစ်ကာလအတွင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှထောက်ပံ့ပေးထားသည့် ထောက်ပံ့ရေးပစ္စည်းများကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ယီမင်ဆိုင်ရာဝန်ထမ်းက အဂတိလိုက်စားမှုများပြုလုပ်ခဲ့သည့်အတွက် ကုလသမဂ္ဂမှစုံစမ်းစစ်ဆေးမှုများပြုလုပ်လျက်ရှိသည်။

အဆိုပါသတင်းကို ကုလသမဂ္ဂပြောရေးဆိုခွင့်ရှိသူ စတက်ဖင်း ဒူဂျာရက်က ဩဂုတ် ၈ ရက်တွင် ပြောကြားခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ စာရင်းစစ်များသည် အဆိုပါစွပ်စွဲမှုအတွက် စုံစမ်းမှုများပြုလုပ်နေပြီး သံသယဖြစ်ဖွယ်စာချုပ်များ၊ လှူဒါန်းထားသည့် လောင်စာများနှင့် ဆေးဝါးများကိုပါ စစ်ဆေးမှုများပြုလုပ်ခဲ့သည်။

ကုလသမဂ္ဂသည် အဂတိလိုက်စားမှုနှင့် ပတ်သက်ပြီး နည်းနည်းမှ သည်းခံလိမ့်မည်မဟုတ်ဟုလည်း ၎င်းကဆက်ပြောသည်။

ယီမင်နိုင်ငံတွင် လူဦးရေခြောက်သန်းခန့်မှာ ၂၀၁၅ ခုနှစ် ပြည်တွင်းစစ် စတင်ဖြစ်ပွားချိန်မှစတင်ကာ ဆိုးရွားသည့် အငတ်ဘေးနှင့်ရင်ဆိုင်ခဲ့ရသည်။

အဆိုပါလူဦးရေမှာ ယီမင်နိုင်ငံ၏ လူဦးရေတစ်ဝက်ကျော်ပင်ဖြစ်သည်။ ယီမင်နိုင်ငံအတွက် အလှူခံရရှိသည့် ငွေစုစုပေါင်းမှာ ကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံရှိပြီး ဂျပန်နိုင်ငံမှ ကန်ဒေါ်လာ သန်း ၄၀ ကူညီထားသည်။

ယီမင်နိုင်ငံတစ်လွှား ဆေးဝါးနှင့် အစားအသောက်များ ထောက်ပံ့ပေးရန်နှင့် ဘဏ္ဍာရေးဆိုင်ရာထောက်ပံ့မှုများ အတွက် အကူအညီပေးခဲ့ခြင်းဖြစ်သည်။

**အင်န်အိတ်ခ်ျကေ**

# မေမြို့ သို့မဟုတ် ပြင်ဦးလွင်

အပိုင်း (၂)

**Thiha, the Traveller @ သီဟလှုလင်**



YGW Garden ၌ အပန်းဖြေလိုသူများအတွက် ပြင်ဆင်ထားမှုကို တွေ့ရစဉ်။

## ရေတံခွန်များ

### (၁) ခတ်တော်ချိုင့်ရေတံခွန်

အလွန်လှတဲ့ရေတံခွန်အမြင့်တစ်ခု ဖြစ်ပါတယ်။ အောက်ခြေအထိဆင်းပြီး သွားကြည့်ရင် ပိုလှပါတယ်။ ဒါပေမယ့် အပေါ်ပြန်တက်တဲ့ အခါမှာတော့ အခက်အခဲ တွေ့နိုင်ပြီး ကိုယ့်အနားမှာ ကိုယ့်ကိုထမ်းခေါ်ပေးမယ့် အထမ်းဆရာတွေ ရှိနေတတ်ပါတယ်။ ဒါပေမယ့် ဈေးကတော့ အတော် မြင့်မားနေတတ်တာမို့ ကိုယ့်ဘက်က လုံလောက်တဲ့ ကျန်းမာရေးအခြေအနေနဲ့ သက်လုံရှိမှ ဒီရေတံခွန်ကို သွားသင့်ပါတယ်။ ရေတံခွန်မှာ အဆင့် (၃) ဆင့်ရှိပြီး အဆင့်တိုင်းက သူ့အလှနဲ့သူ ရှိနေပါတယ်။ ရေတံခွန်တစ်ခုလုံးရဲ့ အလှကိုတော့ The View ဟိုတယ်ကနေ လှမ်းမြင်ရပါတယ်။ ကူပွန် ၁၀၀၀ ကျပ် ဖြတ်ပြီး The View ရဲ့ စားသောက်ဆိုင်မှာ သုံးစွဲရင် ဒီရှုခင်းကို မြင်တွေ့နိုင်တဲ့ ရှုခင်းသာနေရာလေးကို ဝင်ခွင့်ရမှာ ဖြစ်ပါတယ်။

### (၂) ပွဲကောက်/ပွေးကောက် ရေတံခွန် သို့မဟုတ် BE Fall

မဟာအံ့ထူးကံသာဘုရားကို လာရောက်ဖူးမြော်ပြီးတာနဲ့ ဧည့်သည်အတော်များများက ဘုရားကြီးအရှေ့ဘက် မျက်နှာချင်းဆိုင်လမ်းကနေ ဝင်သွားလို့ရတဲ့ ပွဲကောက်ရေတံခွန်ဆီကို ရောက်လာကြပါတယ်။ ပွဲကောက်ရေတံခွန်က အလွယ်တကူ သွားလည်လို့ရတာရော၊ အပန်းဖြေဖို့ လွတ်လပ်မှုရှိတာရော (ဆိုလိုတာက အရက်သောက် ပျော်ပါးနိုင်တာ) မို့ ဧည့်သည်အတော်များတတ်ပါတယ်။ ခရီးသွားရာသီချိန်ဆို ပိုပြီးဆိုးရွားပါတယ်။ ရေကူးသူလည်း များပြီး စားသောက်ဆိုင်နဲ့ အမှတ်တရပစ္စည်းဆိုင်တွေလည်း များပါတယ်။ ပွဲကောက်မှာတော့ ဒေသထွက် ဝိုင်ပုလင်းတွေနဲ့ ယိုမျိုးစုံကို ရောင်းချတာ ပိုပြီး များတာ သတိပြုမိပါတယ်။

### (၃) ဒီဇင်ဘာခြံ ရေတံခွန်

လှပတဲ့ရေတံခွန်တစ်ခု ဖြစ်ပါတယ်။

### (၄) ရေပျံတောင် ရေတံခွန်

ရေတံခွန်အသစ်တစ်ခုအနေနဲ့ရော တောလမ်းလျှောက်၊ တောင်တက်ခရီးစဉ်တစ်ခုအနေနဲ့ရော သဘာဝအလှကို ခံစားဖို့ လာရောက်ကြသူများပါတယ်။ ရေပျံတောင် ရေတံခွန်က ခတ်တော်ချိုင့် ရေတံခွန်လိုပဲ အသွားမှာတော့ အဆင်းချည်းပဲ ဖြစ်ပြီး အပြန်မှာတော့ တောင်တက်ခရီး ဖြစ်သွားလို့ သက်လုံကောင်းဖို့၊ ဒူးကောင်းဖို့ လိုအပ်ပါတယ်။ ရေတံခွန် အဆင့် (၇) ဆင့် ရှိပြီး အဆင့်တိုင်းမှာလည်း လှပကျယ်ဝန်းတဲ့ ရေတံခွန်လေးတွေ တွေ့မြင်ရပါတယ်။ အောက်ဘက်အဆင့်ကတော့ အလှဆုံးလို့ ဆိုကြပါတယ်။ ကျွန်တော်ကတော့ အဆင့် (၇) ဆင့်လုံး မရောက်ဖြစ်တော့ ဒီကိစ္စကို ငြင်းနိုင်ဖွယ် မရှိသေးပါဘူး။

## ဝိုင်ခြံ

### (၁) ရွှေပြင်ဦးလွင် စပျစ်ခြံ

ရေပျံတောင်သွားတဲ့ လမ်းလေးပေါ်မှာပဲ ရှိပြီး မြို့ပြနဲ့ အလှမ်းဝေးတဲ့ တောတောင်သဘာဝ အလှကို ခံစားကြရတယ်။ ဆင်ခေါင်းလေး ကျေးရွာမှာပါ။ မြို့ရှောင်လမ်းက ထင်းရှူးတန်းမှာ ခတ်ပုံရိုက်ရင်းသွားလည်နိုင်ပါတယ်။ စပျစ်ခင်းကြီးတွေကို စနစ်တကျ စိုက်ပျိုးထားလို့ စပျစ်သီး တကယ်ခူးပြီး ဝယ်ယူစားသုံးနိုင်ပါတယ်။ စပျစ်သီး ဈေးတော့ကြီးတယ်လို့ ခံစားရပေမယ့် စားရတဲ့ အရသာရယ်၊ ကိုယ်တိုင်ခူးရအောင်ဖန်တီးပေးတာလေးတွေ စဉ်းစားကြည့်ရင်တော့ တန်တယ်လို့ပဲ မှတ်ထားလိုက်မိတယ်။

## ပန်းခြံနဲ့ အခြားလည်ပတ်စရာများ

### (၁) အမျိုးသားကန်တော်ကြီးဥယျာဉ်

ပန်းပွဲတော်ပြုလုပ်လေ့ရှိတဲ့အပြင် ၁၂ ရာသီ ပန်းပွင့်စုံစုံနဲ့ ပြင်ဆင်ဆောင်ရွက်ထားလေ့ရှိပြီး နေရာကျယ်ကျယ်၊ လေသန့်ဝဝ ရှူရှိုက်အပန်းဖြေနိုင်တဲ့ နေရာတစ်ခုလည်း ဖြစ်ပါတယ်။ ရေပြင်ကျယ်ကြီးနဲ့ ပန်းပင်တွေရဲ့ အလှကို ခံစားရမှာဖြစ်သလို၊ ငှက်တွေကို သဘာဝအတိုင်းလွှတ်ထားတဲ့ ငှက်လှောင်အိမ်အကြီးစားထဲမှာ ငှက်အကြီးအသေးအစုံကို လွတ်လွတ်လပ်လပ်ကြည့်ကြရပါဦးမယ်။ လိပ်ပြာပြတိုက်မှာလည်း လိပ်ပြာနဲ့ အင်းဆက်ကောင်လေးတွေရဲ့ ဖြစ်တည်မှုတွေ၊ မြောက်မြားစွာသော လိပ်ပြာအမျိုးအစားတွေကို လေ့လာနိုင်တဲ့အပြင် သစ်ခွဥယျာဉ်လည်း ရှိသေးလို့ သစ်ခွမျိုးစိတ်တွေကို လေ့လာခွင့်ရဦးမှာပါ။ အများသုံးအိမ်သာ သန့်ရှင်းမှု ဆိုးရွားတာကလွဲရင် အပန်းဖြေစရာကောင်းတဲ့ ဥယျာဉ်ကြီးတစ်ခု ဖြစ်ပါတယ်။

### (၂) The Croft ခြံ

နောက်ထပ် စိုက်ပျိုးရေးခြံလေးပါပဲ။ သိပ်ကြီးတော့ မကျယ်ဘူး။ မြို့ထဲလောက်မှာပဲမို့ ခြံသိပ်မကျယ်တာ မဆန်းဘူးပေ့ါလေ။ ပြင်ဦးလွင် ကန်တော်ကြီးနဲ့ မဝေးလှဘူး။ စိုက်ထားတဲ့ အသီးအနှံနဲ့ ဟင်းသီးဟင်းရွက်ကတော့ မျိုးစုံပဲ။ စတော်ဘယ်ရီတွေလည်း ရှိတယ်။ တခြားရောပဲ စုံစိနေတာ။ သူကတော့ ဝင်ကြေးနဲ့ ဝင်ရတယ်။ လူတစ်ဦးကို ငွေကျပ် ၂၅၀၀ ပေးရင် အထဲမှာ Hi-tea Set လေးရတယ်။ မုန့်၊ သစ်သီးတွေပါတဲ့ ချိုင့်လှလှလေး တစ်ခုနဲ့ အအေး သို့မဟုတ် ကော်ဖီ တစ်မျိုးပါမယ်။ ခြံထိပ်နားမှာ ရှိတဲ့ Cottage ခေါ်မလား အဲဒီအဆောက်အအုံနီနီကြီးကြောင့် ပိုပြီး စိတ်ဝင်စားစရာ ဖြစ်နေတာရယ်။ ရေစင်လေးကလည်း ချစ်စရာကောင်းတယ်။ ဒီနေရာလေးမှာ Pre-wedding လာရိုက်ကြတာများတယ်။

### (၃) YGW Garden

စားသောက်ဆိုင်လေးနဲ့ တွဲဖက်ဖွင့်လှစ်ထားတဲ့ အပန်းဖြေစရာနေရာတစ်ခုပါ။ ပန်းခြံလေးသဖွယ် ပြင်ဆင်ထားပေးပြီး ဝက်ဝံလေးတွေ၊ မျောက်လေးတွေ၊ ငှက်လေးတွေ မွေးမြူပြသထားပါတယ်။ ခတ်ပုံရိုက်စရာ Photospot ကောင်းတွေ အများကြီးရှိတဲ့အပြင်ဆိုင်ရဲ့အပြင်အဆင်ကို ကန်းထရီးစတိုင်နဲ့ ပြင်ဆင်ထားပါတယ်။ လိုက်ဖက်မှုရှိတဲ့ ရှေးဟောင်းအသုံးအဆောင်အတော်များများကိုလည်း တွေ့ရတတ်ပါတယ်။ လမ်းညွှန်ပေးရမယ်ဆိုရင် ပိတ်ချင်းမြောင်သွားတဲ့ လမ်းအတိုင်း (ပြင်ဦးလွင် - လားရှိုးလမ်း) ကနေ ဝက်ဝံရွာမဝင်ခင် တောင်ဆင်းဆင်းချင်းအကွေ့လေးမှာ YGW ခြံသို့ဆိုတာလေး နံရံအဖြူတစ်ခုမှာ ရေးထားတာတွေ့ရင် အဲ့ဒီလမ်းထဲကွေ့ပြီး တည့်တည့်သွားရုံပဲ။ အထဲကို သုံးမိနစ်လောက်တော့ ဝင်ရသေးတယ်။လမ်းက ကျဉ်းလို့ ကားနှစ်စီး အသွားအပြန်ဆုံရင် နည်းနည်းခက်ခဲစွာ ရှောင်မောင်းရတတ်ပါတယ်။

### (၄) ထင်းရှူးတန်း၊ ထင်းရှူးလမ်း

ခုတလောမှ ရေပန်းအတော်စားနေတဲ့ နေရာလေးပါ။ ပြင်ဦးလွင်မြို့ရှောင်လမ်းပေါ်မှာ ရှိပါတယ်။ ပြင်ဦးလွင်မြို့ရှောင်လမ်းဟာ လမ်းအတော်ကောင်းမွန်ပြီး ထင်းရှူးတောလေးတစ်ခုကို ဖြတ်သန်းဖောက်လုပ်ထားတာဖြစ်လို့ ထင်းရှူးတန်းလေးနဲ့ ကားလမ်းလေးဟာ ခတ်ပုံရိုက်ဖို့ အတော်ပြည့်စုံတဲ့ ရှုခင်းလေးဖြစ်သွားခဲ့ပါတယ်။ ဒီနေရာကို ဧည့်သည်အတော်များများလာပြီး ခတ်ပုံရိုက်ကြပါတယ်။ လမ်းအလယ်မှာ ရိုက်ကူးတဲ့အခါ ကားအန္တရာယ် သတိပြုပါ။

### (၅) တော်ဝင်နှင်းဆီခြံ

နှင်းဆီပန်းပင်တွေကို ထောင်ဂဏန်းကနေ သိန်းဂဏန်းအထိ အစားစားရောင်းချပေးနေတဲ့ တော်ဝင်နှင်းဆီခြံကလည်း လည်ပတ်သူတွေ သွားရောက်လည်ပတ် ဝယ်ယူသင့်တဲ့နေရာတစ်ခုပါ။ ပန်းခြံမဟုတ်တော့ ဒီအတိုင်း လည်ပတ်တာထက် ဝယ်ယူရင်းမှ လည်ပတ်တာက ပိုမိုသင့်လျော်ပါတယ်။ လမ်းညွှန်ပေးရမယ်ဆိုရင် ဆင်ခေါင်းလေးကျေးရွာမှာပဲ။ ရေပျံတောင်ဘက်လာရင် မြို့ရှောင်လမ်းဘက်က ဖြတ်လမ်းတစ်ခုနဲ့ ဝင်လာတဲ့အခါ လမ်းခွဲတစ်ခုကို မြင်ရမယ်။ အဲဒီကျရင် ညာဘက် သွားရင် စပျစ်ခြံ၊ ဘယ်ဘက်သွားရင် နှင်းဆီခြံပဲ။ မဟာအံ့ထူးကံသာ ဘုရားကြီးအလွန်က လမ်းခွဲကနေ လာရင်လည်း အဲဒီခြံကို ရောက်နိုင်ပါတယ်။

### (၆) အမျိုးသားအထိမ်းအမှတ်ဥယျာဉ်

National Landmark ပြင်ဦးလွင်ဟာလည်း လည်ပတ်ကြည့်ရှုဖို့ကောင်းပါတယ်။ ပြင်ဦးလွင်ရာသီဥတုနဲ့မို့ အတွင်းဘက်မှာ လည်ပတ်စရာဝေးလံပေမယ့် အေးအေးချမ်းချမ်းသွားလာလည်ပတ်နိုင်ပါတယ်။ ပူတဲ့ရာသီမှာဆိုရင်တော့ နေအတော်ပူပါတယ်။ ဘက်ဂီကားလေးတွေနဲ့ သွားလာလည်ပတ်နိုင်ပါတယ်။ မြန်မာနိုင်ငံအဝန်းက အထိမ်းအမှတ်အဆောက်အအုံတွေကို မြင်တွေ့ကြရမှာပါ။ ဒီနေရာဟာလည်း အမျိုးသားကန်တော်ကြီးဥယျာဉ်နဲ့ ကပ်လျက်မှာပဲ တည်ရှိပါတယ်။ ခေတ်မီကလေးကစားကွင်းရဲ့ ဘေးဘက်မှာပါ။

### (၇) ထူး လိမ္မော်ခြံ

အရင်က ပင်လိန်ရွာမှာရှိတဲ့ ခြံတွေကို သွားရင် ဖြတ်ဖြတ်သွားတယ်။ အဲဒီကတည်းက လမ်းတွေကို သေချာလေး လုပ်ထားတော့ တစ်ခုခု အစီအစဉ်ရှိနေသလားမသိဘူးလို့ တွေးမိခဲ့တာ။ ခုတော့ ထူးလိမ္မော်ခြံအနေနဲ့ အများပြည်သူ အပန်းဖြေစရာနေရာလေး ဖြစ်သွားပြီ။ လိမ္မော်ပင်တွေဆိုတာ မနည်းဘူး။ ဝင်ကြေးက တစ်ယောက် ငွေကျပ် ၂၀၀၀ ပေးရတယ်။ လက်မှတ်လေးတွေပေးတယ်။ အဲဒီလက်မှတ်ကို စားသောက်ဆိုင်မှာ ပြရင် သဘာဝလိမ္မော်ရည်တစ်ခွက် ဒါမှမဟုတ် လိမ္မော် တုံးချိန်ဆိုရင် သဘာဝခြံထွက် ကော်ဖီတစ်ခွက် တိုက်တယ်။ လိမ္မော်သီးခူးဖို့အတွက်က ထော်လာဂျီလေးတွေ စီးပြီး သွားရတယ်။ ခူးသမျှကိုလည်း ပြန်ဝယ်ရတယ်။ တစ်ကီလိုကို ငွေကျပ် ၁၅၀၀ လောက် ပေးရတယ်။

လမ်းညွှန်ပေးရရင် အလွယ်ဆုံးက ပင်လိန်ဘက်ကို ပွဲကောက်ရေတံခွန်ထဲကနေ ဝင်လိုက်။ ရွာထဲလို့ပြောရင် ဝင်ကြေးမပေးရဘူး။ အဲဒီလမ်းအတိုင်းဝင်လာရင် ကွန်ကရစ်လမ်းလေးပေါ်ရောက်လာမယ်။ အဲဒါဆို ထူးလိမ္မော်ခြံကို မြင်သာပါပြီ။

### (၈) Governor's House

ဘုရင်ခံနေခဲ့တဲ့ စံအိမ်ကြီးကိုလည်း လည်ပတ်သင့်ပါသေးတယ်။ တည်းခိုလိုသူတွေအတွက် ဈေးအတော်မြင့်မားစွာနဲ့ စံအိမ်တစ်ခုလုံး ငှားရမ်းနေထိုင်နိုင်ပြီး စားသောက်ဆိုင်လေးတစ်ခုလည်း တွဲလျက်ရှိပါတယ်။ ရေကူးကန်ကလည်း ထူးခြားစွာ Indoor Swimming Pool ပါ။ ခမ်းနားပါတယ်။ လေ့လာလိုသူတွေက ဝင်ကြေးပေးဆောင်လေ့လာရပြီး အတွင်းမှာ ခတ်ပုံရိုက်ကူးဖို့ ခွင့်ပြုလေ့မရှိပါဘူး။ ထူးခြားတဲ့ ဖယောင်းပုံတူရုပ်တွေကို တွေ့ရဦးမှာပါ။ အသက်ဝင်လွန်းပါတယ်။ ဖယောင်းရုပ်တွေ သက်တမ်းကြာလို့ ပြာစိမ်းနေတာလေးတော့ ရှိပါတယ်။ သီပေါမင်းရဲ့ ပုံတူဖယောင်းရုပ်အပါအဝင် ဖယောင်းရုပ်အတော်များများက စိတ်ဝင်စားစရာ ပုံဝတ္ထုကို လာရောက်လည်ပတ်သူတွေကို ပြောပြပေးနေပါတယ်။

### (၉) သူရဲကောင်းကြေးရုပ်တုများ

ပြင်ဦးလွင်မြို့အဝင်နားက စစ်တက္ကသိုလ်ရှေ့မှာ မြင်တွေ့ရတဲ့ မြန်မာ့သူရဲကောင်းစစ်သည်ရုပ်တု သုံးခု ဟာလည်း မြို့ကို အလည်လာသူတိုင်း အမှတ်တရ ခတ်ပုံရိုက်ကူးရာနေရာတစ်ခု ဖြစ်ပါတယ်။

### (၁၀) နာရီစင်

ပြင်ဦးလွင်မြို့ရဲ့ နာရီစင်ဟာလည်း ခတ်ပုံရိုက်ကူးသူတွေအတွက် စိတ်ဝင်စားစရာ ဖြစ်စေတဲ့ နေရာတစ်ခုပါ။

### (၁၁) Cozy World

အနီးစခန်းနားက ဒီပန်းခြံကိုလည်း သွားပြီး အပန်းဖြေကြပါတယ်။ သိပ်မကျယ်ဘူး။ ရေကူးကန်လေးရှိမယ်။ ပန်းခြံတွင်း အရုပ်လေးတွေ၊ ကြိုးတံတားလေးတွေ၊ အဆောက်အအုံပြင်ထားတာတွေ ရှိမယ်။

### (၁၂) ဒေသခံလမ်းညွှန်တွေနဲ့ ချိတ်ဆက်မယ်

ဒေသခံလမ်းညွှန်တွေနဲ့ ချိတ်ဆက်လို့ ရှမ်းရွာတွေဆီ Trekking သွားမယ်။ စိုက်ခင်းတွေ လေ့လာမယ်။ ယို၊ သစ်သီးဆားရေစိမ်၊ ဝိုင်ဖောက်တာတွေ လေ့လာမယ်။ ဘန့်ဘွေးကျင်းရေတံခွန်၊ ဝက်ဝံရေတံခွန်၊ မြင်ဇင်းရေတံခွန် တွေကို စွန့်စားသွားကြမယ်။ ဒုဋ္ဌဝတီမြစ်ဘေး Campsite မှာ အနားယူမယ်။ ဒါတွေ လုပ်ဆောင်နိုင်ပါသေးတယ်။ ဒီအကြောင်းအရာတွေ ရှေ့မှာ ကျွန်တော်ရေးထားပြီးသားပါ။

ပြင်ဦးလွင်ကတော့ လည်ပတ်စရာတွေ အမြဲလိုလို တိုးလာတဲ့အတွက် အပန်းဖြေလို့ ကောင်းဆဲ အရပ်ဒေသတစ်ခုလို့ ယူဆမိပါတယ်။ မေမြို့ သို့မဟုတ် ပြင်ဦးလွင်က ချစ်စရာကောင်းတဲ့အရပ်မို့ ကျွန်တော်ကတော့ ပိတ်ရက်တိုင်း ရောက်ဖြစ်နေဦးမှာ အသေအချာပါပဲ။

အားလုံးပဲ အစဉ်ဘေးကင်းလုံခြုံ ကျန်းမာပြည့်စုံပျော်ရွှင်စွာ ခရီးသွားနိုင်ကြပါစေ။ ။





အပန်းဖြေလာသူများ လည်ပတ်သွားလာနိုင်သည့် ဒီဇင်ဘာခြံအတွင်း တစ်နေရာ

# သမဝါယမတက္ကသိုလ်(သန်လျင်)၌ Internship and Job Fair 2019 ကျင်းပ



သမဝါယမတက္ကသိုလ်(သန်လျင်)၌ Internship and Job Fair 2019 ကျင်းပစဉ်။

**သန်လျင် ဩဂုတ် ၇**

သမဝါယမတက္ကသိုလ်(သန်လျင်)တွင် Internship and Job Fair 2019 ကို ယမန်နေ့က ဥတ္တရဆောင်ခန်းမ၌ ကျင်းပသည်။

ပြပွဲတွင် ဒုတိယပါမောက္ခချုပ်(စီမံ) ဦးတင်သိန်းက သမဝါယမ တက္ကသိုလ်(သန်လျင်)ကို သမဝါယမသင်တန်းကျောင်းအဖြစ် စတင်သန္ဓေတည်ခဲ့ပြီး သမဝါယမဒေသကောလိပ်၊ သမဝါယမ ဒီဂရီကောလိပ် အဆင့်ဆင့်တိုးမြှင့်ဖြတ်သန်းကာ ၂၀၁၂ ခုနှစ်တွင် သမဝါယမတက္ကသိုလ် (သန်လျင်)အဖြစ် ရပ်တည်ခဲ့ ကြောင်း၊ တက္ကသိုလ်အဆင့် တိုးမြှင့်ပြီးနောက် ၂၀၁၄ ခုနှစ်ကစ၍ Internship and Job Fair ကို နှစ်စဉ်ကျင်းပခဲ့ရာ ယခု ကျင်းပသည့်အခမ်းအနားသည် သမဝါယမတက္ကသိုလ်(သန်လျင်) ၏ ဆဋ္ဌမအကြိမ်မြောက် Internship and Job Fair 2019 ဖြစ်ကြောင်း၊ သမဝါယမတက္ကသိုလ်(သန်လျင်) အနေဖြင့် လေးနှစ်သင်တန်းသားများကို လူမှုစီးပွားရေးသိပ္ပံ(B. BSc) ဘွဲ့ချီးမြှင့်ပေးအပ်ခဲ့ပြီး ၂၀၁၈ ခုနှစ်မှစ၍ အဆိုပါဘွဲ့ကို အထူးပြု ဘာသာရပ်ငါးခုဖြင့် New Product အဖြစ် စတင်မွေးထုတ်ပေး ခဲ့ကြောင်း၊ ဘဏ်များ၊ ကုမ္ပဏီအဖွဲ့အစည်းများအနေဖြင့် သမဝါယမတက္ကသိုလ်(သန်လျင်)မှ ဘွဲ့ရများကို မိမိတို့နှင့် ကိုက်ညီမည့် လုပ်ငန်းခွင်များအတွက် ရွေးချယ်နိုင်ကြောင်း ပြောသည်။

ဆက်လက်၍ UAB Bank၊ FNI၊ DKSH၊ Win Cherry နှင့် J-SAT General Services ကုမ္ပဏီများမှ တာဝန်ရှိသူများက ၎င်းတို့ကုမ္ပဏီနှင့် ပတ်သက်၍ လက်ရှိဆောင်ရွက်နေသည့် အခြေအနေများ၊ အနာဂတ်ရည်မှန်းချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

**သတင်းစဉ်**

# ကလေးငယ်များစာသင်ကြားရာတွင် လုံခြုံမှုရှိစေရေးအတွက် လုံခြုံရေးကင်မရာများ လှူဒါန်းတပ်ဆင်ပေး

**ပေါင် ဩဂုတ် ၇**

ပေါင်မြို့နယ် ဇင်းကျိုက်မြို့ရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဖွင့်လှစ်ထားသော ရတနာဥယျာဉ် မူလတန်းကြိုကျောင်း၌ ကလေးငယ်များလုံခြုံမှုရှိစေရေးအတွက် ပြည်ပရောက် ဇင်းကျိုက်သားတစ်ဦးက လုံခြုံရေးကင်မရာ လေးလုံးကို လှူဒါန်းခဲ့ကြောင်း သိရသည်။

မိမိနေအိမ်နှင့် ကလေးငယ်များ ပညာသင်ကြားရာ မူကြိုကျောင်းများတွင် လုံခြုံရေးကင်မရာများ ယခုကဲ့သို့ တပ်ဆင်ပေးခြင်းဖြင့် ဖြစ်ပေါ်လာမည့်အန္တရာယ်ကို ကြိုတင်ကာကွယ် ရာရောက်ကြောင်း ဒေသခံပြည်သူများက သုံးသပ်ပြောကြားသည်။

အဆိုပါရတနာဥယျာဉ် မူလတန်းကြိုကျောင်းမှာ လွန်ခဲ့သော ၁၅ နှစ်ခန့်က စတင်တည်ထောင်ဖွင့်လှစ်ခဲ့ပြီး ယခုအခါ ကျောင်းသား ကျောင်းသူ ၁၀၀ ကို ဆရာမလေးဦးက ထိန်းသိမ်းသင်ကြားပေးလျက်ရှိကာ ပြည်ပရောက်ဇင်းကျိုက်သားတစ်ဦးဖြစ်သူ Hlaing Tun အကောင့်ပိုင်ရှင်မှ လုံခြုံရေး ကင်မရာ လေးလုံးကို ကျောင်းအတွင်းဘက်နှင့် အပြင်ဘက်တို့၌ တပ်ဆင်ပေးထားကြောင်း သိရသည်။

**ကိုဟိန်း (ပေါင်)**

# မကွေးမြို့ရှိ ကျေးရွာအချို့ မိုးမရွာ၍ သီးနှံများပျက်စီးကာ တိရစ္ဆာန်များအတွက် သောက်သုံးရေအခက်ကြုံ

**မကွေး ဩဂုတ် ၇**

မကွေးမြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် မိုးတွင်းကာလဖြစ်သော်လည်း တစ်လကျော်နီးပါး မိုးမရွာသဖြင့် စိုက်ပျိုးထားသည့်သီးနှံများပျက်စီးကာ တိရစ္ဆာန်များအတွက် သောက်သုံးရေ အခက်ကြုံတွေ့နေရကြောင်း သိရသည်။

"ဒီနှစ်သီးနှံမျိုးစျေးတွေကကြီး၊ ယာခင်းထဲ စိုက်ပျိုးထွန်ယက်ခနဲ့ အလုပ်သမားခတွေ ဈေးကြီးရတဲ့အထဲ အခုလို စိုက်ပျိုးပြီးလို့ နှမ်းတွေက အသီးအပွင့်လိုင်နေတဲ့အချိန်၊ မြေပဲပင်တွေ အစွယ်ချဉချိန်မှာ မိုးက တစ်လကျော်နီးပါး မရွာတဲ့အတွက် သီးနှံပင်တွေခြောက်သွေ့ပြီး တချို့ယာခင်းတွေဆို တစ်ခင်းလုံးပျက်စီးနေပြီ။ ကျွဲ၊ နွား၊ ဆိတ် တိရစ္ဆာန်တွေကျွေးဖို့အတွက် အစာကို တခြားမိုးရွာတဲ့ ကျေးရွာဘက်တွေအထိ ဆိုင်ကယ်တွေ၊ ကားတွေနဲ့သွားပြီး ရှာနေရတယ်။ အခုလက်ရှိ ကန်တွေမှာ ရေမတင်တဲ့အတွက် တိရစ္ဆာန်တွေအတွက်လည်း သောက်သုံးရေအခက်တွေ့နေရတယ်" ဟု ထုံးပေါက်တောမြောက်ရွာမှ တောင်သူ ဦးကျော်လွင်က ပြောသည်။

တောင်သူများအနေဖြင့် အဓိကမိုးကိုသာ အားထားစိုက်ပျိုးကြပြီး ယခုနှစ်တွင် မိုးဦးကျနောက်ကျမှုကြောင့် တောင်သူအချို့မှာ မိုးကြိုနှမ်းခင်း (ဒေသအခေါ် ကြိုကြိုနှမ်း) များ ပျက်စီးခဲ့သဖြင့် စိုက်ပျိုးသီးနှံ မြေပဲဆန် တစ်တင်းလျှင် ငွေကျပ် ၅၅၀၀၀၊ စမုန်နှမ်းနက် တစ်တင်းလျှင် ငွေကျပ် ၁၂၀၀၀၀၊ နှမ်းအဖြူ တစ်တင်းလျှင် ငွေကျပ် ၈၀၀၀၀ ပေးဝယ်၍ ဒုတိယအကြိမ်ပြန်လည် စိုက်ပျိုးခဲ့ရကြောင်း သိရသည်။

ယခုနှစ်တွင် ရာသီဥတုမှာ ယခင်နှစ်များနှင့်မတူဘဲ ဖောက်ပြန်နေသဖြင့် ကျေးရွာရှိ လူငယ်လူရွယ်များစုပေါင်းကာ ရိုးရာဓလေ့အတိုင်း လွန်ဆွဲခြင်းများ ပြုလုပ်သော်လည်း မိုးရွာသွန်းမှုမရှိသေးသဖြင့် တိရစ္ဆာန်များအတွက် သောက်သုံးရေ အခက်အခဲကြုံတွေ့နေရကာ စက်ရေတွင်းတူးထားသည့် ကျေးရွာများမှ ရေဝယ်ယူကာ တိုက်နေရကြောင်း သိရသည်။

**သူရိန်ကျော်**

# အနာဂတ်မြို့ပြဖွံ့ဖြိုးရေးအတွက် ဖြေရှင်းရန်နည်းလမ်းများ ရှာဖွေခြင်းအလုပ်ရုံဆွေးနွေး

**ရန်ကုန် ဩဂုတ် ၇**

စနစ်မဲ့အခြေချနေထိုင်သူများနှင့် ပတ်သက်၍ အနာဂတ်မြို့ပြဖွံ့ဖြိုးရေးအတွက် ဖြေရှင်းရန်နည်းလမ်းများ ရှာဖွေခြင်းအလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၅ ရက်နှင့် ၆ ရက်တို့က ရန်ကုန်မြို့ ဆန်းမစ်ပတ်ဗျူးဟိုတယ်၌ ကျင်းပသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခုဖြစ်သော UN HABITAT တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။ ရန်ကုန်မြို့ရှိ ပျံ့ကျကျူးကျော်နေထိုင်သော ကျူးကျော်တဲအိမ်များ၏ လူမှုစီးပွားအခြေအနေများတိုးတက်အောင် အဖြေရှာရန် အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းနိုင်က "ဒီကျူးကျော်ပြဿနာဖြေရှင်းဖို့အတွက် နည်းလမ်းတွေကို ရန်ကုန်မြို့တွင်းမှာရှိတဲ့ ကျူးကျော်ရပ်ကွက်တွေကို ဖြေရှင်းတဲ့အတွေ့အကြုံက နှစ်ကြိမ်ရှိခဲ့ပြီးပြီ။ ၁၉၅၈ ခုနှစ်တုန်းက တစ်ကြိမ်၊ ၁၉၈၈ ခုနှစ်မှာ တစ်ကြိမ် ဆောင်ရွက်ခဲ့တဲ့အတွေ့အကြုံလည်းရှိတယ်။ ဒီတစ်ကြိမ်မှာတော့ ပိုမိုကျယ်ပြန့်တဲ့၊ ပိုမိုအရေအတွက်များပြားတဲ့ ကျူးကျော်တဲအိမ်ကိစ္စကို ဖြေရှင်းရမှာဖြစ်တဲ့အတွက် အခုလို အလုပ်ရုံဆွေးနွေးပွဲကျင်းပပြီးတော့ အဖြေရှာတာဖြစ်ပါတယ်"ဟု ပြောသည်။

ဆွေးနွေးပွဲတွင် အစိုးရဌာနဆိုင်ရာများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ပြီး မြေအသုံးပြုခွင့်အာမခံချက်များ၊ အိမ်ရာချေးငွေ ထုတ်ပေးခြင်း၊ အခြေခံအဆောက်အအုံများအတွက် ဘဏ္ဍာငွေပံ့ပိုးခြင်းဆိုင်ရာ ဝန်ဆောင်မှုများဆောင်ရွက်ပေးခြင်း၊ မြို့ပြအဆင့်မြှင့်တင်ခြင်းအတွက် ဘက်စုံစီမံကိန်းရေးဆွဲခြင်း၊ ဥပဒေရေးရာနှင့် အဖွဲ့အစည်းဆိုင်ရာကိစ္စရပ်များကို သက်ဆိုင်ရာခေါင်းစဉ်များအလိုက် အဖွဲ့ငယ်များခွဲကာ ဆွေးနွေးလျက်ရှိကြောင်း သိရသည်။

အလုပ်ရုံဆွေးနွေးပွဲမှ ရရှိလာသော ကျူးကျော်အိမ်ရာပြဿနာဖြေရှင်းရန် နည်းလမ်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့ထံတင်ပြပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း (ကမာရွတ်)**

# ရဲတပ်သားသစ်ရရှိရေး ကွင်းဆင်းစည်းရုံးခြင်းနှင့် သက်ငယ်မုဒိမ်းမှု မဖြစ်စေရေး ဟောပြော

**နေပြည်တော် ဩဂုတ် ၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ်တွင် ရဲတပ်သားသစ်ရရှိရေး ကွင်းဆင်းစည်းရုံးခြင်းနှင့် သက်ငယ်မုဒိမ်းမှု မဖြစ်စေရေး ဟောပြောခြင်းကို ဩဂုတ် ၅ ရက်က တည်ထောင်အုပ်စု စမတောင်ပရဟိတမိဘမဲ့ကျောင်း၌ သာဝတ္ထိနယ်မြေရဲစခန်းမှူး ရဲအုပ် ညီညီထွန်းက စည်းရုံးဟောပြောခဲ့ကြောင်း သိရသည်။

**ကိုကိုရှုပ (နေပြည်တော်)**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၇-၈-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၂၀၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၃၂၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၂၀၃၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၃၂၃၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၅၀/၉၀၅ ကျပ် | ၉၁၅/၉၂၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၆၀/၉၁၅ ကျပ် | ၉၃၀/၉၄၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၅၀/၈၀၅ ကျပ် | ၈၃၅/၈၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၈၃၀/၈၉၅ ကျပ် | ၉၄၅/၉၅၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၀၉ · ၈ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၈၉ · ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၉၁ · ၆ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၃၃ · ၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၄၂၁ · ၃ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၁၅ · ၇ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၄ · ၃၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၃၂၃ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၄ · ၂၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၀ · ၇၂ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ · ၉၈၀ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

**စတော့အိတ်ချိန်း ဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၀၀၀ | ၁၁၅၀၀ | ၄၉၁၅ | ၅၅၇၆၇၅၀၀ |
| MTSH | ၃၄၅၀ | ၃၄၀၀ | ၁၄၈၉ | ၅၀၆၃၈၅၀ |
| MCB | ၈၀၀၀ | ၇၉၀၀ | ၁၃၆ | ၁၀၈၇၅၀၀ |
| FPB | ၂၅၅၀၀ | ၂၅၅၀၀ | ၂၀၁ | ၅၁၂၅၅၀၀ |
| TMH | ၂၉၅၀ | ၂၉၅၀ | ၃၁၀၀ | ၉၁၄၅၀၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊** **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချီရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# မန္တလေးမြို့တော် စည်ပင်သာယာနယ်နိမိတ် ခြောက်မြို့နယ်တွင် လမ်းမီးတိုင်ပေါင်း ၄၈၀၀ ကျော် စိုက်ထူထား

**မန္တလေး ဩဂုတ် ၇**

မန္တလေးမြို့တော် စည်ပင်သာယာနယ်နိမိတ်ခြောက်မြို့နယ်တွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ပြည်သူများ ပူးပေါင်း၍ မြို့တော်သာယာလှပရေးအတွက် လမ်းမီးတိုင်ပေါင်း ၄၈၀၀ ကျော် စိုက်ထူထားရှိကြောင်း သိရသည်။

ထိုသို့ လမ်းမီးတိုင်များစိုက်ထူရာတွင် အများပြည်သူ သွားလာမှုများသည့် လမ်းများတွင် ဦးစားပေးစိုက်ထူပေးလျက်ရှိရာ အလှူရှင်များလှူဒါန်းသည့် လမ်းမီးတိုင်များကို အမြန်ဆုံးစိုက်ထူကာ မီးများထွန်းညှိပေးလျက်ရှိပြီး မန္တလေးမြို့တော်စည်ပင်သာယာ နယ်နိမိတ်ခြောက်မြို့နယ်အတွင်း ၂၀၁၈ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၉ ခုနှစ် ဩဂုတ် ၅ ရက်အထိ အများပြည်သူလှူဒါန်းသော လမ်းမီးတိုင် Single arm ၉၇၃ တိုင်၊ Double arm တိုင် ၄၇၀ စုစုပေါင်း ၁၄၄၃ တိုင်နှင့် မန္တလေးမြို့တော်စည်ပင်သာယာမှ Single arm ၁၇၃၂ တိုင်၊ Double arm ၁၁၄၆ တိုင်၊ Triple arm တိုင် ၂၀ စိုက်ထူထွန်းညှိခဲ့ကြောင်း၊ လက်ရှိတွင် မန္တလေးမြို့တော် စည်ပင်သာယာနယ်နိမိတ် ခြောက်မြို့နယ်အတွင်း Single arm ၂၇၀၅ တိုင်၊ Double arm ၂၁၀၂ တိုင်၊ Triple arm တိုင် ၂၀ စုစုပေါင်း ၄၈၂၇ တိုင် စိုက်ထူထားရှိကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။



ထိုသို့ဆောင်ရွက်ရာတွင် မီးတိုင်၊ မီးသီး၊ Footing နှင့် မြေကျင်းတူးခများသာ တွက်ချက်ပြီး Single arm တစ်တိုင်အတွက် ငွေကျပ် ခုနစ်သိန်းခွဲ၊ Double arm တစ်တိုင်အတွက် ငွေကျပ် ၁၀ သိန်းဖြင့် အလှူငွေသတ်မှတ်ပြီး မီးကြိုး၊ Source box၊ breaker နှင့် အခြားလိုအပ်သော ကုန်ကျစရိတ်များအား မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ ကျခံပေးလျက်ရှိပြီး မြို့တော်အတွင်းရှိ မြို့နယ်ခြောက်မြို့နယ်တွင် အဖွဲ့ခြောက်ဖွဲ့ခွဲကာ စိုက်ထူထွန်းညှိဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မန္တလေးမြို့တော်ကို Smart City ဖြစ်စေရန် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ပြည်သူများ အဘက်ဘက်မှ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ၂၀၁၉ ခုနှစ် CIO Asia မဂ္ဂဇင်းမှ ထုတ်ပြန်သည့် အရှေ့တောင်အာရှနိုင်ငံများအတွင်းမှ Smart အကျဆုံးမြို့များတွင် မန္တလေးမြို့သည် နံပါတ် ငါးအဆင့်၌ ရပ်တည်လျက်ရှိကြောင်း သိရသည်။

**သန်းဇော်မင်း (ပြန်/ဆက်)**

# ရန်ကုန်တက္ကသိုလ်ရာပြည့်အကြို တတိယအကြိမ် ကံ့ကော်ရနံ့ပန်းချီပြပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၇**

ရန်ကုန်တက္ကသိုလ် အနုပညာအသင်း ပန်းချီသင်တန်းက ကြီးမှူးကျင်းပသည့် ရန်ကုန်တက္ကသိုလ်ရာပြည့်အကြို တတိယအကြိမ် ကံ့ကော်ရနံ့ပန်းချီပြပွဲ (၁၆ ကြိမ်မြောက် ရန်ကုန်တက္ကသိုလ် နှစ်လည်ပန်းချီပြပွဲ) ကို ဩဂုတ် ၅ ရက်မှ ၉ ရက်အထိ ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာ၌ ကျင်းပလျက်ရှိကြောင်း သိရသည်။

အဆိုပါပန်းချီပြပွဲတွင် တက္ကသိုလ်ပေါင်းစုံမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာမများ ပါဝင်ရေးဆွဲထားသော ပန်းချီကားပေါင်း ၃၀၆ ကား ပါဝင်ပြသထားကြောင်း သိရသည်။ ပန်းချီကားများကို ခဲ၊ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ်စသည်ဖြင့် အမျိုးအစားစုံလင်စွာ ရေးဆွဲထားသည်။

ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် Industrial Chemistry ဌာနမှ နောက်ဆုံးနှစ်ကျောင်းသူ မဆုငြိမ်းချမ်းက "ဒီကံ့ကော်ရနံ့ပြပွဲက တစ်နှစ်တစ်ခါ ပုံမှန်လုပ်ဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ် ပန်းချီခန်းမှာရှိတဲ့ ကျောင်းသားတွေက သင်တန်းတစ်ခုပြီးသွားတာနဲ့ သူတို့လက်ရာလေးတွေ ထွက်လာတယ်။ သူတို့ဆွဲထားတဲ့ လက်ရာလေးတွေကို တခြားသူတွေကိုလည်း ပြချင်တဲ့ဆန္ဒနဲ့ တစ်နှစ်ကို တစ်ခါလုပ်ပြီး ပြဖြစ်တာဖြစ်ပါတယ်။ သမီးတို့အနေနဲ့ ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့်ပွဲမှာလည်း ပန်းချီပြပွဲလေးတွေ လုပ်ချင်တယ်။ နောက်ပြီး ပန်းချီနဲ့ဆိုင်တဲ့ ပို့စကတ်လေးတွေ ရောင်းချင်တယ်။ ကဗျာစာအုပ်လေးတွေထုတ်တာတို့ကို ခွင့်ပြုပေးရင် လုပ်ချင်ပါတယ်" ဟု ပြောသည်။

လူငယ်များဖြစ်သည့်အတွက် စိတ်ကူးစိတ်သန်းပေါ် အခြေခံကာ ရေးဆွဲထားသော ပန်းချီကားများကို အများဆုံးတွေ့ရသည်။ ရန်ကုန်တက္ကသိုလ်အတွင်းရှိ ဘာသာရပ်ပေါင်းစုံမှ ကျောင်းသားကျောင်းသူများသာမက ပြင်ပမှ စိတ်ဝင်စားသူများပါ လာရောက်လေ့လာကြည့်ရှုလျက်ရှိကြောင်း သိရသည်။

**ထင်ပေါ်ဝင်း (ကမာရွတ်)**
**ဓာတ်ပုံ- ထိန်လင်း**



ရန်ကုန်တက္ကသိုလ် ရာပြည့်အကြို ကံ့ကော်ရနံ့ပန်းချီပြပွဲ ခင်းကျင်းပြသမှု။

# နေပြည်တော်အတွင်းရှိ မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးစွမ်းရည်ပြိုင်ပွဲ ကျင်းပ

**နေပြည်တော် ဩဂုတ် ၇**

နေပြည်တော်မီးသတ်ဦးစီးမှူးရုံး ကွပ်ကဲမှုအောက်ရှိ မြို့နယ်ရှစ်မြို့နယ်မှ မီးသတ်တပ်ဖွဲ့ဝင်များ၏ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးစွမ်းရည်ပြိုင်ပွဲကို ဩဂုတ် ၅ ရက်က နေပြည်တော်မီးသတ်ဦးစီးမှူးရုံး ဗဟိုမီးသတ်စခန်း၌ ကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။



အဆိုပါပြိုင်ပွဲတွင် နေပြည်တော်မီးသတ်ဦးစီးမှူးရုံးအောက်ရှိ မြို့နယ် ရှစ်မြို့နယ်၏ မီးသတ်စခန်းများမှ တပ်ဖွဲ့ဝင် ၇၂ ဦးတို့က အုပ်စုလိုက် မီးငြိမ်းသတ်ခြင်းနှင့် ရှာဖွေကယ်ဆယ်ရေးစွမ်းရည်ပြိုင်ပွဲ၊ Road Accident (ယာဉ်တိုက်မှုဖြစ်စဉ်များတွင် ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်မှု)၊ တစ်ဦးချင်းအလိုက် မီးငြိမ်းသတ်ရေးဝတ်စုံ ဝတ်ဆင်ခြင်း၊ အသက်ရှူကိရိယာဝတ်ဆင်ခြင်း၊ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ ခင်းကျင်းခြင်းတို့ကို အဖွဲ့လိုက်ဖြင့်လည်းကောင်း၊ တစ်ဦးချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြရာ တစ်ဦးချင်းနှင့် မြို့နယ်များအလိုက် ဆုရရှိကြသူများအား မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**




## Constitutions And Constitutional Courts of the Nations စာအုပ် ဖြန့်ချိ




ပါမောက္ခ ဒေါက်တာ တင်မောင်အေး (ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်-ငြိမ်း) ရေးသားပြုစုသည့် "Constitutions and Constitutional Courts of the Nations" စာအုပ်ကို ယခုအခါ တတိယအကြိမ်အဖြစ် ပြန်လည်ပုံနှိပ်ထုတ်ဝေသည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေသည် ဥပဒေအားလုံး၏ အခြေခံဖြစ်ပြီး အခြားသော ဥပဒေများကို ဥပဒေနှင့်ညီညွတ်မှု ရှိ၊ မရှိ တိုင်းတာရာတွင် အသုံးပြုရသည့် "စံ" ဥပဒေလည်းဖြစ်သဖြင့် နိုင်ငံသားတိုင်း နားလည်ရန် လိုအပ်သည်။

နိုင်ငံရေးအယူအဆ၊ သဘောထားတွေ၊ မူဝါဒတွေကို မိမိတို့ကြိုက်သလို ခံယူကျင့်သုံးနိုင်ပါ၏။ မည်သို့ဆိုစေ နိုင်ငံ၏သဘာဝအားဖြင့်မူ တစ်ပြည်ထောင်နိုင်ငံ သို့မဟုတ် ပြည်ထောင်စုနိုင်ငံဟူ၍ နှစ်မျိုးသာရှိသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို လေ့လာခြင်းဖြင့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဟူသော အာဏာ သုံးရပ်ကို မည်သို့ခွဲဝေကျင့်သုံးသည်ကို သိရှိနိုင်သည်။

ပါမောက္ခ ဒေါက်တာ တင်မောင်အေးက ဤစာအုပ်တွင် ကုလသမဂ္ဂအဖွဲ့ဝင် ၁၉၃ နိုင်ငံတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေများမှ နိုင်ငံ၏ သဘာဝ၊ ဥပဒေပြုလွှတ်တော်၏ သဘာဝ၊ နိုင်ငံအုပ်ချုပ်ရေးသဘာဝတို့ကို နှိုင်းယှဉ်ပြုစု ဖော်ပြထားသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပတ်သက်လျှင် ပါမောက္ခ ဒေါက်တာ တင်မောင်အေး၏ Constitutions and Constitutional Courts of the Nationas စာအုပ်သည် ကျမ်းကြီး၊ ကျမ်းခိုင်တစ်စောင် ဖြစ်ပြီး တန်ဖိုး ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ဝယ်ယူဖတ်ရှုနိုင်သည်။

## ကြည့်သောသူသည်မြင်၏ စာအုပ် ဖြန့်ချိ




ဆရာမြင့်သူရ ရေးသားသော ဆောင်းပါးများကို စုစည်းထားသည့် "ကြည့်သောသူသည်မြင်၏" စာအုပ် ထွက်ရှိလာသည်။ လက်ရှိခေတ်ကာလနှင့်လျော်ညီပြီး စာဖတ်သူများ အကျိုးများစေမည့်ဆောင်းပါးများကို စုစည်းထားခြင်း ဖြစ်သည်။

ဆောင်းပါးများတွင် နိုင်ငံရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်၊ ပညာရေး၊ ကျန်းမာရေး၊ ခရီးသွားနှင့် အမှတ်တရ အစရှိသည်တို့နှင့် သက်ဆိုင်သည့် အကြောင်းအရာများကို ကဏ္ဍများခွဲကာ စနစ်တကျစုစည်းတင်ပြထားသည်။

ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် စာဖတ်သူတို့အား တစ်စုံတစ်ရာ အထောက်အကူဖြစ်စေရန်လည်း ရည်ရွယ်ထားသည်။ နိုင်ငံရေးကဏ္ဍတွင် မဲဆန္ဒရှင်စာရင်း အမှားများခြင်းနှင့် ရှေ့ခရီးဆောင်းပါးတွင် မဲဆန္ဒရှင်စာရင်းအမှားများ ဘာကြောင့်ဖြစ်လာရပုံ၊ သတိကြီးစွာထားရတော့မည်ဆောင်းပါးတွင် မိမိလုံခြုံရေးအတွက် ယခင်ကထက်ပို၍သတိကြီးစွာထားရန်လိုအပ်ပုံ စသည်ဖြင့် ပြည်သူများ သိသင့်သိထိုက်သည်များကို ဖော်ပြထားသည်။ ရှင်မတောင်စာပေမှ ထုတ်ဝေခြင်းဖြစ်ကာ တန်ဖိုး ငွေကျပ် ၃၅၀၀ ဖြင့် ဝယ်ယူဖတ်ရှုနိုင်သည်။

**ချို**

# ကျေးရွာသစ်လှူပ်ရှားမှု အသိပညာပေးသင်တန်းဖွင့်

**နေပြည်တော် ဩဂုတ် ၇**

နေပြည်တော် ရေဆင်းရှိ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး သင်တန်းကျောင်း၌ ဩဂုတ်လ ပထမပတ်က စိုက်ပျိုးရေးတက္ကသိုလ် ကျောင်းသား ကျောင်းသူများအား ကျေးရွာသစ်လှူပ်ရှားမှု အသိပညာပေးသင်တန်း (အမှတ်စဉ် ၁/၂၀၁၉) ကို ဖွင့်လှစ်သည်။

စိုက်ပျိုးရေးတက္ကသိုလ်(ရေဆင်း)ရှိ ကျောင်းသားများအား ကျေးရွာသစ်လှူပ်ရှားမှု အသိပညာပေးသင်တန်းများကို ဖွင့်လှစ်ရခြင်းမှာ ဆေးလ်မားအူးလ်စိတ်ဓာတ်များကိုပျံ့နှံ့စေရန်အတွက်ဖြစ်ကြောင်း၊ တက္ကသိုလ်ကျောင်းသားများအနေဖြင့် ဆေးလ်မားအူးလ်စိတ်ဓာတ် (၃) ရပ်နှင့် ဆေးလ်မားအူးလ်လုပ်ငန်းစဉ် (၃) ရပ်ကို မိမိတို့နေထိုင်ရာ ပတ်ဝန်းကျင်တွင် လက်တွေ့ကျင့်သုံးပြီး ပိုမိုကောင်းမွန်သော လူနေမှုဘဝများကို ဆောင်ရွက်နိုင်စေရန်အတွက် ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ညွှန်ကြားရေးမှူး ဦးခင်မောင်ညွန့်က ပြောသည်။

ယခုဖွင့်လှစ်သော သင်တန်းသို့ စိုက်ပျိုးရေးတက္ကသိုလ် အထူးပြုဘာသာရပ် ခုနစ်ခုမှ ဌာနတစ်ခုလျှင် ၁၀ ဦးနှုန်းရွေးချယ်၍ စတုတ္ထနှစ် ကျောင်းသား ကျောင်းသူ ၇၀ တို့အား နှစ်ရက်ကြာ ဆွေးနွေးပို့ချခဲ့ကြောင်း၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်နှင့် သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများကိုလည်း ဆက်လက်ပို့ချသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

**သိမ့်သိမ့်မိုး**

# မြန်မာ့အင်ဂျင်နီယာလောကကို အဆင့်မြှင့်တင်ဖို့ (အပိုင်း-၂)

သိပ္ပံစာရေးဆရာကိုကိုအောင်

(ယခင်တစ်ပတ်မှအဆက်)

**ဥပဒေ၏ ရည်ရွယ်ချက်များ**

မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥပဒေ၏ ရည်ရွယ်ချက်များကို လေ့လာကြည့်သည့်အခါ အချက်လေးချက်ကို အောက်ပါအတိုင်း တွေ့ရှိရသည်။

(က) အင်ဂျင်နီယာဆိုင်ရာ လုပ်ငန်းများတွင် လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသား မှတ်ပုံတင် အင်ဂျင်နီယာ၊ မှတ်ပုံတင် ဘွဲ့ရ နည်းပညာကျွမ်းကျင်သူနှင့် မှတ်ပုံတင် နည်းပညာကျွမ်းကျင်သူများ၏ ဂုဏ်သိက္ခာ၊ ကျင့်ဝတ်နှင့် အရည်အသွေးတို့ကို ထိန်းသိမ်းမြှင့်တင်ရန်၊

(ခ) အင်ဂျင်နီယာနည်းပညာများနှင့် သတင်းအချက်အလက် နည်းပညာများကို ပေါင်းစပ်အသုံးချလျက် နိုင်ငံတော်၏ သဘာဝသယံဇာတနှင့် လူသားအရင်းအမြစ်များအား သဘာဝ ပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြင့် အကျိုးရှိစွာ အသုံးချနိုင်မည့် နည်းလမ်းကောင်းများ၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများကို ရှာဖွေဖော်ထုတ်ရန်၊

(ဂ) အင်ဂျင်နီယာပညာနှင့် နည်းပညာသင်ကြားမှု၊ သုတေသနပြုမှု၊ ဝန်ဆောင်မှုလုပ်ငန်းများတွင် သတ်မှတ်ထားသော ပညာရပ်ဆိုင်ရာ စံချိန်စံညွှန်းပြည့်မီရန်၊ နည်းစနစ်မှန်ကန်ရန်၊ ဘေးအန္တရာယ်ကင်းရှင်းရန်၊ ကျင့်ဝတ်သိက္ခာ ထိန်းသိမ်းစောင့်စည်းရန်နှင့် တာဝန်ကျေပွန်ရန် စသည့် လိုအပ်ချက်များ ပြည့်စုံရန်နှင့် စည်းကမ်းစနစ်ကျစေရန်အတွက် လမ်းညွှန်ကြီးကြပ် ထိန်းသိမ်းပေးမှုများကိုလည်းကောင်း၊ လိုအပ်သော အရေးယူမှုများကိုလည်းကောင်း ဆောင်ရွက်ရန်၊

(ဃ) အင်ဂျင်နီယာလုပ်ငန်းနှင့် သက်ဆိုင်သည့်ဝန်ကြီးဌာန၊ သက်ဆိုင်ရာ အဖွဲ့အစည်းများက အခါအားလျော်စွာ ပေးအပ်သော အင်ဂျင်နီယာပညာဆိုင်ရာနှင့် နည်းပညာဆိုင်ရာ တိုင်းကျိုးပြည်ပြု လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန်တို့ပင် ဖြစ်သည်။

**လုပ်ငန်းကော်မတီရှစ်ရပ်**

မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီသည် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အောက်ဖော်ပြပါ လုပ်ငန်းကော်မတီရှစ်ရပ်ကို ဖွဲ့စည်း၍ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရသည်။

(က) မှတ်ပုံတင်လက်မှတ်စိစစ်ရေး လုပ်ငန်းကော်မတီ (Assessment Committee)

(ခ) အင်ဂျင်နီယာ အထူးပြုပညာရပ်ဆိုင်ရာ အရည်အသွေး စိစစ်အသိအမှတ်ပြုရေး လုပ်ငန်းကော်မတီ (Accreditation Committee)

(ဂ) ကျင့်ဝတ်သိက္ခာထိန်းသိမ်းရေး လုပ်ငန်းကော်မတီ (Ethics Committee)

(ဃ) စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းကော်မတီ (Disciplinary Committee)

(င) စံချိန်စံညွှန်းများ၊ လုပ်ငန်းအခြေခံ စံနှုန်းများနှင့် အင်ဂျင်နီယာဆိုင်ရာ ကျင့်ထုံးများပြုစုရေး လုပ်ငန်းကော်မတီ(Standards and Specifications Committee)

(စ) အင်ဂျင်နီယာပညာ စဉ်ဆက်မပြတ်သင်ကြားရေး လုပ်ငန်းကော်မတီ (Continuing Porfessional Development Committee)

(ဆ) အင်ဂျင်နီယာပညာဆိုင်ရာ ကုမ္ပဏီများ၊ အဖွဲ့အစည်းများအား စိစစ်အသိအမှတ်ပြုရေး လုပ်ငန်းကော်မတီ (Companies and Organizations Committee)

(ဇ) အပြည်ပြည်ဆိုင်ရာနှင့် ပြည်သူ့ဆက်ဆံရေး လုပ်ငန်းကော်မတီ (National and International Relations Committee)

မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၏ ဆောင်ပုဒ်မှာ 'အများပြည်သူ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးသည်သာ အခရာ' (To hold paramount the safety, health and welfare of the public)ဟူ၍ ဖြစ်သည်။

**မျှော်မှန်းချက်နှင့် လုပ်ဆောင်ချက်များ**

ယခုအခါ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၏ ပထမအကြိမ်သက်တမ်း ကုန်ဆုံးပြီး ဒုတိယအကြိမ်သက်တမ်း ထက်ဝက်ခန့်သို့ ချင်းနင်းဝင်ရောက်ခဲ့ပြီဖြစ်သည်။ အဆိုပါသက်တမ်းကာလများအတွင်း မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၏ မျှော်မှန်းချက်များဖြစ်သော မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေးနှင့် အင်ဂျင်နီယာလုပ်ငန်းများ၏ အဆင့်အတန်းကို အာဆီယံအဆင့်မှ အာရှပစိဖိတ်အဆင့်သို့၊ ထိုမှတစ်ဆင့် အန္တိမပန်းတိုင်အဖြစ် နိုင်ငံတကာ အင်ဂျင်နီယာလုပ်ငန်း မဟာမိတ်အဖွဲ့ (International Engineering Alliance)၏ အဖွဲ့ဝင်အဆင့်သို့ မြှင့်တင်နိုင်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အင်ဂျင်နီယာပညာရေးတွင် Federation of Engineering Institution of Asia & the Pacific(FEIAP) က တိုင်းကျိုးပြည်ပြုအဆင့်(Nation Building)သတ်မှတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။




မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီအနေဖြင့် အင်ဂျင်နီယာပညာ မြှင့်တင်ရေးနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များအရ-

ယူကေအင်ဂျင်နီယာကောင်စီ(UK Engineering Council)၊

အာဆီယံ အင်ဂျင်နီယာနှင့် နည်းပညာအကယ်ဒမီ(ASEAN Academy of Engineering & Technology- AAET)၊

စင်ကာပူ အင်ဂျင်နီယာပညာရှင်ဘုတ်အဖွဲ့ (Professional Engineers Board, Singapore)၊

မလေးရှား အင်ဂျင်နီယာအသင်း (Institution of Engineer, Malaysia)၊

မလေးရှား အင်ဂျင်နီယာဘုတ်အဖွဲ့ (Board of Engineers, Malaysia)၊

ပါကစ္စတန် အင်ဂျင်နီယာကောင်စီ (Pakistan Engineering Council)၊

ဖိလစ်ပိုင် နည်းပညာဆိုင်ရာကောင်စီ(Philippine Technological Council)၊

ဩစတြေးလျ အင်ဂျင်နီယာများအဖွဲ့ (Engineers, Australia)၊

တရုတ်(တိုင်ပေ) အင်ဂျင်နီယာပညာရေးဆိုင်ရာ အဖွဲ့အစည်း (Institute of Engineering Education, Taiwan-IEET)၊

တရုတ်အင်ဂျင်နီယာအသင်း(China Institute of Engineers)၊

တရုတ် သိပ္ပံနှင့် နည်းပညာအသင်း(China Association for Science & Technology)၊

ကွမ်ရှီးသိပ္ပံနှင့် နည်းပညာအသင်း(Guangxi Association for Science & Technology-GAST)၊

နိုင်ငံတကာအင်ဂျင်နီယာလုပ်ငန်း မဟာမိတ်အဖွဲ့ (International Engineering Alliance) စသော နိုင်ငံတကာမှ အဖွဲ့အစည်း အသင်းအပင်းများနှင့် ဆက်သွယ်၍ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အင်ဂျင်နီယာပညာရေးနှင့် ပတ်သက်၍ နိုင်ငံတကာမှ အင်ဂျင်နီယာပညာရှင်(Professional Engineer)များအတွက် Washington Accord၊ ဘွဲ့ရ နည်းပညာကျွမ်းကျင်သူ(Engineering Technologist) များအတွက် Sydney Accord နှင့် နည်းပညာရှင်(Engineering Technician)များအတွက် Dublin Accord များ ကမ္ဘာတစ်ဝန်း၌ ပေါ်ထွန်းလာခဲ့ပြီးဖြစ်သည်။ တစ်ဖက်တွင်လည်း အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ဘွဲ့နှင့် ဒီပလိုမာသင်တန်းများ ပြီးဆုံးချိန်၌ တတ်မြောက်ရမည့်အရည်အချင်း(Graduate Attributes) ၁၂ ချက်ကို နိုင်ငံတကာ အင်ဂျင်နီယာလုပ်ငန်း မဟာမိတ်အဖွဲ့(I.E.A)က ထုတ်ပြန်သတ်မှတ်ထားသည်။

ဤသည်တို့ကိုအကြောင်းပြု၍ ဘွဲ့လွန်ကာလတွင် လုပ်ငန်းခွင်အသီးသီး၌ ဝင်ရောက်လုပ်ကိုင်နေကြသော အင်ဂျင်နီယာပညာရှင်၊ နည်းပညာရှင်နှင့် နည်းပညာကျွမ်းကျင်သူများအတွက် အရည်အချင်းသတ်မှတ်ချက် (Professional Competencies Agreements)များ ပေါ်ထွက်လာခဲ့သည်။ International Professional Engineers Agreement၊ International Engineering Technologists Agreement နှင့် Agreement for International Engineering Technicians တို့မှ အသက်မွေးဝမ်းကျောင်း ပညာရပ်ဆိုင်ရာ အရည်အချင်း သတ်မှတ်ချက် ၁၂ ချက်စီ အသီးသီး ပေါ်ထွက်လာခဲ့သည်။

မြန်မာနိုင်ငံ၏ အင်ဂျင်နီယာပညာရေးစနစ်တွင် ၂၀၁၃ ခုနှစ်မတိုင်မီကအထိ အင်ဂျင်နီယာဘွဲ့သင်တန်း၊ ဒီပလိုမာသင်တန်းများသာ ရှိခဲ့ပြီး အင်ဂျင်နီယာဘွဲ့ရပြီးနောက် ဆက်လက်လေ့လာရမည့် အထောက်အကူပြုစနစ်၊ အင်ဂျင်နီယာပညာရပ်နှင့်ဆက်စပ်သည့် Professional Development သင်တန်းများ မရှိခဲ့ပေ။ ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥပဒေ ပေါ်ထွက်လာပြီးနောက် အင်ဂျင်နီယာများ၏အရည်အသွေး တိုးတက်မြင့်မားရေးနှင့် ဘွဲ့ရအင်ဂျင်နီယာများ၏ အရည်အသွေးကို နိုင်ငံတကာအဆင့်မီစေရန်အတွက် ဆောင်ရွက်ခဲ့ရာ လက်တွေ့လုပ်ငန်းခွင်နယ်ပယ်သို့ ရောက်ရှိလာသည့် ဘွဲ့ရအင်ဂျင်နီယာများအနေဖြင့် Professional Competency Assessment ရှိလာစေရန် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီက ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသည်။

နည်းပညာတက္ကသိုလ်များအတွက်လည်း အရည်အသွေးစိစစ် အသိအမှတ်ပြုမှုဆိုင်ရာ မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများကို ရေးဆွဲကာ ရန်ကုန်နည်းပညာတက္ကသိုလ်အား အင်ဂျင်နီယာပညာ အရည်အသွေးစိစစ်မှု စတင်ပြုလုပ်ခဲ့သည်ကို တွေ့ရှိရသည်။ ထိုကဲ့သို့ Engineering Assessment & Accreditation လုပ်ငန်းစဉ်များကို မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီက မြန်မာနိုင်ငံကို ကိုယ်စားပြုလျက် အမျိုးသားအဆင့်ဖြင့် ဆောင်ရွက်နေခဲ့ခြင်း၏ အကျိုးရလဒ်အဖြစ် 2017 International Engineering Alliance (IEA) Meeting သို့ တက်ရောက်ရန် ဖိတ်ကြားခံခဲ့ရသည်။

**Washington Accord လျှောက်ထားခြင်း**

အဆိုပါ အစည်းအဝေးက မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၏ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကို အသိအမှတ်ပြုကာ Washington Accord သို့ Provisional Signatory Status စတင်လျှောက်ထားရန်အတွက် ဖိတ်ခေါ်မှုပြုခဲ့ကြောင်းလည်း သိရှိရသည်။ ပုံမှန်အားဖြင့် Provisional Signatory Status စတင်လျှောက်ထား သည့်အချိန်မှစ၍ နှစ်နှစ် ကြာမြင့်မည်ဖြစ်သော်လည်း မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ ကြိုတင်ဆောင်ရွက်ထားမှုအချို့မှာ ပြည့်စုံပြီးဖြစ်သည့်အတွက် တစ်နှစ်တာအတွင်းမှာပင် Status ရရှိနိုင်သည့်နည်းလမ်းဖြင့် လျှောက်ထားရန် ဖိတ်ခေါ်ခံခဲ့ရခြင်းဖြစ်သည်။ ဤသို့ဖြင့် ၂၀၁၈ ဇွန်လက လန်ဒန်၌ကျင်းပခဲ့သော IEA Meeting တွင် လျှောက်ထားခဲ့ရာ ယခုအခါ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီသည် Washington Accord တွင် Provisional Signatory ရရှိခဲ့ပြီဖြစ်သည်။

Provisional Signatory Status ရရှိပြီးပါက Full Signatory ဖြစ်ရန်အတွက် နှစ်နှစ်မှ လေးနှစ်အထိ ကြာမြင့်မည်ဖြစ်ကာ အစောဆုံးအားဖြင့် ၂၀၂၀ တွင်လည်းကောင်း၊ နောက်အကျဆုံးအားဖြင့် ၂၀၂၂ ခုနှစ်တွင်လည်းကောင်း ရရှိနိုင်မည်ဖြစ်သည်။

အကယ်၍ ၂၀၂၀ ပြည့်နှစ်တွင် Full Signatroy ရရှိလျှင် အဆိုပါနှစ်တွင် ဘွဲ့ရရှိကြမည့် မြန်မာအင်ဂျင်နီယာများအနေဖြင့် အစောဆုံးအားဖြင့် ၂၀၂၇ ခုနှစ်တွင် IPEA (International Professional Engineers Agreement)၏ အသိအမှတ်ပြုခြင်းကို ခံကြရနိုင်ပြီး Professional Engineer(PE) ရရှိထားပြီးသော မြန်မာအင်ဂျင်နီယာပညာရှင်တို့ကမူ ထိုအသီးအပွင့်ကို ချက်ချင်းလက်ငင်း ခံစားကြရလိမ့်မည်ဖြစ်သည်။ အကြောင်းမှာ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီက လက်ရှိ ချမှတ် လမ်းဖွင့်ပေးထားသော Path Way အရ ဘွဲ့ရအင်ဂျင်နီယာတစ်ဦးအဖို့ PE လက်မှတ်ရရှိရန် အနည်းဆုံး ခုနစ်နှစ် ကြာမြင့်မည်ဖြစ်သောကြောင့်ပင်။ ဤနေရာတွင် နိုင်ငံတကာသတ်မှတ်ချက်များနှင့် နှိုင်းယှဉ်ပါက မြန်မာအင်ဂျင်နီယာတို့၏ B.E to PE Path Way က အချိန်ကာလ ပိုမိုတိုတောင်းနေသည်ကို သတိပြုသင့်ကြသည်။

**Washington Accord တင်းပြည့်အဖွဲ့ဝင်ဖြစ်ရန်**

မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီအနေဖြင့် မြန်မာနိုင်ငံနှင့် မြန်မာအင်ဂျင်နီယာ လောကကို ကိုယ်စားပြုလျက် Washington Accord တွင် တင်းပြည့်အဖွဲ့ဝင်ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်မှု အောင်မြင်ပါက မြန်မာအင်ဂျင်နီယာပညာရှင်များ(Professional Engineers) အနေဖြင့် အာဆီယံဒေသတွင်းအဆင့်မှ ကမ္ဘာ့အဆင့်သို့ တိုးမြှင့် အသိအမှတ်ပြုခံကြရမည်ဖြစ်သည်။ ထိုကဲ့သို့ အသိအမှတ်ပြုခြင်း ခံကြရပါက မြန်မာအင်ဂျင်နီယာပညာရှင်များအဖို့ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအသီးသီးသို့ သွားရောက်၍ အင်ဂျင်နီယာလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ကြရာတွင် အဆင့်အတန်း ခွဲခြားဆက်ဆံခံကြရခြင်းမှ ကင်းလွတ်ကာ သက်ဆိုင်ရာနိုင်ငံများရှိ Professional Engineer များနှင့် တန်းတူရည်တူ အဆင့်သတ်မှတ်ခံကြရမည် ဖြစ်သည်။

တင်းပြည့်အဖွဲ့ဝင်(Full Signatory) ရရှိနိုင်ရေး ကြိုးပမ်းရာတွင် အခြားနိုင်ငံများနည်းတူ ပုံမှန်အတိုင်း လုပ်ကိုင်ဆောင်ရွက် သွားမည်ဆိုပါက ၂၀၂၂ ခုနှစ်ကျမှသာ ရရှိနိုင်မည်ဖြစ်ရာ Full Signatory ရရှိရေးအတွက် ဖြစ်နိုင်သမျှသော နည်းလမ်းများကို အသုံးချကာ မြန်နှုန်းမြင့်ဖြင့် ဆောင်ရွက်သင့်ကြပေသည်။ အကြောင်းမှာ နိုင်ငံတကာ မျက်နှာစာတွင် အဘက်ဘက်က နောက်ကျကျန်နေခဲ့သော မြန်မာနိုင်ငံ၏ နိုင်ငံသားများအဖို့ နယ်ပယ်ကဏ္ဍအသီးသီး၌ ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံတို့မှ နိုင်ငံသားများထက် ခြေလှမ်းများ ပို၍စိပ်စိပ်လှမ်းရန် လိုအပ်ပြီး ခြေလှမ်းတိုင်းကလည်း လျင်မြန်သွက်လက်ကြဖို့ အထူးပင် လိုအပ်လျက်ရှိနေသောကြောင့်ပင် ဖြစ်သည်။

ထို့ကြောင့်ပင် မြန်မာ့အင်ဂျင်နီယာလောကတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အတိုတောင်းဆုံးသော အချိန်ကာလအတွင်း၌ Washington Accord တွင် Full Signatory ရရှိနိုင်ရေးကို မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီက လုံ့လဉဿဟ စိုက်ထုတ်ကာ မြန်နှုန်းမြင့်ဖြင့် ကြိုးပမ်းဆောင်ရွက်သွားသင့်ကြောင်း တိုက်တွန်း လိုက်ရပေသည်။ ။

**"မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၏ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကို အသိအမှတ်ပြုကာ Washington Accord သို့ Provisional Signatory Status စတင်လျှောက်ထားရန်အတွက် ဖိတ်ခေါ်မှုပြုခဲ့ကြောင်းလည်း သိရှိရသည်။ ပုံမှန်အားဖြင့် Provisional Signatory Status စတင်လျှောက်ထားသည့်အချိန်မှစ၍ နှစ်နှစ် ကြာမြင့်မည်ဖြစ်သော်လည်း မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၏ ကြိုတင်ဆောင်ရွက်ထားမှုအချို့မှာ ပြည့်စုံပြီးဖြစ်သည့်အတွက် တစ်နှစ်တာအတွင်းမှာပင် Status ရရှိနိုင်သည့်နည်းလမ်းဖြင့် လျှောက်ထားရန် ဖိတ်ခေါ်ခံခဲ့ရခြင်းဖြစ်သည်။ ဤသို့ဖြင့် ၂၀၁၈ ဇွန်လက လန်ဒန်၌ကျင်းပခဲ့သော IEA Meeting တွင် လျှောက်ထားခဲ့ရာ ယခုအခါ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီသည် Washington Accord တွင် Provisional Signatory ရရှိခဲ့ပြီဖြစ်သည်"**

# ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကြမ်း**
**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်  ။)**
**၁၃၈၁ ခုနှစ်၊  ရက်**
**(၂၀၁၉ ခုနှစ်၊  လ  ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်၊ စတင်အကျိုးသက်ရောက်သည့်နေ့ရက်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေ အခန်း(၅)ပါ အထူးကုန်စည်ခွန်၊ အခန်း(၆)ပါ ကုန်သွယ်လုပ်ငန်းခွန်၊ အခန်း (၇)ပါ ဝင်ငွေခွန်နှင့် အခန်း (၈)ပါ ရတနာခွန်တို့နှင့် စပ်လျဉ်း၍ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စတင်၍ အကျိုးသက်ရောက်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အခွန်အကောက်** ဆိုသည်မှာ ဤဥပဒေအရ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်၊ အကောက်ခွန်၊ အခ၊ လိုင်စင်ကြေး၊ ပါမစ်ကြေးနှင့် ဒဏ်ကြေးငွေများကို ဆိုသည်။

(ခ) **ဥပဒေ** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များနှင့်စပ်လျဉ်း၍ ထုတ်ပြန်ထားသည့် ဥပဒေများကို ဆိုသည်။

(ဂ) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသော အခွန်အကောက်များကို တာဝန်ယူကောက်ခံသည့် ပြည်ထောင်စုအစိုးရဝန်ကြီးဌာနများနှင့် နေပြည်တော်ကောင်စီတို့ကို ဆိုသည်။

(ဃ) **ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ** ဆိုသည်မှာ နှစ်အလိုက်ထုတ်ပြန်သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့် နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေတို့ကို ဆိုသည်။

(င) **အခွန်နှုန်း** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များကို ကောက်ခံရန်သတ်မှတ်ထားသည့် အခွန်အကောက်နှုန်းများကို ဆိုသည်။

**အခန်း (၂)**

**ကောက်ခံရန် အခွန်လျာထားချက်**

၃။ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြည်ထောင်စု၏ အခွန်ရငွေသည် သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွက် ဤဥပဒေ၏ ဇယား (၁) ပါ အခွန်အကောက် ကောက်ခံရန် လျာထားချက်ဖြစ်သည်။

**အခန်း (၃)**

**အခွန်နှုန်းများ သတ်မှတ်ခြင်းနှင့် အစီရင်ခံခြင်း**

၄။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေပါ အခွန်အကောက်အမျိုးအစားများနှင့် စပ်လျဉ်း၍ ကောက်ခံရန် အခွန်လျာထားချက်များကို ဤဥပဒေပါ အခွန်နှုန်းများဖြင့် ကောက်ခံရမည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေပါ အခွန်အကောက်နှုန်းထားများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်းဆောင်ရွက်လိုလျှင် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်နိုင်ရေးအတွက် တင်သွင်းရမည်။

၆။ (က) သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ဇယား (၁) ပါ အခွန်ကောက်ခံရန် လျာထားချက်အပေါ် ကောက်ခံရရှိမှုအခြေအနေကို သုံးလပတ်အလိုက် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ပေးပို့ရမည်။

(ခ) ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသည် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပေးပို့လာသည့် အခွန်အကောက်ကောက်ခံရရှိမှုစာရင်းများကို စုစည်း၍ ပြည်ထောင်စုအစိုးရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှတစ်ဆင့် သုံးသပ်ချက်ဖြင့် သုံးလပတ်အလိုက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြရမည်။

၇။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေ၏ ဇယား (၁) ပါ အခွန်ကောက်ခံရန် လျာထားချက်အပေါ် ကောက်ခံရရှိမှုအခြေအနေကို ခြောက်လပတ်အလိုက် ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံ တင်ပြရမည်။

**အခန်း (၄)**

**သက်ဆိုင်ရာဝန်ကြီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်**

၈။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ ဇယား (၁) ပါ အခွန်အကောက် ကောက်ခံရန် လျာထားချက်ကို ကောက်ခံရရှိရေးအတွက် တာဝန်ခံစီမံကြီးကြပ်ရမည်။

၉။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေပါ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်နှင့် ရတနာခွန်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ယင်းတို့၏ မူလအဓိပ္ပာယ်မပြောင်းလဲစေဘဲ ရှင်းလင်းစွာ သိရှိလိုက်နာဆောင်ရွက်နိုင်စေရန် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၁၀။ သက်ဆိုင်ရာဝန်ကြီးဌာနသည် အခွန်ပေးဆောင်ထိုက်သူများက ဥပဒေနှင့်အညီ ပေးဆောင်လာစေရေးအတွက် လိုအပ်သည့်သတင်းအချက်အလက်များ၊ ကူညီပံ့ပိုးမှုများကို နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များ၏ အကူအညီကို ရယူနိုင်သည်။

**အခန်း (၅)**

**အထူးကုန်စည်ခွန်**

၁၁။ အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၆ အရ ယင်းဥပဒေ၏ နောက်ဆက်တွဲဇယားများကို အောက်ပါအတိုင်း ပြဋ္ဌာန်းလိုက်သည်-

**အထူးကုန်စည်များ**

(က) အောက်ဇယားပါ အထူးကုန်စည်များနှင့်စပ်လျဉ်း၍ ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန် ကျသင့်စေရမည်-

(၁) တန်ဖိုးအဆင့်အလိုက် အခွန်ကျသင့်စေမည့် ပြည်တွင်း၌ထုတ်လုပ်သည့် အထူးကုန်စည်များဖြစ်လျှင် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနက ဖော်ပြသော ရောင်းဈေးတန်ဖိုး သို့မဟုတ် ဈေးကွက်ပေါက်ဈေး အပေါ် အခြေပြု၍ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက ခန့်မှန်းသတ်မှတ်သည့် ရောင်းဈေးတန်ဖိုး၊ ယင်းတန်ဖိုးနှစ်ရပ်အနက် များရာတန်ဖိုးငွေအပေါ်တွင် လည်းကောင်း၊

(၂) တန်ဖိုးအဆင့်အလိုက် အခွန်ကျသင့်စေရန် သတ်မှတ်ထားခြင်း မရှိသော အထူးကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်လျှင် ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက သတ်မှတ်သည့် တန်ဖိုးအပေါ်တွင် လည်းကောင်း၊

ခြွင်းချက်။ သို့ရာတွင် ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသည့် အထူးကုန်စည်ကို ပြည်ပမှ တင်သွင်းလာသည့် အထူးကုန်စည်နှင့် ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချနိုင်ရန်အလို့ငှာ ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက တန်ဖိုးသတ်မှတ်ရာတွင် အလားတူ အထူးကုန်စည်အတွက် ပြည်ပမှတင်သွင်းရာတွင် သတ်မှတ်သည့် ကုန်းပေါ်ရောက်တန်ဖိုးနှင့် တစ်ပြေးညီဖြစ်စေရေး ဆောင်ရွက်ပေးရမည်။

(၃) ပြည်တွင်းသို့ တင်သွင်းခြင်းဖြစ်လျှင် ကုန်းပေါ်ရောက်တန်ဖိုး သို့မဟုတ် ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက ကြိုတင်ပေးပို့ထားသည့် တန်ဖိုး၊ ယင်းတန်ဖိုးနှစ်ရပ်အနက် များရာ တန်ဖိုးငွေအပေါ်တွင် လည်းကောင်း။

| စဉ် | အထူးကုန်စည် အမျိုးအစား | တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| ၁ | (က) စီးကရက် အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူး ရောင်းဈေး ၆၀၀ ကျပ်အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၈ ကျပ် |
| | (ခ) စီးကရက် အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူး ရောင်းဈေး ၆၀၁ ကျပ် မှ ကျပ် ၈၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၁၇ ကျပ် |
| | (ဂ) စီးကရက် အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူး ရောင်းဈေး ၈၀၁ ကျပ်မှ ကျပ် ၁၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၂၂ ကျပ် |
| | (ဃ) စီးကရက် အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူး ရောင်းဈေး ၁၀၀၁ ကျပ်နှင့် အထက် အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၂၅ ကျပ် |
| ၂ | ဆေးရွက်ကြီး။ | | ၆၀ % |
| ၃ | ဗာဂျီးနီးယား ပေါင်းတင် ပြီးဆေး။ | | ၆၀ % |
| ၄ | ဆေးပေါ့လိပ်။ | | တစ်လိပ်လျှင် ၇၅ ပြား |
| ၅ | ဆေးပြင်းလိပ်။ | | ၈၀ % |
| ၆ | ဆေးတံ သောက်ဆေးများ။ | | ၈၀ % |
| ၇ | ကွမ်းစားဆေး အမျိုးမျိုး။ | | ၈၀ % |
| ၈ | (က) အရက် အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၄၀၀ ကျပ်မှ ကျပ် ၁၀၀၀ အထိအဆင့် ဖြစ်လျှင် | တစ်လီတာ ၁၉၈ ကျပ် |
| | (ခ) အရက် အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၀၀၁ ကျပ်မှ ကျပ် ၂၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၄၂၄ကျပ် |
| | (ဂ) အရက် အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၂၀၀၁ ကျပ်မှ ကျပ် ၃၀၀၀ အထိအဆင့် ဖြစ်လျှင် | တစ်လီတာ ၇၀၇ ကျပ် |
| | (ဃ) အရက် အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၃၀၀၁ ကျပ်မှ ကျပ် ၄၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၉၉၀ ကျပ် |
| | (င) အရက် အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၄၀၀၁ ကျပ်မှ ကျပ် ၅၀၀၀ အထိအဆင့် ဖြစ်လျှင် | တစ်လီတာ ၁၂၇၃ ကျပ် |
| | (စ) အရက် အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၅၀၀၁ ကျပ်မှ ကျပ် ၆၀၀၀ အထိအဆင့် ဖြစ်လျှင် | တစ်လီတာ ၁၅၅၅ ကျပ် |
| | (ဆ) အရက် အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၆၀၀၁ ကျပ်မှ ကျပ် ၇၀၀၀ အထိအဆင့် ဖြစ်လျှင် | တစ်လီတာ ၁၈၃၈ ကျပ် |
| | (ဇ) အရက် အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၇၀၀၁ ကျပ်မှ ကျပ် ၈၀၀၀ အထိအဆင့် ဖြစ်လျှင် | တစ်လီတာ ၂၁၂၁ ကျပ် |
| | (ဈ) အရက် အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၈၀၀၁ ကျပ်မှ ကျပ် ၉၀၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၂၄၀၄ ကျပ် |
| | (ည) အရက် အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၉၀၀၁ ကျပ်မှ ကျပ် ၁၀၀၀၀အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၆၈၆ ကျပ် |
| | (ဋ) အရက် အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၀၀၀၁ ကျပ်မှ ကျပ် ၁၁၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၂၉၆၉ ကျပ် |
| | (ဌ) အရက် အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၁၀၀၁ ကျပ်မှ ကျပ် ၁၂၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၃၂၅၂ ကျပ် |
| | (ဍ) အရက် အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၂၀၀၁ ကျပ်မှ ကျပ် ၁၃၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၅၃၅ ကျပ် |
| | (ဎ) အရက် အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၃၀၀၁ ကျပ်မှ ကျပ် ၁၄၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၈၁၇ ကျပ် |
| | (ဏ) အရက် အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၄၀၀၁ ကျပ်မှ ကျပ် ၁၅၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၄၁၀၀ ကျပ် |
| | (တ) အရက် အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၅၀၀၁ ကျပ် နှင့် အထက်အဆင့်ဖြစ်လျှင် | တစ်လီတာ တန်ဖိုး၏ ၆၀% |
| ၉ | ဘီယာအမျိုးမျိုး။ | | ၆၀ % |
| ၁၀ | (က) ဝိုင် အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ကျပ် ၇၅၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၈၁ ကျပ် |
| | (ခ) ဝိုင် အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၇၅၁ ကျပ်မှ ကျပ် ၁၅၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၂၄၄ ကျပ် |
| | (ဂ) ဝိုင် အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၅၀၁ ကျပ်မှ ကျပ် ၂၂၅၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၄၀၆ ကျပ် |
| | (ဃ) ဝိုင် အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၂၂၅၁ ကျပ်မှ ကျပ် ၃၀၀၀ အထိအဆင့် ဖြစ်လျှင် | တစ်လီတာ ၅၆၉ ကျပ် |
| | (င) ဝိုင် အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၃၀၀၁ ကျပ်မှ ကျပ် ၃၇၅၀ အထိအဆင့် ဖြစ်လျှင် | တစ်လီတာ ၇၃၂ ကျပ် |
| | (စ) ဝိုင် အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၃၇၅၁ ကျပ်မှ ကျပ် ၄၅၀၀ အထိအဆင့် ဖြစ်လျှင် | တစ်လီတာ ၈၉၄ ကျပ် |
| | (ဆ) ဝိုင် အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၄၅၀၁ ကျပ်မှ ကျပ် ၆၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၁၃၈ ကျပ် |
| | (ဇ) ဝိုင် အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၆၀၀၁ ကျပ်မှ ကျပ် ၇၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၄၆၃ ကျပ် |
| | (ဈ) ဝိုင် အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၇၅၀၁ ကျပ်မှ ကျပ် ၉၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၁၇၈၈ ကျပ် |

(ဆက်လက်ဖော်ပြပါမည်)

# မလှိုင်မြို့နယ်၌ ဆင်တုပ်ကွေးဖြစ်ပွားမှု များပြားနေ

**မလှိုင် ဩဂုတ် ၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်အတွင်း ဆင်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှု များပြားလျက်ရှိနေကြောင်း မလှိုင်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

"ဒီရာသီမှာ ဆင်တုပ်ကွေးလို့ခေါ်တဲ့ရောဂါ ဖြစ်ပွားမှုတွေ ရှိပါတယ်၊ အရေအတွက် ဘယ်လောက်ပမာဏအထိ များများစားစားဖြစ်တယ်လို့ ပြောမရတာကတော့ ဖြစ်ပွားတဲ့လက္ခဏာအပေါ် မူတည်ပြီး ကျွန်တော်တို့က ခန့်မှန်းရတာမို့ပါ။ နောက်ပြီး ဖြစ်ပွားတဲ့လူတွေထဲမှာ အချို့ကျတော့ ရောဂါမပြင်းထန်ဘဲ သက်သာသွားတာလေးတွေ၊ အချို့ကျတော့လည်း ကိုယ့်ဘာသာ ဆေးသောက်ပြီး လျော့သွားတာလေးတွေရှိတော့ ကျွန်တော်တို့ဆီကိုရောက်လာတဲ့ လူနာတွေရဲ့လက္ခဏာကို မှန်းဆပြီး ဖြစ်ပွားမှုရှိတယ်ဆိုတာကိုပဲ ပြောရတာပေါ့လေ။ ရောဂါဖြစ်ပွားတဲ့အခါမှာလည်း တစ်အိမ်ထဲမှာ မိသားစုထဲရှိတဲ့သူ အကုန်နီးပါးလောက် ဖြစ်ပွားကြတယ်ဆိုတော့ ကျွန်တော်တို့အနေနဲ့ ခုချိန်မှာတော့ ဖြစ်ပွားမှုများနေပြီလို့ပဲ ပြောရမှာပေါ့"ဟု မလှိုင်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ကုသရေးဌာနမှူး ဒေါက်တာနေမင်းမျိုးထွန်းက ပြောကြားသည်။

ဆင်တုပ်ကွေးရောဂါ ဖြစ်ပွားရသည့် အကြောင်းရင်းမှာ အခြားသော တုပ်ကွေးရောဂါများနည်းတူ ခြင်ကိုက်၍ဖြစ်ပွားရခြင်းဖြစ်ကြောင်း သိရသည်။ "ဆင်တုပ်ကွေးရောဂါဟာ အဓိကအားဖြင့် သွေးလွန်တုပ်ကွေးနဲ့ မှားတတ်ပါတယ်၊ ရောဂါလက္ခဏာအနေနဲ့ တစ်ကိုယ်လုံး ညောင်းမယ်၊ ကိုက်မယ်၊ ခေါင်းတွေကိုက်မယ်၊ အပူကြီးမယ်၊ လမ်းမလျှောက်နိုင်အောင် ဖြစ်တတ်တယ်၊ တချို့ကျတော့လည်း ရောဂါ မပြင်းထန်တာမျိုးရှိတယ်။ ဖျားတာတွေက ငါးရက် တစ်ပတ်ဆို သက်သာသွားပြီး နောက်ဆက်တွဲ လက္ခဏာလေးတွေအနေနဲ့ ကိုက်တာခဲတာ ညောင်းတာညာတာ အဆစ်တွေရောင်တာလေးတွေ အနည်းအကျဉ်း ကျန်နေတတ်ပါတယ်"ဟု ရောဂါလက္ခဏာများကို ၎င်းက ဆက်ပြောပြသည်။

ဆင်တုပ်ကွေးဖြစ်ပွားစေသည့် ခြင်အန္တရာယ်မှကာကွယ်ရန် နည်းလမ်းများနှင့် မလှိုင်မြို့၌ လုပ်ဆောင်ခဲ့ပုံများနှင့် ပတ်သက်၍လည်း ဦးစီးမှူးက "ဒီရောဂါ ကူးစက်တာက ခြင်ကိုက်တာကနေ ကူးစက်တာဆိုတော့ အဓိကအားဖြင့် ခြင်မကိုက်အောင်ဘဲ ကာကွယ်ရမှာပါ၊ အဲဒီတော့ ဖုံးသွန်လှဲစစ် လုပ်ငန်းလေးတွေ၊ လောက်လမ်းမရှိအောင် ဂရုစိုက်မှုတွေ၊ အိမ်ပတ်ဝန်းကျင် သန့်ရှင်းရေးတွေက ရောဂါကာကွယ်ဖို့အတွက် အရေးကြီးပါတယ်၊ လွန်ခဲ့တဲ့ နှစ်လကျော် မိုးရာသီအစလောက်မှာ မြို့ပေါ်ရပ်ကွက်အကုန်လုံးကို ကျွန်တော်တို့က တစ်ရက်တည်း တစ်ချိန်တည်း ကျန်းမာရေးဝန်ထမ်းအင်အား ၆၀ ကျော် စုပေါင်းပြီး ဖုံးသွန်လှဲစစ် လုပ်ငန်းတွေ၊ အတိတ်လို့ခေါ်တဲ့ လောက်လမ်းသေဆေး ခတ်တာတွေ အိမ်တိုင်းစေ့ လုပ်ဆောင်ခဲ့ပါတယ်၊ အဲဒီကနေ ကျွန်တော်တို့ မြို့သူမြို့သားတွေက အလေ့အကျင့်ဖြစ်ပြီး အပတ်စဉ် လုပ်သွားခြင်းအားဖြင့် ခြင်ကနေ ဖြစ်ပွားစေတဲ့ တုပ်ကွေးရောဂါတွေကို ကာကွယ်နိုင်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ သို့သော် အကြောင်းကြောင်းကြောင့် ကျန်နေခဲ့တဲ့ နေရာလေးတွေကနေ ပြန်ပြီး ဖြစ်တာလေးတွေကို ခုချိန်မှာ တွေ့နေရပါတယ်။ ဒါလေးတွေ မဖြစ်ပွားအောင်လည်း ကျွန်တော့်အနေနဲ့ ရောဂါဖြစ်တယ်လို့ သိရှိရတဲ့ နေရာတွေမှာ ကာကွယ်ရေးလုပ်ငန်းများကို တုံ့ပြန်မှုအနေနဲ့ ဆောင်ရွက်နေပါတယ်"ဟု ဆက်လက်ရှင်းပြသည်။

ဆင်တုပ်ကွေးရောဂါသည် အသက်အရွယ်မရွေး ဖြစ်ပွားနိုင်ပြီး အသက်ကြီးသူများနှင့် ရောဂါအခံရှိသူများတွင် ဖြစ်ပွားပါက ရောဂါလက္ခဏာများ ပိုမိုပြင်းထန်လေ့ရှိကြောင်း သိရသည်။

"ဆင်တုပ်ကွေးကို ကာကွယ်ဆေး မရှိသေးပါဘူး၊ ရောဂါကုသရတဲ့ဆေးကလည်း သက်သာအောင်ကုတဲ့ဆေးပဲ ရှိပါသေးတယ်၊ အဲဒါကြောင့် ပြည်သူလူထုက ဆင်တုပ်ကွေးရောဂါ ဖြစ်ပွားပုံ၊ ကူးစက်ပုံ၊ ကာကွယ်ပုံတွေကို သိရှိပြီးတော့ လိုက်နာဆောင်ရွက်ခြင်းအားဖြင့်ပဲ ဒီရောဂါကို ကာကွယ်နိုင်မယ်လို့ ပြောလို့ရပါတယ်။ ရောဂါပြင်းထန်တဲ့အချိန်တွေမှာ ကိုက်တာခဲတာ၊ ဖျားတာနာတာကြောင့် မိသားစုအတွက်ရော နိုင်ငံအတွက်ပါ နစ်နာမှုဆုံးရှုံးမှုတွေ ရှိနိုင်တယ်၊ ဒါကြောင့် နေရာတိုင်း၊ အိမ်တိုင်း၊ ရပ်ကွက်တိုင်းမှာ အမြဲတမ်း တစ်ပတ်တစ်ကြိမ်လောက် ဖုံးသွန်လှဲစစ် လုပ်ငန်းများနဲ့ လောက်လမ်းသေတဲ့နည်းလမ်းများ လုပ်ဖို့၊ ဘယ်အချိန်အိပ်အိပ် ခြင်ထောင်ထောင်အိပ်ဖို့နဲ့ ခြင်မကိုက်အောင် ကာကွယ်တဲ့နည်းလမ်းများ သုံးခြင်းအားဖြင့် ဆင်တုပ်ကွေးရောဂါကို ကာကွယ်နိုင်မယ်လို့ ယုံကြည်ပါတယ်"ဟုလည်း ရောဂါကာကွယ်ရေးအတွက် လိုက်နာရန်နည်းလမ်းများကို ဦးစီးမှူးက ဆက်လက်ပြောကြားသည်။

မလှိုင်မြို့နယ်တွင် ဆင်တုပ်ကွေးရောဂါ ဖြစ်ပွားမှုအရေအတွက် များပြားလျက်ရှိသော်လည်း ယနေ့အချိန်ထိ အဆိုပါရောဂါကြောင့် လူသေဆုံးမှု မရှိကြောင်းလည်း မလှိုင်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ သိရသည်။ **ဘိုဘို (မလှိုင်)**



**ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ဘုရားကြီးရပ်ကွက်၌ မူခင်းကျဆင်းရေး အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၆ ရက်က ပြုလုပ်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မိုးကျော်ကျော်က ရပ်ကွက်နေပြည်သူများအား မူခင်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းမှု ပပျောက်ရေးဆိုင်ရာ သိကောင်းစရာများ ပညာပေးဟောပြောစဉ်။**

သန်းထိုက်

# ရန်ကုန်တိုင်းဒေသကြီးအတွင်း အာဖရိကဝက်အပြင်းဖျားရောဂါဖြစ်ပွားခြင်း လုံးဝမရှိသေးကြောင်း မြို့တော်စည်ပင်မှတာဝန်ရှိသူ ပြောကြား

**သတင်းဆောင်းပါး - ငြိမ်းငြိမ်း**

**ရန်ကုန် ဩဂုတ် ၇**

ရန်ကုန်တိုင်းဒေသကြီးတွင် အာဖရိကဝက်အပြင်းဖျားရောဂါ လုံးဝမရောက်ရှိသေးကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တိရစ္ဆာန်ဆေးကုနှင့် အသားထုတ်လုပ်ရုံများဌာနမှ ဌာနမှူး ဦးမင်းအောင်က ပြောကြားသည်။ မြို့တော်စည်ပင်၏ လုပ်ဆောင်ချက်များနှင့်ပတ်သက်၍ စာနယ်ဇင်းရှင်းလင်းပွဲ၌ မီဒီယာများ၏ မေးမြန်းမှုကို ဖြေကြားရာတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

**ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထား**

လက်ရှိတွင် အာဖရိက ဝက်အပြင်းဖျားရောဂါသည် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်မှုမရှိသေးကြောင်း၊ သို့သော် ယင်းရောဂါနှင့်ပတ်သက်၍ လေ့လာစူးစမ်းမှုများ ပြုလုပ်လျက်ရှိပြီး ကြိုတင်ပြင်ဆင်မှုများလည်း ဆောင်ရွက်ထားကြောင်း ၎င်းက ဆက်ပြောသည်။

"ဒီရောဂါက ရောက်လာတာနဲ့ တစ်ခါတည်း ခြံလိုက်ဖြစ်တဲ့ရောဂါမျိုး ဖြစ်တဲ့အတွက် သိသာထင်ရှားတဲ့ အနေအထားရှိပါတယ်၊ တစ်ကောင်တလေဖြစ်တဲ့ အနေအထား မဟုတ်ပါဘူး၊ နယ်မြေလိုက် ဝက်ခြံလိုက် တစ်ခါတည်းသေသွားတဲ့ အနေအထားမျိုး ဖြစ်ပါတယ်၊ ဒါတွေကိုလည်း ကြိုတင်ပြင်ဆင်ထားတဲ့ အနေအထားမျိုး မွေးကုက ဆောင်ရွက်လျက်ရှိပါတယ်၊ ရန်ကုန်မှာတော့ လုံးဝကို မရောက်ရှိသေးပါဘူး"ဟု ဌာနမှူးက ပြောသည်။

လက်ရှိ ရန်ကုန်တိုင်းဒေသကြီးတွင် ဝက်သားစားသုံးသူများအတွက် တစ်ရက်လျှင် ဝက်ကောင်ရေ ၁၅၀၀ ခန့် ထုတ်လုပ်လျက်ရှိပြီး ဝက်သားထုတ်လုပ်ရေးရုံ နှစ်ရုံရှိကြောင်း၊ ယင်းနှစ်ရုံမှာ ရွာသာကြီး ဝက်သားထုတ်လုပ်ရေးရုံနှင့် အင်းစိန်(ရွာမ) ဝက်သားထုတ်လုပ်ရေးရုံတို့ဖြစ်ပြီး ရွာသာကြီး ဝက်သားထုတ်လုပ်ရေးရုံမှ တစ်ရက်လျှင် ဝက်အကောင်ရေ ၄၅၀ မှ ၅၀၀ ကြားအထိ ထွက်ရှိကာ အင်းစိန်(ရွာမ) ဝက်သားထုတ်လုပ်ရေးရုံမှ တစ်ရက်လျှင် ဝက်အကောင်ရေ ၉၀၀ မှ ၁၀၀၀ ကြား ထွက်ရှိကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ သိရသည်။

**ကြိုတင်ကာကွယ်နိုင်ရန်လိုအပ်**

အာဖရိက ဝက်အပြင်းဖျားရောဂါသည် မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ပြီးခဲ့သည့်နှစ် ဩဂုတ်လကတည်းက ဖြစ်ပွားနေသောကြောင့် မြန်မာနိုင်ငံအနေဖြင့် ကြိုတင်ကာကွယ်နိုင်ရန်လိုအပ်ကြောင်း သိရသည်။ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ဆစ်ဆောင်ပန်နား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မန်ဟိုင်းမြို့၌ မေ ၂၉ ရက်က အာဖရိက ဝက်အပြင်းဖျားရောဂါ စတင်ဖြစ်ပွားခဲ့ကြောင်း စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ၏ ထုတ်ပြန်ချက်အရ သိရပြီး ရောဂါဖြစ်ပွားသည့်ဒေသသည် မြန်မာနိုင်ငံ မိုင်းလားဒေသနှင့် နယ်မြေချင်းထိစပ်နေသည့် နေရာဖြစ်သည်။

တရုတ်နိုင်ငံ စိုက်ပျိုးမွေးမြူရေးနှင့် ကျေးလက်ဒေသရေးရာဝန်ကြီးဌာန(MARA)၏ ထုတ်ပြန်ချက်များအရ ပြီးခဲ့သည့် ၂၀၁၈ ခုနှစ် ဩဂုတ်လ ၃ ရက်က Liaoning ပြည်နယ်မှ စတင်ကာ တရုတ်နိုင်ငံ၌ အာဖရိက ဝက်အပြင်းဖျားရောဂါ စတင်ဖြစ်ပွားခဲ့ပြီး ထိုအချိန်မှစ၍ ၂၀၁၉ မေ ၃၀ ရက်အထိ ၁၀ လအတွင်း ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စုစုပေါင်း ၃၂ ခုတွင် ရောဂါဖြစ်ပွားမှု(outbreak) စုစုပေါင်း ၁၃၆ ခု ဖြစ်ပွားခဲ့ကာ ရောဂါထိန်းချုပ်ရေးအတွက် တရုတ်အစိုးရက ဝက်ကောင်ရေ ၁၁ သိန်းကျော်ကို သုတ်သင်ခဲ့ရကြောင်း သိရသည်။

**ဇီဝလုံခြုံမှုကို မြှင့်တင်ရန်**

သို့ဖြစ်၍ အဆိုပါ အာဖရိက ဝက်အပြင်းဖျားရောဂါ မြန်မာနိုင်ငံအတွင်းသို့ ကူးစက်ပျံ့နှံ့မှုမရှိစေရန် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျ မြှင့်တင်ရန်လိုအပ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှ အသိပေး ထုတ်ပြန်ထားသည်။

အာဖရိက ဝက်အပြင်းဖျားရောဂါကို ကြိုတင်ကာကွယ်နိုင်ရန်အတွက် ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြု ဆောင်ရွက်ရန်၊ ဝက်ခြံများနှင့် ဝက်သားဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်းကို ပုံမှန်ပြုလုပ်ရန်၊ အိမ်မွေးဝက်များကို အပူချိန်ပြင်းပြင်းဖြင့် ချက်ပြုတ်ထားခြင်းမရှိသော စားသောက်ဆိုင်များမှ စားကြွင်းစားကျန်များကျွေးခြင်း မပြုလုပ်ရန်၊ မီးဖိုချောင်ထွက်အသား အပိုင်းအစများကို စားကြွင်းစားကျန်ထဲ မထည့်ရန်နှင့် အိမ်မွေးဝက်များကို မကျွေးရန်၊ အခြားခြံမှ အသုံးအဆောင်ပစ္စည်းများကို ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ရန်၊ အသက်အရွယ်တူ ဝက်များကိုသာ အတူတူ မွေးမြူရန်၊ ဝက်ခြံများကို အပူချိန်၊ စိုထိုင်းဆနှင့် လေဝင်လေထွက် ကောင်းမွန်အောင် ဆောင်ရွက်ရန်၊ ရောဂါကင်းရှင်းကြောင်း စိတ်ချရသော ဝက်ခြံများမှ ဝက်များကိုသာ ဝယ်ယူမွေးမြူရန်၊ ဝယ်ယူသည့်ဝက်များကို မိမိခြံရှိဝက်များနှင့်မရောမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှသာ ရောပြီး မွေးမြူရန် စသည်တို့ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနက အသိပေး နှိုးဆော်ထားသည်။

**အသိပေးနှိုးဆော်ထား**

ထို့အပြင် ပြည်ပမှ တရားမဝင်တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြား ဝက်ထွက်ပစ္စည်းများကို တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်း မပြုကြရန်၊ တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းကို ကာကွယ်ရန်နှင့် တောဝက်များကို ဖမ်းဆီးသတ်ဖြတ်ခြင်းမပြုရန်၊ တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက် သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်း သတင်းပို့ရန်နှင့် ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်း လုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက အသိပေးနှိုးဆော်ထားသည်။

အဆိုပါ အာဖရိက ဝက်အပြင်းဖျားရောဂါသည် ဝက်များတွင်သာဖြစ်ပွားသည့် ရောဂါဖြစ်ပြီး လူကို ကူးစက်တတ်ခြင်းမရှိကြောင်း ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့(OIE)နှင့် ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)တို့က တရားဝင် ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။ ။

# ပုသိမ်ရေကြောင်း သင်္ဘောလိုင်းများ ယနေ့ (ဩဂုတ် ၈ ရက်) ပြန်လည်ပြေးဆွဲမည်

**ပုသိမ် ဩဂုတ် ၇**

ယခင်ရက်က မုန်တိုင်းဘေးအန္တရာယ်စိုးရိမ်ရသောကြောင့် ယာယီပိတ်ထားသော ပုသိမ်မြို့မှ ရေကြောင်းသွား သင်္ဘောလိုင်းများ ဩဂုတ် ၈ ရက်နံနက် ၄ နာရီတွင် ပြန်လည်ဖွင့်လှစ်ပြေးဆွဲသွားမည်ဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီး ရေယာဉ်များ စနစ်တကျပြေးဆွဲရေးကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးမင်းသိဏ်းထံမှ သိရသည်။



"ပြီးခဲ့တဲ့ရက်က မုန်တိုင်းဖြစ်ပေါ်နိုင်တဲ့ အခြေအနေရှိတယ်လို့သိခဲ့ရတယ်။ ၅ ရက်နေ့မှာ လေတိုက်တာ သစ်ပင်တွေလဲတဲ့အထိ ရှိခဲ့တယ်။ သင်္ဘောတွေပြန်အတက်မှာလည်း လှိုင်းတွေရှိခဲ့ပါတယ်။ ကျွန်တော်တို့က အဲဒီသတင်းတွေ ရ ထားတဲ့အတွက် ၅ ရက်နေ့ညမှာပဲ ထွက်မယ့်သင်္ဘောတွေကို အကုန်ပိတ်လိုက်ပါတယ်။ အခု ကျွန်တော်တို့ သင်္ဘောလိုင်းတွေထွက်မယ့် ပြင်ခရိုင်၊ ဟိုင်းကြီး၊ သင်္ကန်းကုန်း၊ ဝက်ကော်၊ ငပုတောအောက်ဘက် သင်္ကယ်သောင် စတဲ့လိုင်းမကြီးတွေဆီကို ရာသီဥတုအခြေအနေတွေ လှမ်းမေးတယ်။ မေးတဲ့အချိန်မှာ ရာသီဥတုက အခြေအနေကောင်းတယ်။ မနေ့က လေဖိအားနည်းရပ်ဝန်းဖြစ်တယ်။ ဒီနေ့မနက်မှာပြန်ပြီးသာယာလာတယ်။ သင်္ဘောလိုင်းတွေ ပိတ်လိုက်တဲ့အခါကျတော့ ပုသိမ်မှာရှိတဲ့ ဒေသပြန်ခရီးသည်တွေအတွက် အခက်အခဲတွေရှိတယ်။ သင်္ဘောတွေပေါ်မှာတက်နေကြရတယ်။

အချို့စရိတ်ပြတ်သွားတဲ့ ခရီးသည်တွေအတွက် သင်္ဘောကကျွေးထားရတယ်။ နောက်တစ်ခုက ကုန်တွေရက်ကြာလာတာနဲ့အမျှ အခက်အခဲတွေရှိလာတယ်။ ကုန်စည်စီးဆင်းမှုပြတ်တောက်ပြီး ရွာတွေအတွက် အခက်အခဲရှိလာပါတယ်။ အခြေအနေကောင်းတာနဲ့ ပြန်ပြီးဖွင့်ပေးဖို့က ကျွန်တော်တို့မှာ စီစဉ်ပြီးသားပါ။ အခု မုန်တိုင်းကလည်း မြန်မာပြည်ဘက်ကိုဦးတည်မယ့် အခြေအနေမရှိတဲ့အတွက် သင်္ဘောလမ်းကြောင်းက ဒေသဆိုင်ရာတွေနဲ့ ရာသီဥတုအခြေအနေကို မပြတ်ချိတ်ဆက်ပြီး ပြန်လည်ဖွင့်ပေးဖို့ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ခရီးသည်တွေ ဘေးကင်းလုံခြုံရေးအတွက်လည်း သင်္ဘောကို စစ်ဆေးဆောင်ရွက်ပြီးမှ ထွက်ခွာခွင့်ပေးမှာဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

သင်္ဘောများထွက်ရာလမ်းကြောင်းတစ်လျှောက်ရှိ ဒေသဆိုင်ရာများ၊ သင်္ဘောမှတာဝန်ရှိသူများနှင့် မပြတ်ချိတ်ဆက်၍ ရာသီဥတုအခြေအနေကို စုံစမ်းကာ ဘေးကင်းလုံခြုံရေးဆောင်ရွက်ပေးထားကြောင်း၊ အသက်ကယ်အင်္ကျီနှင့် ဗောကွင်းများလည်း ခရီးသည်အားလုံးအတွက် ဆောင်ရွက်ပေးထားကြောင်း သိရသည်။

လက်ရှိပုသိမ်မှ ဒေသအသီးသီးသို့ ပြေးဆွဲသော သင်္ဘောလိုင်မကြီး ၁၄ လိုင်းရှိပြီး နေ့စဉ်သင်္ဘောစီးခရီးသည် ၅၀၀ မှ ၆၀၀ အထိရှိကာ ကြက်သွန်၊ ဆန်၊ ဆီ စသော စားသောက်ကုန်များနှင့် စက်သုံးဆီများ၊ ဆောက်လုပ်ရေးပစ္စည်းများကိုလည်း သယ်ယူပို့ဆောင်ပေးလျက်ရှိသည်။

ဟိုင်းကြီးကျွန်းမြို့ ကျောက်ချောင်းသို့သွားမည့် သင်္ဘောစီး ခရီးသည်တစ်ဦးက "ကျွန်မတို့ဆီကို ကုန်းလမ်းကသွားရင် စရိတ်ကုန်ကျမှုပိုပြီးများတဲ့အတွက် ဒီသင်္ဘောလိုင်းတွေကိုပဲ အားကိုးပြီးစီးကြပါတယ်။ ခရီးစရိတ်က ငွေကျပ် ၂၅၀၀ ပဲပေးရတဲ့အတွက် သက်သာပါတယ်။ ဒီလိုရာသီဥတုမှာသွားပေမယ့်လည်း အသက်ကယ်အင်္ကျီတွေ၊ ဗောကွင်းတွေ စီစဉ်ပေးထားတဲ့အတွက် လုံခြုံမှုတော့ ရှိပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့များတွင် ကုန်းလမ်းသွားလာမှုများ ပိုမိုတိုးတက်လာပြီဖြစ်သော်လည်း မြစ်ချောင်းများပေါ်များသော ဒေသဖြစ်သောကြောင့် စရိတ်သက်သာသော ရေကြောင်းလိုင်းကို အားကိုးသွားလာကြသောပြည်သူများ အများအပြားရှိကြောင်း သိရသည်။

**ဧရာဝတီတိုင်းဒေသကြီး (ပြန်/ဆက်)၊ သတင်းအဖွဲ့(၁)**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## လွှတ်တော်နှင့်အိမ်တော်အဆောက်အအုံများထိန်းသိမ်းရေးအဖွဲ့
## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ လွှတ်တော်နှင့်အိမ်တော် အဆောက်အအုံများ ထိန်းသိမ်းရေးအဖွဲ့မှလွှတ်တော်ဝင်းအတွင်း အောက်ဖော်ပြပါ လုပ်ငန်းတစ်ရပ်ချင်းစီအတွက် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်ပါသည်-

(က) လွှတ်တော်အဆောက်အအုံ(၃၁)လုံးအတွင်း နေ့စဉ်သန့်ရှင်းရေး ဆောင်ရွက်ခြင်း
(ခ) လွှတ်တော်ဝင်း(အတွင်း/ပြင်ပ)နှင့် လွှတ်တော်ဝန်ထမ်းအိမ်ရာ (အတွင်း/ပြင်ပ) ရေ/သန့်ပြုပြင်ထိန်းသိမ်းခြင်းနှင့် Operation လုပ်ငန်း
(ဂ) လွှတ်တော်ရှိ (Mitsubishi , Carrier,Daikin)လေအေးပေးစက်များ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း
(ဃ) လွှတ်တော် (B,C,D,J.E)ဆောင်ရှိ Audio& Video System, LED Display Systemအလိုအလျောက် ရုပ်သံရိုက်ကူးရေးစနစ်များ၊ Archiving System များပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း
(င) လွှတ်တော်ဝင်းအတွင်းမြေယာရှုခင်းလုပ်ငန်းဆောင်ရွက်ခြင်း

၂။ တင်ဒါစည်းကမ်းချက်များနှင့်လျှောက်လွှာပုံစံများအား ၉-၈-၂၀၁၉ရက်မှစ၍ ရုံးချိန်အတွင်း လွှတ်တော်နှင့်အိမ်တော်အဆောက်အအုံများထိန်းသိမ်းရေးအဖွဲ့တွင် လာရောက်ဝယ်ယူနိုင်ပါသည်။
၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၉-၉-၂၀၁၉ရက် ၁၅:၀၀နာရီ
၄။ **တင်ဒါဖွင့်မည့်ရက်/အချိန်/နေရာ** - ၁၇-၉-၂၀၁၉ရက် ၁၃:၀၀နာရီ လွှတ်တော်ဝင်း
၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်-

**လွှတ်တော်နှင့်အိမ်တော်အဆောက်အအုံများထိန်းသိမ်းရေးအဖွဲ့**
**ဖုန်း-၀၆၇-၆၉၅၆၅(မြို့ပြဆိုင်ရာလုပ်ငန်းများ)**
**ဖုန်း-၀၆၇-၆၉၅၂၈(ရေသန့်ဆိုင်ရာလုပ်ငန်းများ)**
**ဖုန်း-၀၆၇-၆၉၅၆၇(လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ)**

## CLAIMS DAY NOTICE
## M.V COSMIC TIGER VOY:NO (EAL14)

Consignees of cargo carried by M.V COSMIC TIGER VOY:NO (EAL14) are here by notified that the vessel will arrive on about 9-8-19 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

### မိခင်အမည်မှန်
ညောင်ဦးမြို့နယ်၊ စဥ့်ကူ အထက ကျောင်း တက္ကသိုလ်ဝင်တန်းမှ မယမင်းသူ၏ မိခင်အမည်မှန်မှာ ဒေါ်နီလာဝင်း ၉/ညဥန(နိုင်) ၂၀၁၄၇၉ ဖြစ်ပါကြောင်း။
**ဒေါ်နီလာဝင်း**

### တစ်ဦးတည်းဖြစ်ကြောင်း
မင်းပြားမြို့နယ်၊ ချော်ချောင်းကျေးရွာနေ (ဘ)ဦးကျော်ဇံလှ၏သား မောင်ကျော်မြင့်နိုင် ၁၁/မပန(နိုင်) ၁၃၅၈၄၃ နှင့် ကျော်မြင့်လှိုင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်
ညောင်ဦးမြို့နယ်၊ စဥ့်ကူ အထက ကျောင်း တက္ကသိုလ်ဝင်တန်းမှ မအေးမြဖြူ၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော်နိုင် ၉/ညဥန(နိုင်)၁၅၆၆၂၈ ဖြစ်ပါကြောင်း။
**ဦးကျော်ကျော်နိုင်**

### မိခင်အမည်မှန်
မင်းပြားမြို့၊ အထက (၁) တက္ကသိုလ်ဝင်တန်းမှ မသွယ်သွယ်ခိုင်၏ မိခင်အမည်မှန်မှာ ဒေါ်ခိုင်နှင်းစိုး ၁၁/မပန(နိုင်)၀၉၇၅၄၆ ဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ကြောင်း
စစ်တွေမြို့၊ အထက(မင်းဂံ)၊ နဝမတန်းမှ (ဘ)ဦးဝင်းဗိုလ်၏သမီး မထက်ထက်ဖြိုး (ခ)ခင်အိအိလှိုင်(ခ) မေသူဇာထွန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ကြောင်း
မင်းပြားမြို့၊ မင်းဘာကြီးရပ်ကွက်နေ (ဘ)ဦးမောင်ငယ်၏သား ဦးစံရွှေအောင် ၁၁/မပန(နိုင်)၀၇၀၅၂၇ နှင့် စံရွှေမောင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### အမည်ပြောင်း
မာန်အောင်မြို့နယ်၊ ဒိုးတန်းကုန်းကျေးရွာနေ (ဘ)ဦးအေးရီ ၁၁/မအန(နိုင်)၀၂၂၉၆၉၏သား မောင်ကျော်ဇင်လင်းအား မောင်ကျော်ကျော်နိုင်ဟု ပြောင်းလဲခေါ်ပါရန်။

### မွေးသက္ကရာဇ်အမှန်
မင်းပြားမြို့နယ်၊ ဆင်ကြီးပြင်ကျေးရွာနေ (ဘ)ဦးဖေမြင့်၏သား မောင်အောင်ကိုကိုမြင့် ၁၁/မပန(နိုင်)၁၀၅၂၉၇ ၏ မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင် အောင်လက်မှတ်အရ (၂၈-၁၂-၁၉၉၉) ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်
စစ်တွေမြို့၊ အထက(မင်းဂံ) နဝမတန်းမှ မနှင်းနွယ်စိုးနှင့် ဆဌမတန်းမှ မဟန်နီစိုးတို့၏ ဖခင်အမည်မှန်မှာ ဦးဘိုစောလှိုင် ၁၁/စတန(နိုင်) ၁၀၂၉၆၇ ဖြစ်ပါကြောင်း။

### အမည်မှန်
မြောက်ဦးမြို့၊ အထက-၂၊ တက္ကသိုလ်ဝင်တန်း (A)မှ ရေပက္ကာဝင်း၏ အမည်မှန်မှာ ရေဗက္ကာဝင်း ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးပေါလု ၄/ပလဝ(နိုင်)၀၀၄၀၈၅ ဖြစ်ပါကြောင်း။

### ပျောက်ဆုံးကြောင်း
ကျွန်မ မစန္ဒာငွေ ၁၁/ကတန(နိုင်) ၁၇၄၀၈၉ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၅၂၅၆၅၁၂၅**

### အမည်ပြောင်း
မြောက်ဦးမြို့၊ အထက (၂)၊ တက္ကသိုလ်ဝင်တန်းမှ (ဘ)ဦးရွှေမြအောင် ၁၁/မဥန(နိုင်)၀၂၉၂၈၁ ၏ သမီး လေးလေးဝင်းအား လဲ့လဲ့ဝင်းဟု ပြောင်းလဲခေါ်ပါရန်။

## ဈေးနှုန်းတင်သွင်းလွှာ တင်သွင်းနိုင်ပါကြောင်း ကြေညာခြင်း

ပညာရေးဝန်ကြီးဌာန၊ လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့ (သုတေသန)မှ စွမ်းဆောင်ရည်ဖွံ့ဖြိုးမှုရန်ပုံငွေ အစီအစဉ်ဖြင့် ဆောင်ရွက်မည့် (RFP-15) Baseline Survey of Demand for Competency-based Training Courses in Private Sector Companies (PSCs) inYangon Region and Mon State လုပ်ငန်းအတွက် ၅-၈-၂၀၁၉ ရက်မှ ၃၀-၈-၂၀၁၉ရက်အထိ ဈေးနှုန်းတင်သွင်းလွှာများ တင်သွင်းနိုင်ပါကြောင်းနှင့် အသေးစိတ်ကြည့်ရှုလိုပါက http://www.moe-st.gov.mmနှင့် http://www.themimu.info တို့တွင် ကြည့်ရှုနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

အသေးစိတ်သိရှိလိုပါက ဒေါက်တာဝင်းသန်းထွန်း၊ ညွှန်ကြားရေးမှူး၊ ဖုန်း-၀၆၇-၄၀၇၁၁၂၊ ၀၉-၂၅၀၁၀၁၂၂၉၊ drwinthantun @moe.edu.mm သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့(သုတေသန)**
**ပညာရေးဝန်ကြီးဌာန**

## DMJF, JICPA နှင့် MICPA တို့ပူးပေါင်း၍ Capital Market Training Program သင်တန်းအတွက်
## သင်တန်းသားများခေါ်ယူခြင်း

DMJF, JICPA နှင့် MICPAတို့ပူးပေါင်း၍ Capital Market Training Program သင်တန်းကို တစ်လလျှင် တနင်္ဂနွေနေ့နှစ်ရက်တွင် အမှတ် ၁/၁၉၊ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ရန်ကုန်သင်တန်းကျောင်း၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ သင်တန်းတက်ရောက်လိုသည့် သတ်မှတ်အရည်အချင်းပြည့်မီသူများသည် https://facebook. com/Myanmar - Capital-Markets-Training-Program-111943586807297/တွင် ၂၃-၈-၂၀၁၉ရက် (သောကြာနေ့)နောက်ဆုံးထားပြီးလျှောက်ထားနိုင်ပါသည်။ သင်တန်းနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို https://www.myanmar-icpa.org/ နှင့် https://facebook.com/Myanmar-Capital-Markets-Training-Program- 111943586807297/ တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနနှင့် ကွပ်ကဲမှုအောက်ရှိ မြို့နယ်/မြို့နယ်ခွဲစည်ပင်သာယာရေးဌာနများ၏ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ် (အပိုင်း-၂) ဘတ်ဂျက်ဖြည့်စွက်ရန်ပုံငွေဖြင့် ဝယ်ယူမည့် ကတ္တရာခန့်မှန်းတန် (၄၀၀)အား မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများထံမှ သတ်မှတ်ချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါစနစ် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါ၍ တင်ဒါတင်သွင်းလိုသူများ တင်ဒါတင်သွင်းနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

(က) **တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက်/အချိန်** - ၆-၈-၂၀၁၉ရက်၊ ၀၉:၃၀နာရီ (အင်္ဂါနေ့)
(ခ) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၅-၉-၂၀၁၉ရက်၊ ၁၆:၃၀နာရီ (ကြာသပတေးနေ့)
(ဂ) **တင်ဒါလျှောက်လွှာတင်သွင်းရမည့် နောက်ဆုံးရက်/အချိန်** - ၆-၉-၂၀၁၉ရက်၊ ၁၆:၃၀နာရီ(သောကြာနေ့)
(ဃ) **တင်ဒါ/တင်သွင်းစိစစ်ရွေးချယ်မည့်နေရာ** - ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၊ တောင်ကြီးမြို့

၂။ ကတ္တရာဈေးနှုန်းအရ တန်အရေအတွက် ပြောင်းလဲမှုရှိနိုင်ပါသည်။
၃။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၊ တောင်ကြီးမြို့၊ ဖုန်း-၀၈၁-၂၁၂၃၉၁၅ တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 3H/5086 Mazda Titan SyF 4I Light Truck(၄×၂)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြ ၁၂/ဒလန(နိုင်)၀၁၆၅၆၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်တောင်ပိုင်း)၊သန်လျင်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 9K/5534 Hino Dutro II Truck(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးဝင်း ၁၂/အစန(နိုင်) ၁၅၅၆၆၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ တိုင်းဒေသကြီးရုံးခွဲ**
**(ရွာသာကြီး)၊ ရန်ကုန်မြို့**

**ပတ်စ်ပို့ပျောက်**
လားရှိုးမြို့၊ ရပ်ကွက်(၈)နေ ဦးကွေးရှိန်း၏သမီး မကျိန်းဆွေ ၁၃/လရန(နိုင်)၁၁၈၁၅၈ ၏ ပတ်စ်ပို့နံပါတ် MB-698146ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၇၈၂၇၉၈၀၃**

## ကန့်ကွက်နိုင်ပါကြောင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးခရိုင်၊ လားရှိုးမြို့၊ ရပ်ကွက် (၁)၊ ကွင်းပြင်ပ၊ ဦးပိုင်အမှတ် (၁၇)၊ မြေမျိုး(ယာ)၊ ဧရိယာ ၀ဒသမ၅၀ဧကရှိ ဒေါ်အိအိသိန်း အမည်ပေါက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇) ပျောက်ဆုံးသွားပါသဖြင့် ဒေါ်အိအိသိန်းမှ မိတ္တူမှန်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ၅-၈-၂၀၁၉ရက်မှစ၍ ၁၅ ရက်အတွင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ စာရွက်စာတမ်းအထောက်အထားအခိုင်အမာဖြင့် မည်သူမဆို လာရောက်ကန့်ကွက်နိုင်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ လားရှိုးမြို့**

## သားအဖြစ်မှ တရားဝင်စွန့်လွှတ်ခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)နယ်မြေ(၁၆) ရှမ်းခိုလောင်းနေ ဦးစိုးလင်းအောင်-ဒေါ်ချိုဖြူခိုင်တို့၏သား မောင်ကောင်းခန့်ဟိန်း(ခ)တုံတုံ ၅/ဝသန(နိုင်) ၀၆၂၅၀၈ သည် မိဘများ၏ဆိုဆုံးမမှုကို မနာခံဘဲ မိဘ၊ မောင်နှမ၊ ဆွေမျိုးအသိုင်းအဝိုင်းများကို စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် သားအဖြစ်မှ တရားဝင်စွန့်လွှတ်လိုက်ပါကြောင်း၊ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးစိုးလင်းအောင်**
**၅/ဝသန(နိုင်)၀၀၅၈၉၀**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## ဘဏ္ဍာရေးနှစ်ပြောင်းလဲခြင်းအတွက် အကူးအပြောင်းကာလအတွင်း အခွန်ကောက်ခံမှုလုပ်ငန်းများအတွက် ဆောင်ရွက်သွားမည့် လုပ်ထုံးလုပ်နည်းများကို
## ကြိုတင်အသိပေးခြင်း

၁။ ၂၀၁၈-၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ပုဒ်မ ၄၁ အရ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစတင်၍ နိုင်ငံတော်က ပြင်ဆင်သတ်မှတ်ထားသည့် ဘဏ္ဍာရေးနှစ်နှင့်အညီ ဝင်ငွေနှစ် သို့မဟုတ် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေရရှိသောနှစ်များကို တစ်ပြေးညီဖြစ်စေရေး ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

၂။ ၂၀၁၈-၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ပုဒ်မ ၃၉၊ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်အရ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှအပ ကျန်အခွန်ထမ်းအားလုံးအတွက် ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁ရက်နေ့မှ စက်တင်ဘာလ ၃၀ရက်နေ့အထိ အကျုံးသက်ရောက်မည်ဖြစ်၍ အဆိုပါ ခြောက်လတာကာလနှင့်ပတ်သက်၍ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှအပဖြစ်သော ကျန်အခွန်ထမ်းအားလုံးအတွက် အောက်ဖော်ပြပါကိစ္စရပ်များနှင့်စပ်လျဉ်းသော သတ်မှတ်ချက်လုပ်ထုံးလုပ်နည်းများကို ပြည်တွင်းအခွန်များဦးစီးဌာန၏ Website (www.ird.gov.mm) တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

(က) ကြေညာလွှာ တင်သွင်းခြင်း
(ခ) စည်းကြပ်နှစ် သတ်မှတ်ချက်
(ဂ) လိုက်နာကျင့်သုံးမည့် လုပ်ထုံးလုပ်နည်း။

**ပြည်တွင်းအခွန်များဦးစီးဌာန**

### ဖခင်အမည်မှန်
မော်လမြိုင်မြို့၊ အမှတ် (၉)အခြေခံပညာအထက်တန်းကျောင်း ဆဌမတန်း (B) သင်ရိုးသစ်မှ မပန်းမြင့်မိုရ်၏ဖခင်အမည်မှန်မှာ ဦးမျိုးဗိုလ်ဗိုလ် ၁၀/ကထန(နိုင်)၀၆၇၁၂၁ ဖြစ်ပါကြောင်း။
**ဦးမျိုးဗိုလ်ဗိုလ်**

### ဖခင်အမည်မှန်
ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း) သာယာဝတီခရိုင်၊ မိုးညိုမြို့ အထက(၁) နဝမတန်း (F)မှ မောင်ခန့်ညားအောင်၏ ဖခင်အမည်မှန်မှာ ဦးအေးဇော်မင်း ၇/မညန(နိုင်)၀၅၈၄၈၇ ဖြစ်ပါကြောင်း။
**ဦးအေးဇော်မင်း**

### မွေးသက္ကရာဇ်အမှန်
ပျဉ်းမနားမြို့၊ ရွာကောက်အုပ်စု၊ ပေါင်းလောင်း-၃ အထက(၃) အခြေခံအထက်တန်းကျောင်း အဌမတန်း (ဂ)မှ (ဘ)ဦးကျော်အောင်၏သား သက်ထူးအောင်၏ မွေးသက္ကရာဇ်အမှန်မှာ ၂-၁၂-၂၀၀၅ ဖြစ်ပါကြောင်း။

### အမည်မှန်
စိုင်းအိုက်ခမ်း၏သား နမ့်ခမ်းမြို့ အထက(၁) သတ္တမတန်းမှ စိုင်းစွမ်းခေး၏အမည်မှန်မှာ စိုင်းစွမ်းမောင်ခေး ဖြစ်ပါကြောင်း။
**စိုင်းစွမ်းမောင်ခေး**

### ဖခင်အမည်မှန်
ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း) သာယာဝတီခရိုင်၊ မိုးညိုမြို့နယ် အထက ထိန်တော နဝမတန်း (D)မှ မောင်ချစ်ဇော်ဟိန်း၏ ဖခင်အမည်မှန်မှာ ဦးကျော်မင်းစိုး ၇/မညန(နိုင်)၀၅၈၄၆၃ ဖြစ်ပါသည်။
**ဦးကျော်မင်းစိုး**

### ဖခင်အမည်မှန်
မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ် အထက ရွာသစ်ကျောင်း တက္ကသိုလ်ဝင်တန်း(ခ)မှ မောင်ပြည့်ဖြိုးဝင်း၏ ဖခင်အမည်မှန်မှာ ဦးအေးမြင့် ဖြစ်ပါသည်။

### ဖခင်အမည်မှန်
နမ့်ခမ်းမြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း (C)မှ မိုင်းလုမ်ဆမ်မွန်း၏ ဖခင်အမည်မှန်မှာ ဦးယိုင်ကျော် ၁၃/နခန(နိုင်)၀၁၇၆၄၄ ဖြစ်ပါကြောင်း။
**ဦးယိုင်ကျော်**

### ဖခင်အမည်မှန်
ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း) သာယာဝတီခရိုင်၊ မိုးညိုမြို့နယ် မတော့ကုန်းကျေးရွာမှ မတင်တင်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးငမြ ဖြစ်ပါကြောင်း။
**ဦးငမြ**

### မွေးသက္ကရာဇ်အမှန်
ပျဉ်းမနားမြို့၊ ရွာကောက်အုပ်စု၊ ပန်းခင်း(၁)နယ်မြေ၊ အမှတ်(၄၇)အခြေခံပညာအလယ်တန်းကျောင်း (မင်္ဂလာဗေယျ)၊ သတ္တမတန်း (B)မှ (ဘ)ဦးအေးထွန်း၏သား မောင်ဉာဏ်လင်းထက်၏ မွေးသက္ကရာဇ်အမှန်မှာ ၃-၁၁-၂၀၀၆ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်
နမ့်ခမ်းမြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်းမှ မိုင်းအိုက်ဒါန်းဝင်း၏ ဖခင်အမည်မှန်မှာ ဦးအိုက်ထွန်းဖေ(ခ)ထွန်းလူ ၁၃/နခန(နိုင်)၀၄၄၉၆၃ ဖြစ်ပါကြောင်း။
**ဦးအိုက်ထွန်းဖေ(ခ)ထွန်းလူ**

### ဖခင်အမည်မှန်
ဝမ်းတွင်းမြို့ အထက(ဝမ်းတွင်း) တက္ကသိုလ်ဝင်တန်း(B)မှ မချိုးဝင့်ဝါ၏ ဖခင်အမည်မှန်မှာ ဦးကျော်မင်း ၉/တတဥ(နိုင်)၀၉၄၃၅၇ ဖြစ်ပါကြောင်း။
**ဦးကျော်မင်း**

### မိခင်အမည်မှန်
ကျောက်တံခါးမြို့နယ်၊ အထက (မြို့ချောင်း) တက္ကသိုလ်ဝင်တန်း (A)မှ မမိုးနန္ဒာဇော်ဦး၏ မိခင် ဒေါ်လှလှမြိုင်၏ အမည်မှန်မှာ ဒေါ်လှလှမြိုင် ၇/ကတခ(နိုင်)၀၇၅၉၅၄ ဖြစ်ပါကြောင်း။
**ဒေါ်လှလှမြိုင်**

### ဖခင်အမည်မှန်နှင့်မွေးသက္ကရာဇ်အမှန်
နမ့်ခမ်းမြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း (C) မှ မိုင်းလုမ်ထွန်းနိုင်၏ မွေးသက္ကရာဇ်အမှန်မှာ (၈-၆-၂၀၀၁) ဖြစ်ပြီး၊ ဖခင်အမည်မှန်မှာ ဦးကျော်လှ ၁၃/မတတ(နိုင်)၀၀၀၉၃၄ ဖြစ်ပါကြောင်း။
**ဦးကျော်လှ**

### ဖခင်အမည်မှန်
ဝမ်းတွင်းမြို့၊ အထက (ခွဲ)(၁) တက္ကသိုလ်ဝင်တန်း(B)မှ မောင်အာကာကျော်၏ ဖခင်အမည်မှန်မှာ ဦးရှိုင်းလင်းစိုး ၁၂/တမန(နိုင်)၁၀၁၁၂၈ ဖြစ်ပါကြောင်း။
**ဦးရှိုင်းလင်းစိုး**

### မိခင်အမည်မှန်
စစ်ကိုင်းတိုင်းဒေသကြီး၊ လေရှီးမြို့နယ်၊ ဖွန်သရက်ကျေးရွာနေ ဆွမ္မရာမြို့၊ အထက အဌမတန်းမှ မောင်ထရီးဆန်း၏ မိခင်အမည်မှန်မှာ ဒေါ်ရီထိုင်သေး ၅/လရန(နိုင်)၀၁၀၈၃၆ ဖြစ်ပါကြောင်း။

### မိဘအမည်မှန်
နမ့်ခမ်းမြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်းမှ လွေးအီရွှေငွေ၏ မိဘအမည်မှန်မှာ ဦးအိုက်ထွန်း ၁၃/နခန(နိုင်)၀၄၉၁၀၂နှင့် ဒေါ်ရွှေများ ၁၃/နခန(နိုင်)၀၉၀၁၄၃ ဖြစ်ပါကြောင်း။
**ဦးအိုက်ထွန်း-ဒေါ်ရွှေများ**

### ဖခင်အမည်မှန်
ကျောက်ပန်းတောင်းမြို့နယ်၊ မြို့ရှေ့ အထက တက္ကသိုလ်ဝင်တန်း (D) မှ မမိုးမိုးအောင်၏ ဖခင်အမည်မှန်မှာ ဦးဟန် ၂/ရတန(နိုင်)၀၀၀၄၅၂ ဖြစ်ပြီး ၎င်း၏အမည်မှန်မှာ ဦးဟန်(ခ)ဦးမောင်ဟန်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးဟန်(ခ)ဦးမောင်ဟန်**

### ပျောက်ဆုံးကြောင်း
ကျွန်မ ဒေါ်ချိုချိုမော်(ဘ)ဦးစံခင် ၁၂/မဂဒ(နိုင်)၀၂၀၉၇၄၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၅၀၀၅၅၈၃**

### ဖခင်အမည်မှန်
၂၀၁၉-၂၀၂၀ ပညာသင်နှစ် ဗန်းမော်မြို့၊ အထက(၄) အဌမတန်း (B) မှ ကျောင်းဝင်အမှတ်-၁၆၈၄၆ မောင်ဖွဲ့မင်းလတ်၏ ဖခင်အမည်မှန်မှာ ဦးစိုးလတ် ၁/ဗမန(နိုင်)၀၆၆၄၉၁ ဖြစ်ပါကြောင်း။
**ဦးစိုးလတ်**

### ဖခင်အမည်မှန်
ကျောက်ပန်းတောင်းမြို့နယ်၊ တက်သစ်ကိုယ်ပိုင်ကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်တိုးတက်အောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်မျိုးသင်း ၉/ကပတ(နိုင်)၁၇၈၇၇၈ ဖြစ်၍ ၎င်း၏အမည်မှန်မှာ ဦးအောင်မျိုးသင်း(ခ)ဦးမျိုးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးအောင်မျိုးသင်း(ခ)ဦးမျိုး**

### ပျောက်ဆုံးကြောင်း
ကျွန်မ မအိဖြူ (ဘ)ဦးတင်ဝင်း ၉/ပဗသ(နိုင်)၀၀၇၆၁၆၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၀၃၃၃၄၄၆၀**

### ဖခင်အမည်မှန်
၂၀၁၉-၂၀၂၀ ပညာသင်နှစ် ဗန်းမော်မြို့၊ အထက(၄)၊ နဝမတန်း (C)မှ ကျောင်းဝင်အမှတ်-၁၆၃၁၁ မစန်းမိုးစံ၏ ဖခင်အမည်မှန်မှာ ဦးမောင်မိုး ၁/ဗမန(နိုင်)၀၅၇၆၄၄ ဖြစ်ပါကြောင်း။
**ဦးမောင်မိုး**

### ဖခင်အမည်မှန်
ကျောက်ပန်းတောင်းမြို့နယ်၊ ညောင်ချိုင်းကျေးရွာ အလက(ခွဲ) သတ္တမတန်းမှ မသဇင်ဖြူ၏ဖခင်အမည်မှန်မှာ ဦးသိန်းလင်း ၉/ကပတ(နိုင်)၁၉၅၆၇၇ ဖြစ်၍ ၎င်း၏အမည်မှန်မှာ ဦးသိန်းလင်း(ခ)ဦးသန်းစိုးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးသိန်းလင်း(ခ)ဦးသန်းစိုး**

### ပျောက်ဆုံးကြောင်း
ကျွန်တော် မောင်တက်နေလင်း (ဘ)ဦးတင်ဝင်း ၉/တကန(နိုင်)၂၃၂၂၆၃ ၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၈၂၅၇၂၇၁၁**

### ဖခင်အမည်မှန်
၂၀၁၉-၂၀၂၀ ပညာသင်နှစ် ဗန်းမော်မြို့၊ အထက (၄) သတ္တမတန်း (B)မှ ကျောင်းဝင်အမှတ်-၁၇၁၄၇ မယမင်းလှိုင်၏ ဖခင်အမည်မှန်မှာ ဦးကျော်သန့်ဇင် ၁/ဗမန(နိုင်)၀၆၂၅၈၁ ဖြစ်ပါကြောင်း။
**ဦးကျော်သန့်ဇင်**

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ စလင်းမြို့ အထက(၁) တက္ကသိုလ်ဝင်တန်းမှ မသန်းသန်းအိ၏ ဖခင်အမည်မှန်မှာ ဦးဟန်ဝင်း ၈/စလန(နိုင်)၁၂၁၇၆၅ ဖြစ်ပါသည်။
**ဦးဟန်ဝင်း**

### တစ်ဦးတည်းဖြစ်ပါကြောင်း
နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အမှတ် (၁၈) ရဲတပ်ရင်းနေ မောင်မောင်နိုင် ၁၀/မဒန(နိုင်)၁၀၃၃၈၃နှင့် ဦးမောင်မောင်နိုင်၊ ဦးမောင်နိုင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

### မိဘအမည်မှန်
မင်းဘူး(စကု)မြို့နယ် မကျီးစု အမက ကျောင်းမှ မသက်စုမွန်၏ မိဘအမည်မှန်မှာ ဦးနိုင်မျိုးဝင်း ၈/မဘန(နိုင်) ၁၁၄၃၉၃ နှင့် ဒေါ်သန္တာဝင်း ၈/မဘန(နိုင်)၁၃၄၁၁၀ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်
ကျောက်ပန်းတောင်းမြို့၊ အထက (၁) တက္ကသိုလ်ဝင်တန်း (L) မှ မအိလဲ့ဖြူ၏ ဖခင်အမည်မှန်မှာ ဦးတင်ငွေ ၉/ကပတ(နိုင်)၀၄၈၃၃၃ ဖြစ်ပါကြောင်း။
**ဦးတင်ငွေ**

### ပျောက်ဆုံးကြောင်း
ကျွန်မ နန်းရှဲန်မွမ်း ၁၃/တခလ(နိုင်)၁၀၂၈၇၃ ၏ Passport No (မမှတ်မိ) သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၄၉၆၅၃၀၀**

## စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်း ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲစစ်ဆေးခြင်း

၁။ စစ်တက္ကသိုလ်ဗိုလ်လောင်း၊ တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းနှင့် တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်း လျှောက်လွှာတင်သွင်းသူများသည် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို အောက်ပါအတိုင်းဖြေဆိုကြရမည်-

(က) **တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့**တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

| | | | | |
|---|---|---|---|---|
| (၁) **အင်္ဂလိပ်စာ** | ၀၉၀၀ | နာရီမှ | ၁၁၀၀ | နာရီအထိ။ |
| (၂) **ဇီဝဗေဒ** | ၁၃၀၀ | နာရီမှ | ၁၅၀၀ | နာရီအထိ။ |

(ခ) **တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့**တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

| | | | | |
|---|---|---|---|---|
| (၁) **အင်္ဂလိပ်စာ** | ၀၉၀၀ | နာရီမှ | ၁၁၀၀ | နာရီအထိ။ |
| (၂) **သင်္ချာ** | ၁၃၀၀ | နာရီမှ | ၁၅၀၀ | နာရီအထိ။ |

(ဂ) **စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့**တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

| | | | | |
|---|---|---|---|---|
| (၁) **အင်္ဂလိပ်စာ** | ၀၉၀၀ | နာရီမှ | ၁၁၀၀ | နာရီအထိ။ |
| (၂) **သင်္ချာ** | ၁၃၀၀ | နာရီမှ | ၁၅၀၀ | နာရီအထိ။ |

၂။ စာမေးပွဲများကို အောက်ဖော်ပြပါနေရာများတွင် ဖြေဆိုကြရမည်-

| | |
|---|---|
| (က) **နေပြည်တော်** | အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်းခန်းမ။ |
| (ခ) **မြစ်ကြီးနားမြို့** | တိုင်းစစ်ဌာနချုပ်၊ ဗလမင်းထင်ခန်းမ။ |
| (ဂ) **လားရှိုးမြို့** | တိုင်းစစ်ဌာနချုပ်ခန်းမ။ |
| (ဃ) **တောင်ကြီးမြို့** | တိုင်းစစ်ဌာနချုပ်၊ သံလွင်ခန်းမ။ |
| (င) **နမ့်စန်မြို့** | နမ့်စန်လေတပ်စခန်းဌာနချုပ်ခန်းမ။ |
| (စ) **ကျိုင်းတုံမြို့** | တိုင်းစစ်ဌာနချုပ်၊ ပြည်ငြိမ်းအေးခန်းမ။ |
| (ဆ) **မော်လမြိုင်မြို့** | အထက၊ ရွှေနတ်တောင်။ |
| (ဇ) **မြိတ်မြို့** | တိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်ခန်းမ။ |
| (ဈ) **ရန်ကုန်မြို့** | တပ်မတော်ဆေးတက္ကသိုလ်(ပင်မစာသင်ဆောင်)။ |
| (ည) **ပုသိမ်မြို့** | တိုင်းစစ်ဌာနချုပ်၊ ဧရာဝတီခန်းမ။ |
| (ဋ) **အမ်းမြို့** | တိုင်းစစ်ဌာနချုပ်၊ အမ်းတောင်ခန်းမ။ |
| (ဌ) **မုံရွာမြို့** | အထက(၂)၊ အလုံကျောင်း။ |
| (ဍ) **မန္တလေးမြို့** | အထက(၁၈)၊ နန်းမြို့။ |
| (ဎ) **တောင်ငူမြို့** | တိုင်းစစ်ဌာနချုပ်၊ အေးချမ်းဖြိုးခန်းမ။ |

၃။ မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၊ စာစစ်ဌာနများတွင် ဖြေဆိုကြရမည်။ လျှောက်လွှာတင်သွင်းသူအားလုံး ဝင်ခွင့်စာမေးပွဲဖြေဆိုရန် အတည်ပြုရွေးချယ်သည်။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင် ဖော်ပြထားသည့် ခုံအမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာထုတ်ယူရာ တိုင်းစစ်ဌာနချုပ်များတွင် **ဖြေဆိုရမည့်ခုံအမှတ်နှင့်ဖြေဆိုရမည့်နေရာများ**ကို သွားရောက်ကြည့်ရှုနိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ **နိုင်ငံသားစိစစ်ရေးကတ်**ကို တစ်ပါတည်းယူဆောင်လာရမည်။ **နိုင်ငံသားစိစစ်ရေးကတ်** တင်ပြနိုင်ခြင်းမရှိသူများအား ဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက **သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊ စာစစ်ဌာနများ**တွင် စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**



**Myanmar Sat 2 ပါဝင်သည့် Intelsat 39 ကို ပြင်သစ်ဂီယာနာ အာရိယန်အာကာသဒုံးပျံပစ်လွှတ်ရေးအခြေစိုက်စခန်းမှ လွှတ်တင်နေစဉ်။**

# Myanmar Sat 2 ပါဝင်သည့် Intelsat 39 အောင်မြင်စွာလွှတ်တင်

**နေပြည်တော် ဩဂုတ် ၇**

Myanmar Sat 2 ပါဝင်သည့် Intelsat 39 ကို ယနေ့ နံနက် ၂ နာရီတွင် တောင်အမေရိကတိုက် မြောက်အတ္တလန္တိတ် ကမ်းခြေရှိ ပြင်သစ်ဂီယာနာ အာရိယန် အာကာသဒုံးပျံ ပစ်လွှတ်ရေးအခြေစိုက်စခန်းမှ အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့သည်။

Myanmar Sat 2 ပါဝင်သည့် Intelsat 39 ဂြိုဟ်တုကို Ariane 5 ECA ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ပြီး ယင်းဒုံးပျံတွင် မြန်မာနိုင်ငံပိုင် Myanmar Sat 2 ပါဝင်သည့် Intelsat 39 ဂြိုဟ်တုနှင့် EDRS-C ဂြိုဟ်တုနှစ်လုံး ပါဝင်ကြောင်း သိရသည်။

*စာမျက်နှာ ၉ ကော်လံ ၁* ❄

# ရန်ကုန်- ဒလတံတား ရန်ကုန်ဘက်ခြမ်း စီမံကိန်းပထမအဆင့် ဆောင်ရွက်မည်ဖြစ်၍ မြို့တွင်းပြေးဆွဲလျက်ရှိသော YBS ယာဉ်လိုင်းအချို့ လမ်းကြောင်းပြောင်းလဲပြေးဆွဲမည်

**ရန်ကုန် ဩဂုတ် ၇**

ရန်ကုန်မြို့တော်ကြီးနှင့် တစ်ဖက်ကမ်း ဒလမြို့တို့ ကူးလူးဆက်သွယ်သွားလာမှု အဆင်ပြေရန် အကောင်အထည်ဖော်တည်ဆောက်မည့် ရန်ကုန်- ဒလ တံတားစီမံကိန်းတွင် ယခုလာမည့် ဩဂုတ် ၁၀ ရက် ညပိုင်း၌ ရန်ကုန်ဘက်ခြမ်း စီမံကိန်း ပထမအဆင့် လုပ်ငန်းများကို စတင်ဆောင်ရွက်တော့မည်ဖြစ်ရာ YRTA ဦးဆောင်မှုဖြင့် ရန်ကုန်မြို့တွင်း ပြေးဆွဲပေးလျက်ရှိသော YBS ယာဉ်လိုင်းအချို့ကို ဩဂုတ် ၁၁ ရက် နံနက်ပိုင်းမှစ၍ လုပ်ငန်းစတင်မည့် ဘုန်းကြီးလမ်းမှလမ်းကြောင်းပြောင်းလဲ ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း ယနေ့နံနက် ၁၀ နာရီတွင် YRTA ရုံးချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသော မီဒီယာရှင်းလင်းပွဲမှ သိရသည်။

"ရန်ကုန်- ဒလ တံတားစီမံကိန်းရဲ့ ရန်ကုန်ဘက်ခြမ်း ဘုန်းကြီးလမ်းမှာ ပထမအဆင့် တည်ဆောက်ခြင်းလုပ်ငန်းတွေကို ဩဂုတ် ၁၀ ရက်မှာ စတင်ဆောင်ရွက်တော့မယ်လို့ သိရတယ်။ အဲဒီလို ဆောင်ရွက်တဲ့အခါ ကျွန်တော်တို့ YRTA အောက်မှာရှိတဲ့ YBS ယာဉ်လိုင်းတွေကို လမ်းကြောင်းပြောင်းပြေးဆွဲမယ့် အခြေအနေနဲ့ ပတ်သက်လို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုလည်း တင်ပြထားပါတယ်။ တံတားတည်ဆောက်ရေးအပိုင်းက ရန်ကုန်ဘက်ခြမ်းမှာ ပါဝင်နေတဲ့ ဘုန်းကြီးလမ်းရဲ့ အနော်ရထာလမ်းနဲ့ မဟာဗန္ဓုလလမ်းကြား အစိတ်အပိုင်းကို ဆောင်ရွက်မှာဆိုတော့ ဆက်စပ်နေတဲ့ YBS ယာဉ်အားလုံးကို ဩဂုတ် ၁၁ ရက်ကနေစတင်ပြီး လမ်းကြောင်းပြောင်း

*စာမျက်နှာ ၈ ကော်လံ ၁* ✽

## ပဲခူးနှင့် ဇဝန်မြစ်ရေကြီးမှု အခြေအနေ

**နေပြည်တော် ဩဂုတ် ၇**

ယနေ့ မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ် ရေမှတ်အောက် သုံးပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ဇဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေဝက်ခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ပဲခူးမြို့နယ်နှင့် ငါးသိုင်းချောင်းမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူ များအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# အာရှကလပ် ဖူဆယ်ပြိုင်ပွဲယှဉ်ပြိုင်ရန် VUC အသင်း အပြီးသတ်လူရွေးချယ်

**ရန်ကုန် ဩဂုတ် ၇**

မြန်မာကလပ် VUC အသင်းသည် ထိုင်းနိုင်ငံ၌ ကျင်းပမည့် ၂၀၁၉ အာရှကလပ် ဖူဆယ်ပြိုင်ပွဲယှဉ်ပြိုင်ရန် အပြီးသတ်ကစားသမား ၁၄ ဦး ရွေးချယ်လိုက်ပြီဖြစ်သည်။

VUC အသင်းတွင် **အဖွဲ့ခေါင်းဆောင်**-ဦးနိုင်သောင်းထိုက်၊ **အုပ်ချုပ်သူ**-ဦးဖုန်းပြည့်ဝ၊ **လက်ထောက်အုပ်ချုပ်သူ**-ဦးဖုန်းသစ်အောင်၊ **နည်းပြချုပ်**-ဦးဌေးမြင့်၊ **လက်ထောက်နည်းပြ**-ဦးဇော်ရဲမောင်၊ **ဂိုးနည်းပြ**-ဦးမျိုးပိုင်စိုး၊ **ဂိုး**-ဇော်မျိုးထိုက်၊ ပြည့်ဖြိုးအောင်၊ ကစားသမားများအဖြစ် -ရဲရင့်ဦး၊ သူရ၊ သန့်ဇင်ထွန်း၊ စိုးလင်းထက်၊ မျိုးမြင့်စိုး၊ ကောင်းဇော်ထက်၊ ဝေဇင်ဦး၊ သီဟစိုး၊ ငြိမ်းမင်းစိုး၊ အောင်ဇင်ဦး၊ နိုင်လင်းထွန်း ကျော်၊ ရဲဇော်လှိုင်တို့ ပါဝင်ကြသည်။ VUC အသင်းသည် ပြိုင်ပွဲအတွက် အကြိုပြင်ဆင်ရန် ထိုင်းနိုင်ငံသို့ ကြိုတင်သွားရောက်ခဲ့ပြီး ဩဂုတ် ၅ ရက်တွင် ထိုင်းကလပ် ကာဆမ်ဘန်ဒစ်အသင်းနှင့် ခြေစမ်းပွဲကစားရာ နှစ်ဂိုးစီ သရေကျခဲ့သည်။

*စာမျက်နှာ ၁၂ ကော်လံ ၄* ❖


စေတနာအထူးပြုနိဗ္ဗာန်ဆော် ခင်နန္ဒာ နှင့် သွားစို့နော်

ရန်ကုန် - ဗုဒ္ဓဂယာ တိုက်ရိုက် အမှန်အကန် စရိတ်ငြိမ်း ခရီးစဉ်များ

၈ ရက် / ၁၀ ရက် / ၁၂ ရက် / ၁၅ ရက် / ၁၅ ရက် — စရံ (၂) + သိန်း (ကိုယ်ကတွဲသွားပါ) — ဒေါ်လာ ၆၂၅ / ဒေါ်လာ ၆၇၅ / ဒေါ်လာ ၇၂၅ / ဒေါ်လာ ၇၇၅ / ဒေါ်လာ ၈၂၅

ယခင်နှစ်အတိုင်း ဈေးနှုန်းမတက်ဘဲ နီပေါနိုင်ငံရှိ ဘုရားရှင်၏ ဓါတ်တော်များ ကိန်းဝပ်တော်မူရာ ရာမဂါမ်စေတီ ကုန်းတော်ရာ နှင့် ရောဟိဏီမြစ် စသည့်ဘုရားဌာနများအား ထပ်မံပို့ဆောင်ပေးပါမည်။ ဝါရင့်ဝန်ထမ်းများနှင့်အတူ ဝန်ဆောင်မှုများထပ်မံတိုး၍ ထားပါသည်။သီတင်းကျွတ်/တန်ဆောင်တိုင်များအတွက် ကြိုတင်နေရာယူနိုင်ပါပြီ။

ရက်တို၊ ဟိုတယ် နှင့် သီးသန့်ခရီးစဉ်များ စီစဉ်ပေးပါသည်။ စရံငွေချေ/ဦးရာလူစနစ်

ရန်ကုန် - ဂယာ - ရန်ကုန် လေယာဉ်လက်မှတ်များလည်း ဝယ်ယူရရှိနိုင်ပါသည်။

ရုံးချုပ် - ကွန်ဒို(E)၊ မြေညီထပ်၊ ကမ္ဘာအေးဗီလာအိမ်ရာ၊ ကမ္ဘာအေးစေတီလမ်း၊ (၈)မိုင်၊ မရမ်းကုန်း၊ ရန်ကုန်။ ၀၁-၆၅၅၅၂၀၊ ၆၅၅၈၈၅၊ ၀၉-၅၆၀၀၁၂၃

ရုံးခွဲ - အမှတ်(၁၁၀)၊ မြေညီထပ်၊ (၃၉)လမ်း (အောက်)၊ ကျောက်တံတား၊ ရန်ကုန်။ ၀၁-၂၄၀၀၄၇၊ ၀၉-၅၃၂၁၀၁၂

ရန်ကုန်မြို့တွင်း Home Service

Website : www.khinnandartravel.com Facebook Page - ခင်နန္ဒာဗုဒ္ဓဂယာဘုရားဖူးကုမ္ပဏီ Email : khinnandartravels@gmail.com


## မုန်တိုင်းငယ် အိန္ဒိယဩရိဿကမ်းခြေမြောက်ပိုင်းကို ဖြတ်ကျော်ဝင်ရောက်ပြီဖြစ်

**နေပြည်တော် ဩဂုတ် ၇**

ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသော မုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေမြောက်ပိုင်းကို ဘာလာဆောမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။

**မိုး/ဇလ**